မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၇၈)

ဒို့တာဝန်အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးဆောင်ရွက်ခဲ့ရာ ယခုအခါ လုံးဝအေးချမ်းတည်ငြိမ်နေသည့်အခြေအနေရောက်ရှိ
ပြည်သူများ၏ ကျန်းမာရေးနှင့် လူမှုရေး လူမှုစီးပွားရေးများပုံမှန်ဖြစ်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည့်အချိန်အခါဖြစ်
တည်ငြိမ်အေးချမ်းမှုပျက်ပြားစေမည့် မည်သည့်ကိစ္စကိုမဆို မည်သူတစ်ဦးတစ်ယောက်ကမျှ မပြုလုပ်မိစေရန် အထူးအရေးကြီး

နေပြည်တော်　ဇူလိုင်　၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ အတွင်းရေးမှူးနှင့် ပါတီများမှ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရောက်ရှိကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ပြည်နယ်အစိုးရဝန်ကြီးများနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မောင်တောမြို့ အလယ်သံကျော်ကျေးရွာ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မောင်တောမြို့ ခရိုင်အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် ကွပ်ကဲရေးမှူး ဦးအောင်ကြီးက မောင်တောမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော ဆူပူအကြမ်းဖက်မှုဖြစ်စဉ်နှင့် တည်ငြိမ်အေးချမ်းသွားမှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မောင်တောမြို့ အောင်မြေဗောဓိကျောင်း ယာယီကယ်ဆယ်ရေးစခန်းရှိ ဒေသခံပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။　(သတင်းစဉ်)

တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အား သန်း ၁၉၀ ထုတ်လုပ်ပေးနိုင်မည့်
အစိုးရသစ်၏ တတိယမြောက် ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်

နေပြည်တော်　ဇူလိုင်　၈

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးက အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၏ ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဇော်မင်း၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းတို့ ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း ကြည့်ရှုကြစဉ်။
(သတင်းစဉ်)

အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၏ အနောက်တောင်ဘက် ၉ မိုင်ခန့်အကွာရှိ ကွန်းချောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးများနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ *စာမျက်နှာ ၈ ကော်လံ ၁* ✻

မြန်မာ့အလင်း　ယနေ့ ဖတ်စရာ၊ မှတ်စရာ

ဆွစ်ဇာလန်မှ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် အပြန်ခရီးစဉ် ရာဘတ်မြို့မှ ပျံသန်းထွက်ခွာ　စာ-၄

ကမ္ဘာ့အသေးငယ်ဆုံး မော်တော်ကားထုတ်လုပ်　စာ-၅

သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဓာတ်ပုံများထုတ်ပြန်ရန် နိုင်ငံတကာအာကာသယာဉ်စခန်း၌ ကင်မရာတပ်ဆင်　စာ-၅

မန်ယူကွင်းလယ်ကစားသမား ပတ်ဂျီဆန် ကျူပီအာအသင်းသို့ပြောင်းပြီ　စာ-၁၁

9-7 (01).pmd　1　7/9/2012, 2:43 AM

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၁၂ ခုနှစ် ဇူလိုင် ၉ ရက်)

ချစ်စကိုရှည်စေလိုလျှင်

ဤလောက၌ မည်သူတစ်ဦးတစ်ယောက်မျှ အမုန်းတရားကိုမခံယူလိုကြ။ လူအများ၏အမုန်းခံရမည်ကို ကြောက်ရွံ့တတ်ကြသည်။ အကြင်သူသည် လူတစ်ဦး၏မုန်းခြင်းကိုခံရသည်ရှိသော် ထိုသူမှာစိတ်မချမ်းမသာဖြစ်ရတတ်သည်။ အမုန်းမီးသည် တငွေ့ငွေ့လောင်ကျွမ်းတတ်၏။ အချိန်မီမငြိမ်းသတ်နိုင်ခဲ့သည်ရှိသော် တဖြောင်းဖြောင်း၊ တဟုန်းဟုန်း၊ တအုန်းအုန်းလောင်မြိုက်တတ်သော သဘောရှိသည်။ ထို့ကြောင့် မုန်းစကိုတိုစေ၊ ချစ်စကိုရှည်စေ ဆိုသည့်စကားအတိုင်း လူတစ်ဦး၏အမုန်းခံရပြီဆိုလျှင် ထိုအမုန်းကို အမြန်ဆုံးပြေပျောက်အောင် ကြိုးစားသင့်ပေသည်။

အခါတစ်ပါး၌ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ရ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသသည် သက်တော်ထင်ရှားရှိစဉ်က မုန်းသူအား ချစ်လာအောင်ပြုလုပ်ခဲ့ဖူးသည်ဟုဆို၏။ ဆရာတော်ကြီးသည် တစ်နေ့သ၌ မင်းကွန်းအရပ်တွင် မစိုးရိမ်ဆရာတော်ကြီးထံ စာဝါလိုက်နေစဉ်ဆရာတော်ကြီးက ဤသို့ဆုံးမတော်မူ၏။ "ဦးပဥ္စင်း လောကမှာကိုယ်နဲ့ဆန့်ကျင်ဘက်ရန်သူတစ်ယောက်ရှိနေခြင်းဟာ အဆင်းရဲဆုံးပဲ" ဟူ၍ ဆုံးမတော်မူလေသည်။

ထိုစဉ်က ဆရာတော်ဦးဝိစိတ္တအား အမြဲရန်လုပ်နေသော ဘုန်းကြီးတစ်ပါးရှိနေသည်ကို အကြောင်းပြု၍ မစိုးရိမ်ဆရာတော်ကြီးက ဆုံးမခဲ့ခြင်းဖြစ်၏။ ဆရာတော်ဦးဝိစိတ္တလည်း ထိုအချိန်မှစ၍ အမြဲတမ်းရန်ပြုနေသောဘုန်းကြီးအား အထူးမေတ္တာပို့ပေးခြင်း၊ စားကောင်းသောက်ဖွယ် အထူးအဆန်းလေးများ ရရှိလာပါကလည်း မသုံးစွဲဘဲထိုဘုန်းကြီးထံသို့ ကိုယ်တိုင်သွားရောက်လှူဒါန်းခြင်းပြုလေ၏။ ထို့အပြင် ညနေခင်းနှင့် အားလပ်ချိန်များတွင် ၎င်းအပေါ်ကဏ္ဍကောစပြုလုပ်နေသည့်ဘုန်းကြီးထံသို့ အကြောင်းမရှိအကြောင်းရှာ သွားရောက်ကာ စကားစမြည်ပြောလေ့ရှိသည်။ ရက်ကြာလာသည့်အဆုံး၌ မေတ္တာဓာတ်ကြောင့် အမုန်းစိတ်များပျောက်ကာ ချစ်ခင်လာရတော့၏။ ဤသည်မှာ အမုန်းမီးကိုငြိမ်းအေးစေသည့် နည်းလမ်းကောင်းပေတည်း။

အလားတူ အမုန်းမီးကိုငြိမ်းသတ်ပြီး ချစ်စကို ရှည်စေခဲ့သည့် သာဓကတစ်ခုလည်း ရှိသေး၏။ ဗုဒ္ဓသုဘဒ္ဒါမိဖုရားသည် ရှေးတမလွန်ဘဝက ခါခြင်ကောင်အကိုက်ခံရသည်ကို အကြောင်းပြု၍ ဆဒ္ဒန်ဆင်မင်းအပေါ် ရန်ငြိုးထားခဲ့လေသည်။ နောင်လွန်သောဘဝ၌ ဆဒ္ဒန်ဆင်မင်းသည် ချစ်စကိုရှည် မုန်းစကိုတိုစေလို၍ ဗုဒ္ဓသုဘဒ္ဒါအလိုရှိအပ်သော သူ၏ အစွယ်ကိုဖြတ်၍ ပေးဆက်ခဲ့လေသည်။ ဤသို့လျှင် ဆဒ္ဒန်ဆင်မင်းသည် ချစ်စကိုရှည်စေရန် ကြံဆောင်ခဲ့သည်။

ဤလောကတွင်လည်း စီးပွားရေးအတွက်သော် လည်းကောင်း၊ ဂုဏ်ပကာသနအတွက်သော်လည်းကောင်း၊ အခြားသောအကြောင်းတစ်စုံတစ်ရာအတွက်သော် လည်းကောင်း အချင်းချင်းမနာလိုမုန်းတီးခြင်း၊ ချောက်တွန်းခြင်း၊ ကဲ့ရဲ့ပြစ်တင်စကားဆိုခြင်းစသော အမုန်းတရားများတိုးပွားလာကြ၏။ ဤသို့အမုန်းတရားများ တိုးပွားလာခြင်းကြောင့် အဆုံး၌ အချင်းချင်းခိုက်ရန်ဒေါသဖြစ်ခြင်း၊ သတ်ဖြတ်ခြင်းစသော ပျက်သုဉ်းခြင်းသို့ ရောက်လေ၏။

ထို့ကြောင့် လူတစ်ဦးသည် အမုန်းခံနေရပြီဆိုလျှင် အမြန်ဆုံး ပြန်လည်ချစ်ခင်လာအောင် ပြုကျင့်ဆောင်ရွက်သင့်၏။ အမုန်းခံရသူသည် အမုန်းပွားသူအား လိုအပ်သောစားကောင်းသောက်ဖွယ်များ လက်ဆောင်ပေးကမ်းခြင်း၊ လိုအပ်သောအကူအညီများပေးခြင်း၊ စကားစမြည်ပြောဆိုခြင်းစသည်ဖြင့် မုန်းသူကိုချစ်အောင်ပြုသင့်ပေ၏။

သို့ဖြစ်၍ လူတိုင်း လူတိုင်းသည် အမုန်းခံရပြီဆိုလျှင် အမြန်ဆုံးအမုန်းမီးကို ငြိမ်းအေးစေသင့်သည်။ ချစ်စကို ရှည်စေလိုလျှင် အမုန်းမီးကို ငြိမ်းသတ်သင့်သည်။ အမုန်းမီးကို အချိန်မီငြိမ်းသတ်နိုင်စွမ်းမရှိလျှင် အဆုံး၌ နှစ်ဦးနှစ်ဖက် ခိုက်ရန်ဒေါသများဖြစ်ပွားကာ ပျက်သုဉ်းခြင်းသို့ရောက်တတ်သည်ကို ဆင်ခြင်သုံးသပ် သတိချပ်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

နည်းပညာတက္ကသိုလ် (သန်လျင်)၌ ယာဉ်စည်းကမ်းပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၈

နည်းပညာတက္ကသိုလ်(သန်လျင်)၌ ပြေးဆွဲလျက်ရှိသော ကျောင်းကြို/ပို့ယာဉ်များ၊ ယာဉ်လိုင်းကိုယ်စားလှယ်များ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ကျင်းပသည်။ ရှေးဦးစွာ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာကေသီလွင်က အမှာစကားပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ သန်လျင်မြို့နယ်တာဝန်ခံဒုတိယရဲအုပ်နိုင်လင်းထွန်းနှင့် နည်းပညာတက္ကသိုလ် (သန်လျင်) ဌာနမှူး(စီမံ) ဦးမောင်မောင်ဝင်းတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောကြသည်။ ထို့နောက် ပါမောက္ခချုပ်က လိုအပ်ချက်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (အပေါ်ပုံ) (ဝ၄၉)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

မိုင်းပျဉ်း ဇူလိုင် ၈

မိုးပွင့်အဆင့်(၃)စီမံချက်အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးဝန်ထမ်းများက ကျေးရွာအုပ်စုအလိုက် ဆောင်ရွက်ပြီးစီးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၇ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဦးလှမင်းနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စုအလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်လဝက)

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်

ရန်ကုန် ဇူလိုင် ၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၇ ရက် နံနက် ၁၁ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ အတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းအလိုက် ပြိုင်ပွဲများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အထောက်အကူပြု ဈေးကွက်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် SAIL Marketing & Communication Co., Ltd. နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် SAIL Marketing & Communication Co., Ltd. Chief Executive Officer Mr. John Handley တို့က ဈေးကွက်ဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာပဒေသာစာကြည့်တိုက်ဆောက်လုပ်ရန် ဓနုဖြူ၌ အလှူငွေများပေးအပ်လှူဒါန်း

ဓနုဖြူ ဇူလိုင် ၈

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ဆကာကြီးကျေးရွာ၌ အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးစန်းလွင်အားဂုဏ်ပြုသောအားဖြင့် ပညာပဒေသာစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၈ ရက်က ကျင်းပရာ မိတ္ထီလာမြို့နေ အရာခံဗိုလ်ဝင်းဦးနှင့်ဇနီးဒေါ်ဖြူဖြူဌေးမိသားစုတို့က မတည်ငွေကျပ် ကိုးသိန်းကို ပညာပဒေသာစာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှဆန်းထံပေးအပ်လှူဒါန်းသည်။

ပညာပဒေသာစာကြည့်တိုက်ကို ဆကာကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ အလျားပေ၃၀၊ အနံပေ၂၀ အကျယ်အဝန်းဆောက်လုပ်လျက်ရှိရာ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းလိုပါက ဦးလှဆန်း ဖုန်း-၀၉-၄၉၂၃၇၃၇၂၊ ဦးကျင်ထိန် ဖုန်း-၀၉-၈၅၈၀၇၃၆၊ ဦးတိုက်စိုး ဖုန်း-၀၉-၈၅၈၀၇၃၈၊ ဦးဝင်းမြင့် ဖုန်း-၀၉-၈၅၈၀၆၇၆နှင့် ရန်ကုန်မြို့နေ ဦးကြည် ဖုန်း-၀၉-၅၀၆၀၇၅၈၊ ဦးတင်ယု (စာရေးဆရာချစ်ကိုကိုယု)ဖုန်း-၀၉-၄၃၁၆၉၀၂၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ တင်ထွေး(သတင်းစဉ်)

မင်းကင်းမြို့နယ်၌ ကျောင်းဆောင်သစ်ရေစက်ချ

မင်းကင်း ဇူလိုင် ၈

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် တင်ဘက်ကျေးရွာအုပ်စု ဦးကြီးကျေးရွာ ကျေးရွာပြည်သူများ၊ အလှူရှင်များဖြင့် ဆောက်လုပ်ခဲ့သော သုခကာဒီ နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချပွဲ အခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၈ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ဆရာတော်အမှူးပြုသော သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။ အဆိုပါ နှစ်ထပ်ကျောင်းဆောင်သည် အကျယ်အဝန်းပေ ၃၀×၅၀×၂၀ ရှိပြီး ကျေးရွာပြည်သူ၊ အလှူရှင်များ၏ လှူဒါန်းငွေကျပ်သိန်း ၄၀၀ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

စဉ့်ကူးမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

စဉ့်ကူး ဇူလိုင် ၈

စဉ့်ကူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက် နံနက် ၇ နာရီက စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှဝင်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စန်းနှင့် အဖွဲ့ဝင်များက ယူကလစ် ၁၅၆ ပင်၊ ကျွန်း ၅၁၅ ပင်၊ တမာ ၁၆၉ ပင်နှင့် မဲဇလီပင် ၁၇၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (၄၃၃)

မိုးစပါးစိုက်စရိတ်ချေးငွေ ဝက်လက်မြို့နယ်၌ပေးအပ်

ဝက်လက် ဇူလိုင် ၈

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သားနားကျေးရွာ လယ်ယာကုန်ထုတ်အသင်းမှ အသင်းသားများအတွက် ဇေယျာပဒေသာဖောင်ဒေးရှင်းက ဒုတိယအကြိမ်စိုက်စရိတ်ချေးငွေပေးအပ်ပွဲကို ဇွန် ၂၉ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးချစ်ယုက လယ်သမားများအပေါ် နိုင်ငံတော်ကထားရှိသော စေတနာကိုလည်းကောင်း၊ အသင်းဥက္ကဋ္ဌ ဦးအောင်ငြိမ်းက ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးမာက အသင်းသားလယ်သမားတစ်ဦးချင်းထံသို့ မိုးစပါးစိုက်စရိတ်ချေးငွေများကို ပေးအပ်သည်။

အဆိုပါမိုးစပါးစရိတ်ချေးငွေကို အသင်းသား ၁၆၈ ဦးအတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၄၆ ဒသမ ၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် သ/မ)

ဇူလိုင် ၃ ရက်က **Dr. Jonathan Chang M.D & Veronica Chang (USA)** မိသားစုက မြန်မာနိုင်ငံဆရာဝန်အသင်း အရေးပေါ်သူနာတင်ပို့ဆောင်ရေး ဖောင်ဒေးရှင်းအတွက် Pulseoximeter စက်နှစ်လုံးနှင့် **Defibrillator** စက်နှစ်လုံးကို မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်မြင့်နိုင်နှင့် ကော်မတီဝင်များထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ပညာမြင့်မှ လူမျိုးတင့်မည်

မိုးစပါးနည်းပညာပေး ဟောပြောပွဲနှင့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချပွဲကျင်းပ

လပွတ္တာ ဇူလိုင် ၈

လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ၂၀၁၂-၂၀၁၃ ခုနှစ် မိုးစပါးနည်းပညာပေး ဟောပြောပွဲနှင့်ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချပွဲအခမ်းအနားကို ကျောက်မော်ကျေးရွာအုပ်စု တောင်သူဦးမောင်ဌေး လယ်မြေတွင် ဇူလိုင် ၂ ရက် နံနက်ပိုင်းက ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကံဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးလှဝေ၊ တိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ ဦးဟန်ညွန့်နှင့် လပွတ္တာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်တို့က စိုက်ပျိုးရေးနည်းပညာများကို တောင်သူများသို့ ရှင်းလင်းဆွေးနွေးခဲ့ပြီး ပုလဲသွယ်စပ်မျိုးစပါးများကို ပေးအပ်သည်။

ယင်းနောက် လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်လှိုင်နှင့် ဝန်ထမ်းများက မျိုးစပါးဆားရည်စိမ်၊ သန့်စင်သည့်နည်းကို လက်တွေ့ပြသပြီး ပုလဲသွယ်စပ်မျိုးစပါးအား တာဝန်ရှိသူများက စုပေါင်းမျိုးစေ့ချပေးခဲ့ကြောင်း သိရှိရသည်။ (ဝဲပုံ) (ခရိုင်စိုက်ပျိုးရေး)

○ ရှေ့ဖုံးမှ

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကိုမေးမြန်းပြီး ပြန်လည်ဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များလိုက်ပါလျက် မောင်တောမြို့ အောင်မြေဗောဓိကျောင်းရှိ ယာယီကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး ပဓာန နာယကဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အဖွဲ့ဝင်များနှင့်အတူ ဒေသခံပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်၍ အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မောင်တောမြို့မှ ပြန်လည်ထွက်ခွာလာခဲ့ကြပြီး စစ်တွေမြို့၌ ညအိပ်ရပ်နားကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၈ ရက် နံနက် ၇ နာရီခွဲတွင် စစ်တွေမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာခဲ့ကြပြီး ရသေ့တောင်မြို့သို့ ရောက်ရှိကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့ မေယုခန်းမသို့ သွားရောက်ကြပြီး ယာယီကယ်ဆယ်ရေးစခန်းရှိ ဒေသခံပြည်သူများအား အားပေးစကားများပြောကြားကာ ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့သို့ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာခဲ့ကြပြီး စစ်တွေမြို့ စက်ရုံစုရပ်ကွက်ရှိ ဦးရဲကျော်သူကျောင်းတိုက် ယာယီကယ်ဆယ်ရေးစခန်း၌ ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ယာယီကယ်ဆယ်ရေးစခန်းအချို့ ဖွင့်လှစ်ထားရှိမှုကိုကြည့်ရှုပြီး သင်္ကေပြင်ကယ်ဆယ်ရေးစခန်း၌ အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံ

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်တွေလေဆိပ်ဧည့်ခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သောပဋိပက္ခများကြောင့် ဒုက္ခတွေ့နေရသည့် တိုင်းရင်းသားများ၊ ပြည်သူများနှင့် ဒေသအတွင်း နေထိုင်ကြသူများကို မိမိတို့လွှတ်တော်ကိုယ်စားလှယ်များက စာနာစိတ်အပြည့်အဝရှိကြောင်း၊ ထိုသို့ဒုက္ခမျိုး ထပ်မံဖြစ်ပွားမှုမရှိစေလိုကြောင်း၊ အချင်းချင်းသည်းခံနားလည်မှုများဖြင့် ဆက်လက်နေထိုင်သွားရန်ဖြစ်ကြောင်း၊ မိမိတို့သည် အမျိုးသားအကျိုးစီးပွားနှင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ဆောင်ရွက်ရာတွင် ကမ္ဘာ့မိသားစုဝင်နိုင်ငံများနှင့် သဟဇာတ ညီညွတ်မျှတစွာ နေထိုင်သည့်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် မိမိနိုင်ငံ၏ အကျိုးစီးပွား၊ တိုင်းရင်းသားများ၏ အကျိုးစီးပွား၊ တိုင်းရင်းသားများ၏ အကျိုးစီးပွားများကို ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံက လက်ခံထားသော Convention၊ Treaty စာချုပ်စာတမ်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွင်းရှိ တည်ဆဲဥပဒေများကိုလည်း လေးစားလိုက်နာရမည် ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်ပဋိပက္ခများ စတင်ချိန်ကပင် တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ကြရန်လည်းကောင်း၊ နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေကြေညာခြင်းကို အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ခဲ့၍လည်းကောင်း ပြည်နယ်အစိုးရနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့ဝန်ထမ်းများ၊ ပြည်သူများ၊ နိုင်ငံရေးပါတီများ ပါဝင်ကြ၍ ပြည်နယ်အတွင်းတည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်ခဲ့ရာ ယခုအခါ လုံးဝအေးချမ်း တည်ငြိမ်နေသည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေမည့် မည်သည့်ကိစ္စကိုမဆို မည်သူတစ်ဦးတစ်ယောက်၊ မည်သည့်အဖွဲ့အစည်းကမျှ မပြုလုပ်မိရန် အထူးအရေးကြီးလိုအပ်ကြောင်း။

ယနေ့အဖို့ ကယ်ဆယ်ကူညီရေးလုပ်ငန်း၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်ကြောင်း၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ ပုံမှန်ဖြစ်စေရေးအတွက်လည်းကောင်း၊ ကျောင်းသား ကျောင်းသူများ ကျောင်းတက်ပြီး ပညာသင်ကြားရေးအတွက် လည်းကောင်း၊ ပြည်သူများ၏ ကျန်းမာရေးနှင့် လူမှုရေး၊ လူမှုစီးပွားရေးများ ပုံမှန်ဖြစ်ရေးအတွက်လည်းကောင်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည့် အချိန်အခါဖြစ်ကြောင်း။

လုံခြုံရေး၊ ကာကွယ်ရေးအတွက် တာဝန်ရှိသူများ၏ တာဝန်သိသိ၊ တာဝန်ကျေကျေဆောင်ရွက်ပေးခဲ့မှုများကိုလည်း ဒေသခံပြည်သူအားလုံးက ကျေးဇူးတင်ရှိကြောင်းနှင့် ဆက်လက်မြှင့်တင်ဆောင်ရွက်ပေးစေလိုကြောင်းကို ကြားသိထားရ၍ လုံခြုံရေး၊ ကာကွယ်ရေး၊ အုပ်ချုပ်ရေးအပိုင်းမှတာဝန်ရှိသူများကလည်း ပြည်သူများ၏ ယုံကြည်အားကိုးမှုကို ဆက်လက်ခံယူရရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အကြမ်းဖက်ပဋိပက္ခဖြစ်၍ ယခုကဲ့သို့ ဒုက္ခများကြုံတွေ့ခံစားနေရခြင်း၊ စိုးရိမ်သောကနှင့် ထိတ်လန့်မှုများ သက်သာ ပျောက်ကင်းသွားရန်နှင့် နောက်ထပ်မဖြစ်ကြရလေအောင် ဖြစ်ပေါ်ခဲ့သောအခြေအနေအရပ်ရပ်အား ပြန်လည်သုံးသပ်သင်ခန်းစာရယူပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဥပဒေပြုသမားများဖြစ်ကြသော လွှတ်တော်ကိုယ်စားလှယ်များသည်လည်း သက်ဆိုင်ရာဥပဒေများကို ပြန်လည်သုံးသပ်ပြီး နိုင်ငံသားများ၏ အခြေခံမူလအခွင့်အရေးကို အလေးထားရမှာဖြစ်သလို တိုင်းရင်းသားများ၏ အကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်မည့် ဥပဒေပြုရေးအတွက်လည်း အလေးထားစဉ်းစားသုံးသပ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ပါတီများမှ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ နေ့တွက်စရိတ်သုံးရက်စာနှင့် ထပ်ဆောင်းလှူဒါန်းငွေ စုစုပေါင်းငွေကျပ် ၁၂၉၃၀၀၀၀ ကိုလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းငွေကျပ်သိန်း ၂၀၀ ကိုလည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦး၏ လှူဒါန်းငွေကျပ်နှစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းတင်လွှာများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ညနေ ၃ နာရီ ၄၅ မိနစ်တွင် စစ်တွေမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရသေ့တောင်မြို့ကယ်ဆယ်ရေးစခန်းများ၌ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စစ်တွေမြို့ စက်ရုံစုရပ်ကွက်ရှိ ဦးရဲကျော်သူကျောင်း တိုက်ယာယီ ကယ်ဆယ်ရေးစခန်းရှိ ဒေသခံပြည်သူများအားထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကြစဉ်။
(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

ရမည်းသင်း ဇူလိုင် ၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ဇူလိုင် ၃ ရက် နံနက် ၉ နာရီက မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ကျင်းပသည်။ ရှေးဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက မြန်မာအမျိုးသမီးများ စောင့်ထိန်းရမည့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာအကြောင်းကို ပြောကြားပြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆုရရှိသူများကို ဆုများချီးမြှင့်သည်။ (၄၁၆)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၇-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော်
၇း၃၀	နံနက်ခင်းသတင်း
၈း၀၀	ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ
၈း၁၅	ကိုယ်တိုင်ရေးတဲ့သင်ခန်းစာ
၈း၄၀	International News
၈း၄၅	Local Talent

ညပိုင်း

၄း၀၀	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	တေးဂီတအစီအစဉ်
၄း၃၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၅၀	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၅	မြန်မာစာ၊ မြန်မာစကား
၅း၃၅	**တန်ဆောင်တိုင်ခရီးသွားမှတ်တမ်း** (အပိုင်း-၁)
၆း၀၀	ညနေခင်းသတင်း
၈း၀၀	ပြည်တွင်းသတင်း - နိုင်ငံတကာသတင်းများ - မိုးလေဝသအခြေအနေ - ကမ္ဘာကျော်သရုပ်ဆောင်များ - နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုမငြီးတဲ့ချစ်သမီး** (အပိုင်း-၂၁) - အိန္ဒိယရုပ်ရှင် **ချစ်မိတဲ့အခါ** (ဇာတ်သိမ်းပိုင်း)

နေပြည်တော်မိုး

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဒလ-ရန်ကုန်-ဒလ စက်တပ်ရေယာဉ်များဖြင့် ခရီးသွားလာမှုအဆင်ပြေချောမွေ့

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်မြို့တွင်းသို့ ရန်ကုန်မြစ်တစ်ဖက်ကမ်း ဒလမြို့နယ်မှ အကြောင်းအမျိုးမျိုးဖြင့် ဝမ်းစာရှာသူ၊ ကျောင်းသား ကျောင်းသူ၊ အစိုးရဝန်ထမ်း၊ ဆရာ ဆရာမ၊ ကုမ္ပဏီဝန်ထမ်း၊ ဈေးရောင်းဈေးဝယ်တို့သည် ဒလ-ရန်ကုန်-ဒလစက်တပ်ရေယာဉ်များကို အသုံးပြု၍ ဒလမှ ရန်ကုန်၊ ရန်ကုန်မှ ဒလ နိစ္စဓူဝလှုပ်ရှားသွားလာနေကြရသည်။

အဆိုပါ စက်တပ်ရေယာဉ်များသည် ရန်ကုန်တောင်ပိုင်းခရိုင် ရေယာဉ်ပေါင်းစုံစည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ စည်းကမ်းထိန်းသိမ်းမှုနှင့် ဒလမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ ဖွဲ့စည်းပေးထားသော ကြီးကြပ်ရေးအဖွဲ့တို့၏ ညှိနှိုင်းစီစဉ်မှုဖြင့် ဒလ-ရန်ကုန် ကူးလူးပြေးဆွဲစေလျက်ရှိသည်။

ဒလမြို့နယ်တစ်ခုလုံးအတွက် သမ္မတကမ်းခြေ၊ ကမာအောင်ကမ်းခြေ၊ သံလျက်ကမ်းခြေ၊ ရေကန်ကမ်းခြေ၊ ကမာကသွယ်ကမ်းခြေ၊ စက်မြေကမ်းခြေ၊ မှော်စက်ကမ်းခြေ၊ ကမာကဆစ်ကမ်းခြေ၊ စာပါချောင်ကမ်းခြေ၊ ကျောင်းစုကမ်းခြေနှင့် ငြိမ်းချမ်းရေးကမ်းခြေစသည်ဖြင့် ကမ်းခြေ ၁၁ ခုမှ နေ့စဉ် စက်တပ်ရေယာဉ်အစင်း ၁၂၀ ခန့်ဖြင့် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ စက်တပ်ရေယာဉ်စီးခကို ခရီးသည်တစ်ဦးလျှင် ပျမ်းမျှ ၁၀၀ ကျပ်နှုန်း သတ်မှတ်ပေးထားပြီး ရေယာဉ်တစ်စီးလျှင် ခရီးသည် ၁၀ဦး ထက်မပိုစေဘဲ ပြေးဆွဲပေးလျက်ရှိကြောင်းသိရသည်။

စက်တပ်ရေယာဉ်မောင်းနှင်သူသည် ရေယာဉ်မောင်းလိုင်စင်၊ ရေကြောင်းအာမခံကတ်၊ အသက်အာမခံ၊ ဆိပ်ကမ်းလိုင်စင်နှင့် လုပ်ငန်းလိုင်စင်ရရှိထားရမည်ဖြစ်သည်။ ဒလဘက်ဆိပ်ကမ်းနှင့် ရန်ကုန်ဘက်ဆိပ်ကမ်းသို့ အများဆုံး ၁၀ မိနစ်ခန့်သာ မောင်းနှင်ရသော ရေယာဉ်အမျိုးအစားဖြစ်သည်။ ရေယာဉ်ပေါ် စီးနင်းလိုက်ပါသူခရီးသွားများသည် ရေယာဉ်မောင်း၏ ကျွမ်းကျင်မှု၊ သတိဝီရိယရှိမှု၊ မိုးလေဝသအခြေအနေကို ချင့်ချိန်နိုင်းဆနိုင်မှုနှင့် စက်တပ်ရေယာဉ်၏ကြံ့ခိုင်မှုတို့ကို မှီခိုအားပြု၍ စီးနင်းရခြင်းလည်းဖြစ်သည်။

ရန်ကုန်တောင်ပိုင်းခရိုင်တွင်ရှိသည့် မြို့နယ်များအနက် ဒလမြို့နယ်သည် ရန်ကုန်မြို့သို့ နေ့စဉ် ခရီးသွား ၃၀၀၀၀ ကျော်ခန့် သွားလာနေသည့် မြို့နယ်တစ်ခုဖြစ်ခြင်းကြောင့် အခြားရေယာဉ်များနှင့်အတူ စက်တပ်ရေယာဉ်သည်လည်း ခရီးသွားများအမှီပြုသွားလာရသည့် ယာဉ်တစ်ခုဖြစ်သည်။

အဆိုပါစက်တပ်ရေယာဉ်ငယ်များ ပြေးဆွဲပေးခြင်းဖြင့် အချိန်တိုတိုနှင့် လိုရာခရီးသို့ ရောက်နိုင်သောကြောင့် ခရီးသွားပြည်သူများ အဆင်ပြေစိတ်ချမ်းမြေ့မှု ရှိကြောင်း ခရီးသွားများထံမှ သိရှိရသည်။ **(ဆွေဆွေနိုင်-သတင်းစဉ်)**

ဇူလိုင် ၃ ရက်က လားရှိုးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးလှဌေးနှင့်ဝန်ထမ်းများ လားရှိုးမြို့နယ် ဝိန်းထန်ကျေးရွာအုပ်စုရှိ ပြည်သူများအား မိုးပွင့်အဆင့်(၃) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (မြို့နယ်လဝက)

9-7 (03).pmd 1 7/9/2012, 2:43 AM

အီရတ်အကြမ်းဖက်တိုက်ခိုက်မှုများ ငါးဦးသေ၊ ၄၀ ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇူလိုင် ၈

အီရတ်နိုင်ငံ၌ အသေခံဗုံးခွဲတိုက်ခိုက်မှုများအပါအဝင် သီးခြားအကြမ်းဖက်မှုများအတွင်း ဇူလိုင် ၆ ရက်က သေဆုံးသူငါးဦးရှိပြီး ၄၀ဒဏ်ရာရကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ဇူလိုင် ၈ ရက်တွင် ပြောကြားသည်။ အခင်းဖြစ်ပွားမှုများတွင် ဘဂ္ဂဒက်မြို့တော်မြောက်ဘက်ကီလိုမီတာ ၄၀၀ အကွာ မိုဆူးလ်မြို့အတွင်း ဆံပင်ညှပ်ဆိုင်တစ်ဆိုင်တွင် အသေခံဗုံးခွဲမှုကြောင့် အီရတ်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားလေးဦးတို့ သေဆုံးကြောင်း အီရတ်ရဲတပ်ဖွဲ့အရာရှိများက ပြောကြားသည်။ ယင်းမှာ အသေခံဗုံးခွဲတိုက်ခိုက်သူက ဆံပင်ညှပ်ဆိုင်အတွင်း ဝင်ရောက်ကာ ကိုယ်ခန္ဓာတွင် ချည်နှောင်ထားသော ဗုံးများကို ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါအသေခံဗုံးခွဲမှုတွင် လူ ၂၀ဒဏ်ရာရရှိသည့်အပြင် မိုဆူးလ်မြို့လမ်းဆုံ ဗုံးပေါက်ကွဲမှုတွင် ၁၆ ဦး ဒဏ်ရာရသည်။ ထို့အတူ ဆာလာဟူဒင်ပြည်နယ် ကားဗုံးခွဲမှုတွင် ဖြတ်သွားသူလေးဦးဒဏ်ရာရရှိခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

တရုတ်ရေခဲခွဲသင်္ဘော ပင်လယ်ပြင်သုတေသနလုပ်ငန်းများ ပြန်လည်ဆောင်ရွက်

ပေကျင်း ဇူလိုင် ၈

ဆိုင်ကလုန်းမုန်တိုင်းကျရောက်မှုအတွင်း ယာယီရပ်နားလိုက်ရသော တရုတ်နိုင်ငံ၏ ရေခဲခွဲသင်္ဘောကြီးနှင်းနဂါး၏ ပင်လယ်ပြင် ကွင်းဆင်းသုတေသနလုပ်ငန်းများကို ဇူလိုင် ၇ ရက်က ဘာရင်းပင်လယ်အနီးတွင် ပြန်လည်ဆောင်ရွက်နေပြီဖြစ်သည်။ (အောက်ပုံ)

တရုတ်နိုင်ငံ ငါးကြိမ်မြောက် အာတိတ်သမုဒ္ဒရာလေ့လာရေးမစ်ရှင်တွင် နှင်းနဂါးသင်္ဘောကြီးပေါ်မှ စူးစမ်းလေ့လာရေးအဖွဲ့က လျှပ်ကူးကိရိယာ၊ အပူချိန်တိုင်းတာမှုနှင့် ရေအနက်စူးစမ်းမှုများပါဝင်သည့် (CTD) ကိရိယာကို မီတာ ၁၅၀၀ အနက် ပင်လယ်ကြမ်းပြင်သို့ ချထားခဲ့သည်။ ရေနမူနာများ စူးစမ်းစုဆောင်း လေ့လာရေးအတွက် အဆိုပါ CTD ကိရိယာကို အသုံးပြုခြင်းဖြစ်သည်။

ထို့အပြင် ရေအောက်နမူနာများဆယ်ယူရန် ပင်လယ်တွင်း ရှစ်မီတာရှည် ပိုက်လိုင်းတစ်ခုကိုလည်းချထားပြီး ဝန်ချီစက်တစ်ခုဖြင့် ချိတ်ဆက်ထားစေသည်။ ယခု သုတေသနလုပ်ငန်းအတွက် ပြင်ဆင်လေ့ကျင့်မှုများ၌ အချိန်လေးနာရီကျော်ကြာ နောက်ကျခဲ့ပြီးမှ အပြီးသတ်နိုင်ခဲ့သည်ဟုဆိုသည်။

ဘာရင်းပင်လယ်အတွင်း နှင်းနဂါး ရေခဲခွဲသင်္ဘောကြီး လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတောအတွင်း ဇူလိုင် ၉ ရက်သို့မဟုတ် ၁၀ ရက်တွင် အားကောင်းသော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းတစ်ခုလည်း ဖြစ်ပေါ်လာနိုင်သည်ဟု တရုတ်အမျိုးသားပင်လယ်ပြင်အခြေအနေ ခန့်မှန်းရေးဌာနကပြောကြားသည်။ မုန်တိုင်းဖြစ်ပေါ်သည့်အခါ လေတိုက်နှုန်းမှာ အင်အား ၈ အဆင့်မှ ၉အဆင့်ထိ ရှိမည်ဖြစ်ပြီး ပင်လယ်ပြင်၌ သုံးမီတာမှ လေးမီတာအမြင့်ရှိ လှိုင်းများဖြစ်ပေါ်စေမည်ဟု အဆိုပါဌာနကခန့်မှန်းသည်။

စီစဉ်ထား

နှင်းနဂါးရေခဲခွဲသင်္ဘောသည် တရုတ်အရှေ့ပိုင်း ကွမ်တုံဆိပ်ကမ်းမြို့မှ ဇူလိုင် ၂ ရက်က ထွက်ခွာခဲ့ခြင်းဖြစ်ပြီး လာမည့်စက်တင်ဘာ ၂၉ ရက်တွင် ရှန်ဟိုင်းမြို့ဆိပ်ကမ်းသို့ ပြန်လည်ဆိုက်ကပ်ရန် စီစဉ်ထားသည်။

A-2 အဆင့်ရှိ တရုတ်နှင်းနဂါးရေခဲခွဲသင်္ဘောကြီးသည် ရေခဲထုအထူ ၁ ဒသမ ၂ မီတာကို ထိုးခွဲခုတ်မောင်းနိုင်သည့် သင်္ဘောတစ်စင်းဖြစ်သည်။ ၎င်းသင်္ဘောကြီး၏ ရက် ၉၀ ရေကြောင်းခရီးစဉ်အတွင်း ရေမိုင် ၁၇၀၀၀အထိ ခရီးနှင်သွားမည်ဟု ခန့်မှန်းထားသည်။ **(ဆင်ဟွာ)**

ဆွစ်ဇာလန်မှ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် အပြန်ခရီးစဉ် ရာဘတ်မြို့မှ ပျံသန်းထွက်ခွာ

ရာဘတ် ဇူလိုင် ၈

ဆွစ်ဇာလန်နိုင်ငံမှ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာအင်ပတ်စ်အမည်ရှိ လေယာဉ်သည် မော်ရိုကိုနိုင်ငံသို့ စမ်းသပ်ပျံသန်းနိုင်ခဲ့ပြီးနောက် ဆွစ်ဇာလန်နိုင်ငံသို့ အပြန်ခရီးစဉ်အဖြစ် စပိန်နိုင်ငံ မက်ဒရစ်မြို့မှ တစ်ဆင့် တစ်ထောက်နားပျံသန်းရန် မော်ရိုကိုနိုင်ငံ မြို့တော်ရာဘတ်မြို့မှ ဇူလိုင် ၆ ရက်က ပျံတက်သွားခဲ့သည်။ **(အပေါ်ပုံ)**

နေရောင်ခြည်စွမ်းအင်သုံး ဆိုလာအင်ပတ်စ်လေယာဉ်သည် လောင်စာဆီလိုအပ်ခြင်းလည်းမရှိ၊ ကာဗွန်ထုတ်လွှတ်ခြင်းလည်းမရှိသော နေ့ရောညပါ ပျံသန်းနိုင်သည့် ပထမဆုံးနေစွမ်းအင်သုံးလေယာဉ်ဖြစ်သည်။ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်သုံးစွဲမှုလျှော့ချရေး ကဏ္ဍများအတွက် ကြီးမားသော နည်းပညာသစ်များ၏ အလားအလာကောင်းအဖြစ် ၎င်းဆိုလာအင်ပတ်စ်လေယာဉ်က သာဓကဆောင်လျက်ရှိသည်။

၂၀၁၄ ခုနှစ်အတွင်း ပိုမိုသစ်လွင်ကောင်းမွန်သည့် နေစွမ်းအင်သုံး လေယာဉ်များကိုတီထွင်ထုတ်လုပ်နိုင်ရန်နှင့် ကမ္ဘာတစ်ပတ် ပျံသန်းမှုခရီးစဉ်များတွင် အသုံးပြုနိုင်ရေးအတွက် လေယာဉ်တီထွင်ထုတ်လုပ်သူများက ယခု ဆိုလာအင်ပတ်စ် နေစွမ်းအင်သုံးလေယာဉ် ကမ္ဘာ့တိုက်ကြီးများအချင်းချင်း ဖြတ်ကျော်ပျံသန်းမှုကို စမ်းသပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခုစီမံကိန်းကို ၂၀၀၃ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၁၀နှစ်အတွင်း ကုန်ကျစရိတ်မှာ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာသန်း ၁၀၀ခန့်ရှိခဲ့သည်။ **(အင်တာနက်)**

ကွန်ဂိုနိုင်ငံတွင် တိုက်ပွဲများပြင်းထန်စွာဖြစ်ပွား ကွန်ဂိုပြည်သူထောင်ပေါင်းများစွာ ယူဂန္ဒာသို့ထွက်ပြေး

ကမ်ပါလာ ဇူလိုင် ၈

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ တပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်များအကြားဖြစ်ပွားသည့် တိုက်ပွဲများကြောင့် ကွန်ဂိုပြည်သူ ထောင်ပေါင်းများစွာတို့သည် အိမ်နီးချင်း ယူဂန္ဒာနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ကြကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ဝဲပုံ)**

ကြေညာ

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအရှေ့ပိုင်း ဘူနာဂါနာမြို့ကို လက်နက်ကိုင်တို့သိမ်းပိုက်လိုက်သည့်အတွက် ဒုက္ခသည် ၄၅၀၀တို့သည် အိမ်နီးချင်း ယူဂန္ဒာနိုင်ငံအတွင်းသို့ ဝင်ရောက်သွားကြကြောင်း ယူဂန္ဒာကြက်ခြေနီအဖွဲ့က ဇူလိုင် ၆ရက်တွင် ကြေညာသည်။

နိုင်ငံအရှေ့ပိုင်း၌ အစိုးရတပ်ဖွဲ့နှင့်လက်နက်ကိုင်တပ်ဖွဲ့တို့တိုက်ပွဲများဖြစ်ပွားသဖြင့် မေလဆန်းမှစ၍ရဝမ်ဒါနိုင်ငံနှင့် ယူဂန္ဒာနိုင်ငံများသို့ ထွက်ပြေးသူပေါင်း ၁၀၀၀၀ ကျော်ရှိသွားပြီဟုလည်း သတင်းတွင်ဆက်လက်ဖော်ပြကြသည်။ **(အင်တာနက်)**

အိန္ဒိယအရှေ့မြောက်ပိုင်းနယ်မြေများ ရေကြီး၊ ၁၂၁ ဦးသေဆုံး နေအိမ်စွန့်ခွာရသည့် ဒေသခံစုစုပေါင်း ခြောက်သန်းနီးပါးရှိ

ဂါဝါဟာတီ ဇူလိုင် ၈

အကြီးအကျယ်ရေလွှမ်းရေလျှံမှုများ ဖြစ်ပွားစေသည့် မုတ်သုံမိုးများ သည်းထန်စွာရွာသွန်းမှုကြုံတွေ့နေရသော အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများတွင် အသက်ဆုံးရှုံးရသူဦးရေသည် ၁၂၀ အထက်ရှိနေပြီဖြစ်သည်။ ထို့အတူ ကိုယ့်အိမ်ကိုယ့်ရာတွင် ရေဘေးအန္တရာယ်ကြောင့် စွန့်ခွာထွက်ပြေးရသူပြည်သူ ခြောက်သန်းခန့်ရှိနေကြောင်း တာဝန်ရှိသူများက ဇူလိုင် ၇ ရက်တွင် ပြောကြားသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း လွန်ကဲပြင်းထန်လွန်းသော မိုးရွာသွန်းခဲ့မှုများသည် ထိုဒေသနယ်မြေများ၏ ရေလွှမ်းမှုများကို ပိုမိုဆိုးရွားသွားစေဦးမှာဖြစ်ကြောင်း မိုးလေဝသအရာရှိများက ခန့်မှန်းသည်။ နိုင်ငံ၏အရှေ့မြောက်ပိုင်းနယ်မြေဒေသများတွင် ပြီးခဲ့သည့်နှစ်များအတွင်း အဆိုးရွားဆုံးရေကြီးရေလွှမ်းမှုများ ကြုံတွေ့နေရခြင်းလည်းဖြစ်သည်။ **(ယာပုံ)**

ရေဘေးအန္တရာယ်အတွင်း အမျိုးမျိုးသောအဖြစ်ဆိုးများကြောင့် သေဆုံးသူ ၁၂၁ ဦးရှိကြောင်း၊ ရေမြင့်တက်လွှမ်းမိုးလာချိန်တွင် လွတ်မြောက်ရန်ကြိုးစားကြစဉ် ရေနစ်သေဆုံးသူများမှာ ၁၀၅ ဦးရှိကြောင်း၊ မိုးကြီး၍ မြေကြီးပြိုကျမှုများကြောင့် ၁၆ ဦးသေဆုံးခဲ့ကြောင်း အာသံပြည်နယ်အစိုးရအရာရှိများက သတင်းထုတ်ပြန်သည်။

ရေလွှမ်းမှုများမှလွတ်ရန်၊ ကုန်းမြင့်နေရာများသို့ ပြောင်းရွှေ့ရန်အတွက် နေအိမ်စွန့်ခွာပြေးရသည့် ရေဘေးသင့်ဒုက္ခသည် ပြည်သူခြောက်သန်းနီးပါးရှိသည်ဟု ဗဟိုရေအရင်းအမြစ်ကော်မရှင်၏ တရားဝင်ထုတ်ပြန်ချက်တွင် ခန့်မှန်းဖော်ပြထားသည်။ အိန္ဒိယတိုက်ငယ်တွင် ဇွန်လမှ စက်တင်ဘာလအထိ လယ်သမားများ ထွန်ယက်စိုက်ပျိုးရေးအတွက် အရေးပါသော မုတ်သုံရာသီကျရောက်ပြီး မုတ်သုံနှင့်အတူ ရေကြီးမှုများဖြစ်ပေါ်၍ ပျက်စီးဆုံးရှုံးမှုများစွာ နှစ်စဉ်နှစ်တိုင်း ကြုံတွေ့ရလျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၈-၇-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်

ဂျာမနီနိုင်ငံတွင် မိုးသက်မုန်တိုင်းကြောင့် သုံးဦးသေဆုံး

ဂျာမနီနိုင်ငံတွင် ဇူလိုင် ၆ ရက် ညပိုင်းမှ ဇူလိုင် ၇ ရက် နံနက်ပိုင်းအထိ ပြင်းထန် သော မိုးသက်မုန်တိုင်းများ တိုက်ခတ်ခဲ့မှုကြောင့် လူသုံးဦး သေဆုံးပြီး အနည်းဆုံး ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများက ဇူလိုင် ၇ ရက်တွင် အတည်ပြုခဲ့သည်။ ဒီရက်စ်ဒန်မြို့ အရှေ့တောင်ပိုင်းအနီးရှိ ဟီဒန်အူ(Hedenau) ဒေသတွင် မိုးကြိုးပစ်ခံရမှုကြောင့် အသက်ကိုးနှစ်အရွယ် မိန်းကလေးငယ်တစ်ဦး သေဆုံးခဲ့သည်။ အဆိုပါ မိန်းကလေးသည် မိုးသက်မုန်တိုင်း ကျရောက်မှုကြောင့် အဆောက်အအုံတစ်ခုဆီသို့ သွားရန် ရေကူးကန်ကို ဖြတ်သန်းပြေးနေစဉ် ထိုသို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အခြားဖြစ်ရပ်တစ်ခုမှာ ဒီရက်စ်ဒန်မြို့မြောက်ပိုင်း ပြင်းထန်သော မိုးသက်မုန်တိုင်းကျရောက်စဉ် ကားတစ်စီးပေါ်သို့သစ်ပင်တစ်ပင်လဲကျမှုကြောင့် ကားခေါင်းခန်းအတွင်းထိုင်နေသည့် အသက် ၂၃ နှစ်အရွယ် လူငယ်တစ်ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဂျာမနီနိုင်ငံအနောက်ပိုင်း လိုးဝါးဆက်အိုနီ (lowersax- aony) ပြည်နယ် လန်းဘတ်မြို့ အပြင်ဘက်ရှိ တောလမ်းတစ်ခုကိုဖြတ် ပြီး စက်ဘီးစီးလာသူ အသက် ၄၇ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးပေါ်သို့ သစ်ပင် တစ်ပင်လဲကျပြီး သေဆုံးခဲ့ရသည်။

မိကျောင်းကောင်ရေ ၃၆၀၀ ကျော် တရုတ်တောင်ပိုင်း၌ မှောင်ခိုများလက်ဝယ်မှ ကယ်ဆယ်ခဲ့ရ

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ရဲတပ်ဖွဲ့သည် မှောင်ခိုတင်သွင်းလာသည့် မိကျောင်းကောင်ရေ ၃၆၀၀ ကျော်ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ ယင်းမိကျောင်းများကို ထူးခြားဆန်းပြားသည့် ဟင်းများချက်ပြုတ်ရောင်းချမှုမှ ကယ်ဆယ်နိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက ဇူလိုင် ၇ ရက်တွင် ပြောကြားသည်။ တိရစ္ဆာန်ဆေးကုသရေးဆရာဝန်များက အဆိုပါသတ္တဝါများအား ဘေးအန္တရာယ်မဖြစ်ရန် ဆေးဝါးစောင့်ရှောက်မှု စီစဉ်ပေးလျက်ရှိကြောင်း၊ အချို့မှာ သယ်ယူပို့ဆောင်နေစဉ်အတွင်း အပူရှပ်မှုကြောင့် သေဆုံးလျက်ရှိကြောင်း ချောင်ကျို့မြို့ အမျိုးသားလုံခြုံရေးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။ ထိုင်းနိုင်ငံအတွင်းမှ သယ်ဆောင်လာသည့် အဆိုပါမိကျောင်းများကို တရုတ်-ဗီယက်နမ်နယ်စပ်ဖြတ်သန်းသည့် ကုန်တင်ကားများပေါ်၌ ဇူလိုင် ၄ ရက်ညက ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း၊ မှောင်ခိုတင်သွင်းသူများက အဆိုပါမိကျောင်းများကို ကွမ်တုန်ပြည်နယ် အနီးဝန်းကျင်ရှိ စားသောက်ဆိုင်များသို့ ပို့ဆောင်ရန်ရည်ရွယ်ကြကြောင်း အရာရှိများက ဆက်လက်ပြောကြားသည်။ **(ဆင်ဟွာ)**

နိုင်ငံတကာသတင်းမှတ်စု

နိုင်ငံတကာသတင်းမှတ်စု

ကမ္ဘာ့စီးပွားရေးပြန်လည်ဦးမော့လာရေး ရှေ့တက်မအေး ယူရိုဇုန်ကြွေးမြီပြဿနာများက စိန်ခေါ်မှုဖြစ်လာနေ

တိုး ရေးသားသည်

ကမ္ဘာ့တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးပြန်လည် နာလန်ထူရေးအတွက် ယူရိုဇုန် ခိုင်မာတောင့်တင်းရန် အရေးကြီးပေသည်။ ဥရောပသမဂ္ဂ(အီးယူ)မှ ကြွေးမြီ ပြဿနာများမှာလည်း အံ့အားသင့်လောက်အောင် ထူနေသည်။ ကြွေးထူသဖြင့် ကြွေးကျေပြီး ပြန်လည်ဦးမော့ရန် ခြိုးခြံချွေတာရသည်မှာလည်း အတော့်ကို သည်းခံရသည့် ကိစ္စဖြစ်သည်။

ခြိုးခြံချွေတာဖို့ အစိုးရအသုံးစရိတ်များ လျှော့ချ ဖြတ်တောက်သဖြင့် လုပ်ခလစာနှင့် ပင်စင်လစာများပါမကျန် လျှော့ချပေးရခြင်းအပြင် အလုပ်လက်မဲ့ဦးရေက တစ်နေ့ တခြားများလာတော့ ကြာသော်မခံရပ်နိုင်သည့် အခြေသို့ ဆိုက်ကြရသည်။ သို့ဖြင့် ဆန္ဒပြကန့်ကွက်မှုများ မကြာခဏ ပေါ်ပေါက်လာရသည်။

ဥရောပခေါင်းဆောင်များက အစိုးရကတစ်ဆင့်မချေးတော့ဘဲ မရပ်တည်နိုင်တော့သည့် ဘဏ်များကို ယူရိုဇုန်၏ ဥရောပငွေ ကြေးတည်ငြိမ်ရေး ဖြည့်ဆည်းမှု (အီးအက်စ်အက်ဖ်အက်စ်) ရန်ပုံငွေ သို့မဟုတ် ဥရောပတည်ငြိမ်ရေးနည်းလမ်း(အီးအက်စ် အမ်) ရန်ပုံငွေမှ တိုက်ရိုက်ထုတ်ချေးရန် တစ်ခုတည်းသော ဘဏ်လုပ်ငန်း အာဏာပိုင်အဖွဲ့တစ်ခုဖြစ်သည့် ကြီးကြပ်ရေး အဖွဲ့ ဖွဲ့စည်းရန် သဘောတူလိုက်ကြသည်။

ဥရောပသမဂ္ဂ(အီးယူ)ခေါင်းဆောင်များက ဤအစီအစဉ်၊ ဤနည်းလမ်းကို ဇူလိုင် ၉ ရက်တွင် စတင်အကောင်အထည် ဖော်ရန် ရည်ရွယ်ခဲ့သည်။

စပိန်နိုင်ငံက ယင်း၏ဘဏ်လုပ်ငန်းကဏ္ဍ အကျပ်တွေ့ သဖြင့် ပြန်လည်မတည်ငွေထည့်ပေးရန် ကယ်ဆယ်ရေးရန်ပုံငွေ မှ ထုတ်ချေးရန်မေတ္တာရပ်ခံထားသည်။ ထိုငွေသည် အစိုးရ

ယူရိုဇုန်ကြွေးမြီ ပြဿနာများအရေး ကို ဘရပ်ဆဲလ် မြို့၌ ဇူလိုင် ၅ ရက်က ကျင်းပခဲ့ရာ ဥရောပ သမဂ္ဂ ခေါင်း ဆောင် များ ဤသို့ ဆွေးနွေးခဲ့ကြသည်။
(အင်တာနက် ဓာတ်ပုံ)

ဘဏ်များဆက်လက်ရပ်တည်နိုင်စွမ်းမရှိသောအခါ အစိုးရက ယူရိုဇုန် ကယ်ဆယ်ရေးရန်ပုံငွေများမှချေးယူပြီး ဘဏ်များကို ကျောထောက်နောက်ခံပြုပေးနေရလည်း အချို့နိုင်ငံများမှာ ကြွေးသံသရာက ရုန်းမထွက်နိုင်တော့သည့် အခြေဆိုက်လာသည်။

ထိုပြဿနာကိုဖြေရှင်းရန် ယူရိုဇုန်နိုင်ငံများက နည်းလမ်းရှာထားသည်။ ယူရိုဇုန် မပြိုကွဲရေးအတွက် ဥရောပသမဂ္ဂ(အီးယူ) နိုင်ငံများအနေဖြင့် ရေတို၊ ရေရှည် နည်းလမ်းများ ရှာကြံကြရသည်။ ယခုလို ရေတိုစီမံကိန်းကို မချ၍မဖြစ်အောင် ဥရောပခေါင်းဆောင်များကို ပြင်သစ်၊ စပိန်နှင့် အီတလီတို့က ဖိအားပေးခဲ့သည်။ မကြာမီက ပြီးဆုံးခဲ့သည့် ဘရပ်ဆဲလ် ထိပ်သီးအစည်းအဝေးတွင် ကြွေးမြီကို ထပ်ဆောင်းရမည့်အခြေသို့ဆိုက်သည်။ မတတ်နိုင် ပါက ချေးယူရမည်သာဖြစ်ပါ၏။ သို့သော် အီးယူခေါင်းဆောင် များ၏ ရေတိုအစီအစဉ်နည်းလမ်းကြောင့် အစိုးရအပေါ် ကြွေး ထပ်တင်စရာမလို၊ ဘဏ္ဍာငွေလိုအပ်သည့် စပိန်ဘဏ်များကို တိုက်ရိုက်ထုတ်ချေးရန်သာရှိသည်။

အိုင်ယာလန်နှင့် အီတလီနိုင်ငံတို့အနေဖြင့်လည်း အလား တူပင် အကျိုးခံစားခွင့်ရှိသည်။ နိုင်ငံအစိုးရများအနေဖြင့် ရေတို အသက်ရှူပေါက်ရသည်ဟုဆိုနိုင်သည်။

ဘရပ်ဆဲလ်၌ ဥရောပသမဂ္ဂ(အီးယူ) ထိပ်သီးအစည်း အဝေးမတိုင်မီကဆိုလျှင် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲက ကြွေးထူနေသည့် ဥရောပတိုက်၏ စီးပွားရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် ချက်ချင်းပျောက်စေသတည်းဟူသော ဆေးမြီးတိုမရှိကြောင်း ပြောကြားခဲ့သည်။ ယူရိုချေးငွေစာချုပ်များမှ တစ်ဆင့် ဥရောပကြွေးမြီကို ပူးပေါင်း တာဝန်ယူရေး သဘောထားကိုလည်း ဂျာမနီဝန်ကြီးချုပ်မာကဲက လက်မခံဘဲ ပယ်ချသည်။ အကျပ်အတည်းကို ထိန်းချုပ်ရန် စည်းမျဉ်းစည်းကမ်း သတ်မှတ် စောင့်ကြည့်ရန်ကိုသာ တိုက်တွန်းခဲ့သည်။

မကြာမီလများအတွင်းက ကမ္ဘာ့ ဈေးကွက်များကို ကတောက်ကဆတ် ဖြစ်စေခဲ့သည့် ယူရိုဇုန်ကြွေးမြီ အကျပ် အတည်းကို ထိန်းချုပ်ရန် အခြေအနေ က တွန်းပို့လာသောအခါ ဥရောပ ခေါင်းဆောင်များ ဘရပ်ဆဲလ်ရှိထိပ်သီး ချင်းတွေ့ဆုံကာ ယူရိုဇုန် အကျပ် အတည်း ဖြေရှင်းရန် နည်းလမ်းရှာ လာကြရသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ နှင့်တကွ ထွန်းသစ်စ စီးပွားရေးနိုင်ငံ များ၏ စီးပွားရေးက ကျရိပ်ပြနေသည့် အတွက် ကမ္ဘာ့စီးပွားရေးမှာ စိုးရိမ် ဖွယ်ရာ ဖြစ်လာကြောင်း နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်) အကြီးအကဲ ခရစ္စတင်းလာဂတ်က ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဇူလိုင် ၆ ရက် က ပြောကြားလိုက်သည်။

အမေရိကန် ပြည်ထောင်စု၊ ဥရောပသမဂ္ဂ(အီးယူ)နှင့်အခြားသော အနောက်အုပ်စု နိုင်ငံများအနေဖြင့် ဆိုးရွားသောဘဏ္ဍာရေးအကျပ်အတည်း များ ကြုံတွေ့လာသည်မှာ အကြမ်း ဖျင်း ငါးနှစ်ခန့်ပင် ကြာခဲ့ပြီဖြစ်သည်။

နိုင်ငံတကာငွေကြေးရန်ပုံငွေ အဖွဲ့(အိုင်အမ်အက်ဖ်)၏ ကမ္ဘာ့ စီးပွားရေး အလားအလာအစီရင်ခံစာ ကို ဇူလိုင် ၁၆ ရက်စွဲဖြင့် ထုတ်ဝေရန် ရှိသည်။ ယင်းသို့ အစီရင်ခံစာ မထုတ်ပြန်မီ အိုင်အမ်အက်ဖ် အကြီး အကဲ ခရစ္စတင်းလာဂတ်က အထက်ပါ အတိုင်းထုတ်ဖော်ပြောကြားခြင်း ဖြစ် ရာ ယူရိုဇုန်အကျပ်အတည်းမှလွတ် မြောက်ရေး ရေတိုရေရှည်နည်းလမ်း များ အောင်မြင်ရန် လိုအပ်နေပါ ကြောင်း။ ။

အာကာသသိပ္ပံ

မိုးမြင့်လင်းလက် – ရေးသည်

သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဓာတ်ပုံများထုတ်ပြန်ရန် နိုင်ငံတကာအာကာသယာဉ်စခန်း၌ ကင်မရာတပ်ဆင်

နယူးယောက် ဇူလိုင် ၈

ကမ္ဘာမြေတွင် ရေလွှမ်းမှု၊ မြေပြိုမှု၊ တောမီးလောင်ကျွမ်းမှုနှင့် အလားတူ သဘာဝဘေးဒုက္ခများ ဖြစ်ပေါ်ချိန်တွင် အကောင်းဆုံးဓာတ်ပုံများကိုရယူရန် နှင့်သတင်းအချက်အလက်နှင့် ပုံရိပ်များ ထုတ်ပြန်ပေးနိုင်ရန် နိုင်ငံတကာအာကာသ ယာဉ်စခန်း၌ စွမ်းအားမြင့်ကင်မရာကို တပ်ဆင်မည်ဖြစ်ကြောင်း နာဆာက ဇူလိုင် ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ကင်မရာ **(အောက်ပုံ)** ကို နာဆာနှင့်နိုင်ငံတကာဖွံ့ဖြိုးရေး အမေရိကန် အေဂျင်စီတို့က ၎င်းကင်မရာကို ထုတ်လုပ်တပ်ဆင်မည်ဖြစ်ရာ အနာဂတ်ကာလ အတွက် စံနမူနာအဖြစ် ရောက်ရှိစေမည့် ကင်မရာအမျိုးအစားလည်း ဖြစ်လာ မည်ဟု နာဆာက ပြောကြားသည်။

ယင်းကင်မရာသည် ကမ္ဘာမြေပြင်တွင် ဖြစ်ပေါ်နိုင်သော သဘာဝဘေးဒုက္ခ ဆိုင်ရာ ဇုန်များ၊ သဘာဝဘေးဒုက္ခဖြစ်ပေါ်ကြုံတွေ့နေရသည့် ဧရိယာများကို နိုင်ငံ တကာ အာကာသယာဉ်စခန်းမှနေ၍ အကောင်းဆုံးပုံရိပ်များကို ရယူရန် တပ်ဆင်



ခြင်းဖြစ်သည်။ နိုင်ငံတကာအာကာသယာဉ်စခန်းမှနေ၍ ၎င်းကင်မရာသည် တစ်စက္ကန့်လျှင် ဓာတ်ပုံခုနစ်ပုံအထိ လျင်မြန်သောနှုန်းဖြင့် အလိုအလျောက် ရိုက်ယူနိုင်မည် ဖြစ်သည်။ ထိုသို့ ရိုက်ယူပြီးသော ဓာတ်ပုံများကို ခြောက်စက္ကန့်မှ ရှစ်စက္ကန့်လျှင် တစ်ကြိမ် ကမ္ဘာမြေပြင်စခန်းသို့ ပြန်လည်ပေးပို့မည်ဖြစ်သည်။

ထိုသို့ သတင်းဓာတ်ပုံများရယူရာတွင် ပုံရိပ်ကောင်းမွန်ပြတ်သားစေရန် ဆော့ဖ်ဝဲလ်ထည့်သွင်းထားပြီး နိုင်ငံတကာအာကာသယာဉ်စခန်း ကိုယ်ထည်အပြင် ဘက်တွင် အလိုအလျောက် လှည့်လည်ရိုက်ကူးနိုင်အောင်လည်း ၎င်းကင်မရာကို တပ်ဆင်ထားသည်။

အဆိုပါ ကင်မရာမှ ပေးပို့သော ဓာတ်ပုံများအရ မြေပြင်တွင် သဘာဝဘေး အန္တရာယ်ဖြစ်ပေါ်နေမှုအခြေအနေများ၊ ထူးခြားသော ရာသီဥတုဆိုင်ရာ ပြောင်းလဲ မှုပုံရိပ်များ၊ ကမ္ဘာ့နေရာ အများအပြား၌ သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရမှု ဓာတ်ပုံများကို ရယူထုတ်ပြန်ပေးသွားနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာတစ်လွှားထူးထူးခြားခြား

အာကာဟိန်း - ရေးသားသည်

ကမ္ဘာပေါ်တွင် အမျိုးသမီးပြိုင်ပွဲဝင်အများဆုံး ဂျပန်မာရသွန်အပြေးပြိုင်ပွဲ ဆင်နွှဲ

နာဂိုရာ ဇူလိုင် ၈

ဂျပန်နိုင်ငံ နာဂိုရာမြို့တွင် ကျင်းပခဲ့သည့် အမျိုးသမီးမာရသွန်ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အမျိုးသမီးပေါင်း ၁၃၁၁၄ ဦး ပါဝင် ယှဉ်ပြိုင်ခဲ့ရာ ကမ္ဘာပေါ်တွင် မာရသွန်ပြိုင်ပွဲဝင် အမျိုးသမီးဦးရေအများဆုံးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရကြောင်း ဇူလိုင် ၇ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါ အမျိုးသမီးမာရသွန်အပြေးပြိုင်ပွဲမှာ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ မကြာမီကျင်းပမည့် ၂၀၁၂ ခုနှစ် လန်ဒန် အိုလံပစ်ပြိုင်ပွဲ အကြိုကျင်းပခြင်းဖြစ်သည်။ ထိုသို့ မာရသွန်ပြိုင်ပွဲကျင်းပခြင်းဖြင့် စွမ်းဆောင်ရည်မြင့်မားသည့် အမျိုးသမီး မာရသွန် ပြိုင်ပွဲဝင်များ ထွက်ပေါ်လာစေရန်လည်း ရည်ရွယ်ခြင်းဖြစ်သည်။

ယခုမာရသွန်ပြိုင်ပွဲဝင် အမျိုးသမီးများအနက် စုစုပေါင်းပြိုင်ပွဲဝင် ၁၂၇၂၀ ဦးတို့ နောက်ဆုံးပန်းဝင်သည်အထိ ဆင်နွှဲခဲ့ကြရာ ပြိုင်ပွဲဝင်အမျိုးသမီးဦးရေ၏ ၉၇ ရာခိုင်နှုန်းခန့်ရှိသည်။ ထို့ကြောင့် မာရသွန်အပြေးပြိုင်ပွဲများတွင် နောက်ဆုံးပန်းဝင်သည်အထိ ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲဝင်ဦးရေအများဆုံးအဖြစ်လည်း ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့သည်။ **(အောက်ပုံ)**

ယင်းပြိုင်ပွဲ၌ ရုရှားအပြေးမယ် မာယိုရီဗာက ပထမဆုံးပန်းဝင်ခဲ့ပြီး ဂျပန်အပြေးမယ်အိုဇာကီက ဒုတိယရရှိကာ ဂျပန် အပြေးမယ် နာကာဇာက တတိယရရှိခဲ့သည်။ **(အင်တာနက်)**

ပြသထား

ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး ကားလေးတစ်စီး ကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ဤ သို့ ပြသထား သည်ကို တွေ့ရ သည်။
အင်တာနက်- ဓာတ်ပုံ

ကမ္ဘာ့အသေးငယ်ဆုံး မော်တော်ကားထုတ်လုပ်

လန်ဒန် ဇူလိုင် ၈

ဗြိတိန်နိုင်ငံမှ တီထွင်ထုတ်လုပ်သူတစ်ဦးဖြစ်သည့် မစ္စတာပီရီဝတ်ကင်စ်က ကမ္ဘာပေါ်တွင်အသေးငယ်ဆုံး မော်တော် ကားတစ်စီးကို ထုတ်လုပ်ခဲ့ရာ ယင်းမော်တော်ကားလေးသည် ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးမော်တော်ကားအဖြစ် ဂင်းနက်စ် မှတ်တမ်း၌ ဇူလိုင် ၇ ရက်က ဖော်ပြထားသည်။

အဆိုပါ မော်တော်ကားလေးမှာ အရှည် ၅၁ လက်မရှိပြီး အမြင့်မှာ ၄၁ လက်မရှိကာ အကျယ် ၂၆ လက်မရှိသည်။ ၎င်းမော်တော်ကားလေးကို တစ်နာရီလျှင် ၃၇ မိုင်မောင်းနှင်နိုင်အောင် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။

Wind Up ဟုအမည်ပေးထားသော ၎င်းကားလေးသည် ပုံမှန်မော်တော်ကားတစ်စီးတွင် ပါဝင်ဖွဲ့ထားသည့်အတိုင်း ကားပစ္စည်းအစိတ်အပိုင်းအားလုံး တပ်ဆင်တည်ဆောက်ထားသည်။ ကားတစ်စီးလုံး၏ အလေးချိန်မှာ ကီလိုဂရမ် ၁၅၀ လေးသည်။

၎င်းမော်တော်ကားလေးကို ပုံမှန်အားဖြင့် တစ်နာရီလျှင် ၃၇ မိုင်နှုန်း မောင်းနှင်နိုင်သော်လည်း အမြင့်ဆုံးအနေဖြင့် တစ်နာရီ လျှင် မိုင် ၄၀ အထိ မောင်းနှင်နိုင်အောင် ထုတ်လုပ်ထားသည်။ ထို့အပြင် ဆီစားသက်သာစေရန်လည်း ပြုလုပ်ထားရာ ဓာတ်ဆီ တစ်ဂါလန်လျှင် မိုင် ၇၀ အထိမောင်းနှင်နိုင်သည်။ မော်တော်ကားလေး၏ အင်ဂျင်ကို ၁၅၀ စီစီ အင်ဂျင်အမျိုးအစား တပ်ဆင် ထားသည်။ လက်ရှိအချိန်၌ ကမ္ဘာပေါ်၌ အသေးငယ်ဆုံးကားအဖြစ် သတ်မှတ်ခံထားရသည်။ **(အင်တာနက်)**

ကမ္ဘာ့အကြီးဆုံး ချောကလက် အဆောက်အအုံ

မက္ကဆီကိုစီးတီး ဇူလိုင် ၈

ချောကလက်ဖြင့် ပြုလုပ်ထားသော ကမ္ဘာ့အကြီးဆုံးချောကလက်အဆောက်အအုံတစ်ခုကို မက္ကဆီကိုနိုင်ငံ ချီချန်အစ်ဇာမြို့၌ အမျိုးသားတစ်ဦးက ဇူလိုင် ၂ ရက်တွင် ပြုလုပ်ခဲ့သည်။ အဆိုပါ ချောကလက်အဆောက်အအုံမှာ ပိရမစ်ပုံစံဖြစ်ပြီး အမြင့် ၁၂ ပေရှိကာ ချောကလက်အလေးချိန် ၁၈၂၃၉ ဒသမ ၅ ပေါင်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့အား အဆင့်မြင့်နည်းပညာတက္ကသိုလ် (Center of Excellence) အဆင့်တိုးမြှင့်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ရန်ကုန်နည်းပညာ တက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့အား အဆင့်မြင့်နည်းပညာတက္ကသိုလ် (Center of Excellence) များ အဖြစ် အဆင့်တိုးမြှင့်နိုင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၈

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်နည်းပညာတက္ကသိုလ်စုဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာ တက္ကသိုလ်တို့အား အဆင့်မြင့်နည်းပညာတက္ကသိုလ် (Center of Excellence) များအဖြစ် အဆင့်တိုးမြှင့်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက် အမှာစကားပြောကြားရာတွင် လက်ရှိအချိန်၌ မြန်မာနိုင်ငံတွင် အင်ဂျင်နီယာပညာရှင်နှင့် ကွန်ပျူတာပညာရှင် မြောက်မြားစွာကို မွေးထုတ်ပေးခဲ့ပြီးဖြစ်သကဲ့သို့ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် ကွန်ပျူတာတက္ကသိုလ်များ အရေအတွက်များစွာရှိနေမှုကြောင့် အဆိုပါ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းအားလုံးကို တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန်နှင့် အရည်အချင်းပြည့်ဝသော ပညာရှင်များကို သင်ကြားမွေးထုတ်ပေးနိုင်ရန်အတွက် ငွေကြေးအားဖြင့် လည်းကောင်း၊ သင်ထောက်ကူပစ္စည်းများနှင့် သင်ကြားရေး ဆရာ ဆရာမများ ပြည့်စုံစွာ ဖြည့်ဆည်းပေးနိုင်ရန်အတွက် လည်းကောင်းလောလောဆယ်တွင်ဖြစ်နိုင်မည့် အခြေအနေမရှိသေးကြောင်း။

ဖွင့်လှစ်ပို့ချ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံအလိုက် နည်းပညာတက္ကသိုလ်များ၊ သိပ္ပံများနှင့် ကွန်ပျူတာတက္ကသိုလ်များ များစွာဖွင့်လှစ်ထားကြသော်လည်း အဆိုပါတက္ကသိုလ်များအနက်မှ အချို့ကိုသာ အဆင့်မြင့်တက္ကသိုလ် (Center of Excellence) အဖြစ် သတ်မှတ်ရွေးချယ်၍ နိုင်ငံတကာအဆင့်မီ သင်ထောက်ကူပစ္စည်းများ၊ သင်ကြားရေး ဆရာ ဆရာမများ၊ ခေတ်မီသင်ရိုးညွှန်းတမ်းများနှင့် သင်ကြားရေး နည်းစနစ်များဖြင့် ငွေကြေးအကုန်အကျခံ၍ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင်လည်း လက်ရှိအခြေအနေအရ နည်းပညာတက္ကသိုလ် ၃၃ ခုရှိနေပြီးဖြစ်ရာ အဆိုပါ နည်းပညာတက္ကသိုလ် ၃၃ခုလုံးအား အဆင့်မြင့် နည်းပညာတက္ကသိုလ်များအဖြစ် တစ်ပြိုင်နက်တည်းတိုးမြှင့်ရန်မှာ ငွေကြေးအခြေအနေနှင့် အခြားသောသင်ကြားမှုဆိုင်ရာလိုအပ်ချက်များအရ လောလောဆယ်တွင် ပံ့ပိုးပေးနိုင်ခြင်းမရှိသည့်အတွက် မြန်မာနိုင်ငံရှိ နည်းပညာတက္ကသိုလ်များအနက်မှ အဆင့်မြင့်နည်းပညာတက္ကသိုလ်ဖြစ်ရန် အလားအလာအကောင်းဆုံး ဖြစ်သော ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာ တက္ကသိုလ်တို့အား အဆင့်မြင့်နည်းပညာတက္ကသိုလ်များအဖြစ် ဦးစွာအဆင့်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း။

စိစစ်ရွေးချယ်

အဆိုပါ အဆင့်မြင့် နည်းပညာတက္ကသိုလ် (Center of Excellence) များတွင် အခက်အခဲမရှိ ပညာသင်ကြားနိုင်ရန်အတွက် ပညာရည်မြင့်မားသည့် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများကိုသာ စိစစ်ရွေးချယ်လက်ခံသင်ကြားပေးရေးကို ဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ကနဦးအနေဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲရမှတ် စုစုပေါင်း အနည်းဆုံးအမှတ် ၄၅၀ နှင့်အထက်ရရှိသူများထဲမှ တက္ကသိုလ်တစ်ခုစီအတွက် တစ်နှစ်လျှင် ကျောင်းသား ကျောင်းသူ ဦးရေအများဆုံး ၂၅၀ ခန့်ကိုသာ စိစစ်ရွေးချယ်ပြီး နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ၊ သင်ကြားမှုနည်းစနစ်များ၊ စာမေးပွဲစစ်ဆေးသည့်နည်းစနစ်များနှင့် သင်ကြားရေးဆရာ ဆရာမများဖြင့် သင်ကြားပေးနိုင်ရန်နှင့် သင်တန်းကာလကိုလည်း အခြားနည်းပညာတက္ကသိုလ်များနည်းတူ ခြောက်နှစ်သတ်မှတ်၍ အင်ဂျင်နီယာပုံစံကျကျဖြင့် သင်ကြားပေးနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးအကြံပြု

ထို့နောက် ဌာနဆိုင်ရာအကြီးအကဲများနှင့် နည်းပညာတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များက ရန်ကုန်နည်းပညာတက္ကသိုလ်နှင့်မန္တလေးနည်းပညာတက္ကသိုလ်တို့အား အဆင့်မြင့် နည်းပညာတက္ကသိုလ် (Center of Excellence)များအဖြစ် ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော သင်ရိုးညွှန်းတမ်းများ၊ လက်တွေ့ပစ္စည်းများနှင့် ဌာနအလိုက်သင်ရိုးညွှန်းတမ်းများပြဋ္ဌာန်းရေး ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေတာရှည်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ရေတာရှည် ဇူလိုင် ၈

ရေတာရှည်မြို့နယ် ရန်ကုန်- မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၈၉/၇) အနီး၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၉ ရက် နံနက် ၇ နာရီက ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးနေမျိုးအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွဋ်နှင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ယူကလစ်၊ ပင်လယ်ကဗွီး၊ စိန်ပန်းနှင့် ခရေစုစုပေါင်း အပင် ၁၂၀၀ကျော်တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရခိုင်ပြည်နယ်ဒေသခံပြည်သူများအတွက် မော်လမြိုင်မြို့နယ် သဘင်ပညာရှင်များက အလှူငွေနှင့်အဝတ်အထည်များ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၈

မော်လမြိုင်မြို့နယ် သဘင်ပညာရှင်များအစည်းအရုံးက ကြီးမှူးကျင်းပသော ရခိုင်ပြည်နယ်ဒေသခံပြည်သူများအတွက် မော်လမြိုင်မြို့နယ် အမှုဆောင်များ၊ ဇာတ်တည်ထောင်သူများ၊ မင်းသား/ မင်းသမီးများ၊ သဘင်ပညာရှင်များက စုပေါင်းလှူဒါန်းသည့် အလှူငွေနှင့်အဝတ်အထည်များအား မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး (ဗဟို)သို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၇ ရက်က မော်လမြိုင်မြို့နယ် သဘင်ပညာရှင်များအစည်းအရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်သဘင်ပညာရှင်များအစည်းအရုံးအတွင်းရေးမှူး ဦးကျော်ရွှေက ရခိုင်ပြည်နယ်ဒေသခံပြည်သူများအတွက် လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားပြီး စုပေါင်းလှူဒါန်းခဲ့သော အလှူငွေကျပ် ၅၄၀၀၀၀ နှင့် ငွေကျပ် ၁၂ သိန်း တန်ဖိုးရှိ အဝတ်အထည်ပစ္စည်း ၁၂ ထုပ်တို့ကို မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)သို့ လွှဲပြောင်းပေးအပ်လိုက်ကြောင်း သိရှိရသည်။ **(အပေါ်ဝဲပုံ)** **(သတင်းစဉ်)**

မန္တလေးမြို့၌ ရခိုင်ပြည်နယ်ရှိဒေသခံပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၈

ရခိုင်ပြည်နယ်တွင်ဖြစ်ပွား ပေါ်ပေါက်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့ ၂၉လမ်း ၈၁ လမ်းထောင့်ရှိ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ အမှတ်(၁) တိုင်းဒေသကြီး/ ပြည်နယ် မီးသတ်ဦးစီးရုံးများ ကွပ်ကဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးကြည်တိုး၊ မန္တလေးခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုး၊ ချမ်းအေးသာစံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်နှင့် ဦးသက်ဝေ-ဒေါ်ကြည်မေ(Asia Energy)နှင့် ကုမ္ပဏီဝန်ထမ်းများ၊ ဦးဝင်းစိန်-ဒေါ်သန်းသန်းဝင်း (ရွှေကုန်သည်) မိသားစုများ တက်ရောက်ကြသည်။

လက်ခံ

ထို့နောက် ဦးသက်ဝေ-ဒေါ်ကြည်မေ (Asia Energy ကုမ္ပဏီ)က ရခိုင်ပြည်နယ်ရှိ ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၁၀၀၊ ဦးဝင်းစိန်-ဒေါ်သန်းသန်းဝင်း မိသားစုက ငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးစီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက လက်ခံသည်။

အလှူငွေများ လှူဒါန်းလိုသူများအနေဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အလှူခံဌာန ဗဟိုမီးသတ်စခန်း ၂၉လမ်း ၈၁လမ်းထောင့်၌ လာရောက်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စိုက်ပျိုး

ဇူလိုင် ၈ ရက်က နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ အခြေခံပညာအမှတ်(၆)မူလတန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီး ဦးအောင်သင်း ဦးဆောင်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ရေတမာ၊ စိန်ပန်း၊ စွယ်တော်၊ ခရေနှင့် သပြေပင်များ စိုက်ပျိုးကြစဉ်။ (၁၄၅)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၇-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၇၇)
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၉၁)
၈း၅၀	မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် တင့်လှပေဟန် အသွင်သဏ္ဌာန် ရောင်စုံခြယ်သ မေမြန်မာအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ (အပိုင်း-၁)
၁၀း၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၃၁)
၁၂း၀၅	MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးများရဲ့အကြားအာရုံ)
၂း၀၀	MRTV-4 သတင်း
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၇၈)
၈း၃၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ **The Sign of Love** (အချစ်သင်္ကေတ) (အပိုင်း-၂၁)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၉၂)
၁၁း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၃၂)
၁၂း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၃၂)

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၅ ဒသမ ၀၄ လက်မ၊ အမ်းမြို့တွင် ၅ ဒသမ ၁၀ လက်မ၊ သိမ်ဇရပ်မြို့တွင် ၄ ဒသမ ၄၅လက်မ၊ တောင်ကုတ်မြို့တွင် ၄ ဒသမ ၃၇ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၉၃ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ဒသမ ၁၉ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၄၄ လက်မနှင့် ကျိုက္ခမီမြို့တွင် ၂ ဒသမ ၁၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာစီးပွားရေးကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဇူလိုင် ၈

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာစီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ ဂျပန်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါအဖွဲ့သည် ဂျပန်နိုင်ငံကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံရှိ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့များနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။ အဆိုပါကိုယ်စားလှယ်အဖွဲ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကုန်သည်လုပ်ငန်းရှင် ၃၀ လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ *နာအိုမီဝပ်စ်မှ*

ဒီဇာတ်ကားမှာ ဝေလမင်းသမီး ဒိုင်ယာနာဟာ ၁၉၉၇ ခုနှစ် ဩဂုတ်လမှာ ယာဉ်မတော်တဆမှုနဲ့ သေဆုံးခဲ့တဲ့ဖြစ်ရပ်လည်း ပါဝင်မှာဖြစ်ပါတယ်။ ဒိုင်ယာနာနဲ့ သူမရဲ့ ယောကျ်ားလေးမိတ်ဆွေဖြစ်တဲ့ ဒိုဒီအယ်ဖာယက်တို့နှစ်ဦးရဲ့ ဆက်ဆံရေးကိုလည်း ဒီဇာတ်ကားမှာ ထည့်သွင်းရိုက်ကူးထားပါတယ်။

ဒိုင်ယာနာ မသေဆုံးမီ နောက်ဆုံးနှစ်တွေမှာ ဖြစ်ပျက်ကြုံတွေ့ခဲ့ရတဲ့ အကြောင်းတွေကိုလည်း ထည့်သွင်းရိုက်ကူးနေပါတယ်။

အသက် ၄၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရုပ်ရှင်မင်းသမီး နာအိုမီဝပ်စ်ဟာ ဒိုင်ယာနာနဲ့ ရုပ်ရည်ချင်းဆင်တူပြီး သရုပ်ဆောင်လည်း ထူးခြားတာမို့ ဒီဇာတ်ကားမှာ ရွေးချယ်သရုပ်ဆောင်စေခြင်း ဖြစ်ပါတယ်။ **(အင်တာနက်)**

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အင်းစိန်မြို့နယ်၌ ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၈

သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် အောင်မင်္ဂလာ(၃)လမ်းတွင် ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်ရာ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်ဦးနှင့်အဖွဲ့ဝင်များ မြို့နယ်ကျန်းမာရေးအဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအဖွဲ့ဝင်များ၊ တောင်သူကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစောတာမလာဝါးနှင့် လူမှုရေးအသင်းအဖွဲ့များက အောင်မင်္ဂလာ(၃)လမ်းရှိ နေအိမ်များတွင် ရေတွင်း၊ ရေကန်၊ စဉ့်အိုးများအတွင်း ပိုးလောက်လမ်း ရှိ မရှိ စစ်ဆေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြပြီး ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အုတ်ဖို၌ အားကစားပစ္စည်း၊ ကွန်ပျူတာများ လှူဒါန်း

အုတ်ဖို ဇူလိုင် ၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အလကခွဲ လသာကုန်းကျောင်းမှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် အားကစားပစ္စည်းများ၊ ကွန်ပျူတာ ၁၀ လုံးနှင့် ဖက်စ်ဖုန်းတို့ ပေးအပ်လှူဒါန်းပွဲကို အလကခွဲလသာကုန်းတွင် ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူက အမှာစကားပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် အလှူရှင် ဦးသောင်း-ဒေါ်ကြည်ဝင်း(အောင်သောင်းကုမ္ပဏီလီမိတက် ရန်ကုန်ထရန် စဖော်မာ) မိသားစုက အလှူပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့်ကလက်ခံယူပြီး **(အပေါ်ပုံ)** ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

● *အင်္ဂါဂြိုဟ်မျက်နှာပြင်မှ*

လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး အင်္ဂါဂြိုဟ်မျက်နှာပြင်ရှိ လေထုအနေအထားကို လေ့လာရန်နှင့် အင်္ဂါဂြိုဟ်မျက်နှာပြင်ကို အချိန်ယူကာ လေ့လာမှုများပြုလုပ်ရန် လွှတ်တင်လိုက်ခြင်းဖြစ်သည်။

၎င်းအင်္ဂါဂြိုဟ်မျက်နှာပြင်ဆင်းယာဉ်သည် ဘီးခြောက်ဘီးပါရှိကာ အငယ်စားမော်တော်ကားတစ်စီးအရွယ်အစားရှိသည်။ အဆိုပါယာဉ်တွင် နာဆာမှ ချူကလီးယားစွမ်းအင်သုံး ဓာတ်ခွဲခန်းအငယ်စားတစ်ခုလည်း ပါရှိသွားသည်။ အင်္ဂါဂြိုဟ်မျက်နှာပြင်၏ လေထုဖိအားအပြင် လွန်ခဲ့သည့်နှစ်များစွာက အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် သက်ရှိများနေထိုင်ခဲ့မှုရှိမရှိ အခြေအနေများကိုလည်း လေ့လာသုတေသနပြုသွားမည်ဖြစ်သည်။

အဆိုပါ အင်္ဂါဂြိုဟ်ဆင်းယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင် ကုန်းမြင့်နေရာများသို့လည်း သွားရောက်လေ့လာမည်ဖြစ်ပြီး မီးတောင်ထိပ်ဝများကိုလည်း လေ့လာမည်ဖြစ်သည်။ ထိုသို့ လေ့လာတွေ့ရှိမှုများကို နာဆာမြေပြင်စခန်းသို့ သတင်းအချက်အလက်နှင့်ဓာတ်ပုံများ ပြန်လည်ပေးပို့သွားမည် ဖြစ်သည်။ **(အင်တာနက်)**

မကွေးနှင့် ကချင် ဘယ်သူဗိုလ်စွဲမလဲ

နေပြည်တော် ဇူလိုင် ၈

တိုင်းဒေသကြီးနှင့် ပြည်နယ်များ Champion Challenge Cup (2012) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင် ၉ ရက်(ယနေ့)တွင် နေပြည်တော် FC (ပေါင်းလောင်း) ဘောလုံးကွင်း၌ မကွေးတိုင်းဒေသကြီး ဘောလုံးအသင်းနှင့် ကချင်ပြည်နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ကချင်ပြည်နယ်အသင်းတွင် (ဂိုး) စိုးလွင်လွင်၊ အာကာပြည့်ဖြိုး(နောက်တန်း)၊ ဇွဲအောင်၊ ကျော်သူအောင်၊ စိုးစံ၊ သက်ပိုင်ဦး၊ နေမျိုးအောင်၊ ကျော်ဇေယျ (အလယ်တန်း) စိုးကျော်ဦး၊ ရဲရင့်အောင်၊ ဇော်လွင်၊ ကျော်ရဲထွဋ်၊ ဇင်မင်းသိန်း၊ မောင်မောင်သိုက်၊ ပြည့်ဖြိုးကျော်၊ (ရှေ့တန်း) ဇာနည်ထွန်း၊ ချစ်မိုးဦး၊ လွမ်းဝေဦး၊ သန်းဇော်ဟိန်းတို့ ပါဝင်ကစားနိုင်ဖွယ်ရှိသည်။

ကချင်ပြည်နယ်အသင်းသည် အုပ်စု (က)တွင် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး အသင်းတို့နှင့် တစ်အုပ်စုတည်း ကစားခဲ့ရှိသည်။

ကချင်ပြည်နယ်ဘောလုံးအသင်းမှာ ပြိုင်ပွဲတစ်လျှောက်တွင် ကရင်ပြည်နယ်ဘောလုံးအသင်းတို့ နှစ်ဂိုး-ဂိုးမရှိ၊ တနင်္သာရီတိုင်းဒေသကြီးဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကယားပြည်နယ်ဘောလုံးအသင်းကို တစ်ဂိုး-လေးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ကွာတားဖိုင်နယ်တွင် မန္တလေးတိုင်းဒေသကြီး ဘောလုံးအသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။

မကွေးတိုင်းဒေသကြီး ဘောလုံးအသင်းတွင် (ဂိုး)နေလင်းနိုင်၊ ဇင်ဝိုင်း၊ (နောက်တန်း)စိုင်းဇော်ဇော်၊ သန့်ဇင်ဝင်း၊ ကျော်သူရနိုင်၊ မျိုးသွင်၊ သက်ကို၊ (အလယ်တန်း)သီဟစိုး၊ သီဟသူ၊ နေဝင်းနိုင်၊ ငြိမ်းချမ်းအောင်၊ သူရကျော်၊ နေလင်းခိုင်၊ (ရှေ့တန်း)ပြည့်စုံအောင်၊ သက်ပိုင်ပြည့်၊ လင်းဖြိုးအောင်၊ ခင်မောင်ကျော်၊ ကောင်းပြည့်နိုင်တို့ ပါဝင်ကစားဖွယ်ရှိသည်။

မကွေးတိုင်းဒေသကြီးအသင်းသည် အုပ်စု (ဃ)တွင် ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်ဘောလုံးအသင်းတို့နှင့်အတူ ကစားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ကာ ချင်းပြည်နယ်ဘောလုံးအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသည်။

ကွာတားဖိုင်နယ် ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ မွန်ပြည်နယ်ဘောလုံးအသင်းကိုသုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အကြိုဗိုလ်လုပွဲတွင် ကယားပြည်နယ်ဘောလုံးအသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ သို့ဖြစ်ရာ မျိုးဆက်သစ်လူငယ်လေးများဖြင့်ဖွဲ့စည်းထားပြီး အနိုင်မခံ အရှုံးမပေးသောစိတ်ဓာတ်ကို အရင်းတည်ကာ မာကျောတောင့်တင်းသော ကချင်ပြည်နယ်အသင်းက Champion Challenge Cup (2012) ဒိုင်းဆုကြီးကို ဂျိမ်းဖောမြေဆီသို့ သယ်ဆောင်သွားမလား. . . ဘောလုံးရသပေါ်လွင်အောင် ကစားတတ်ပြီး အချိတ်အဆက်မိမိ ထိုးဖောက်ကစားတတ်သော မကွေးတိုင်းဒေသကြီး ဘောလုံးအသင်းကပဲ Champion Challenge Cup (2012) ဒိုင်းဆုကြီးကို ဖန်ခါးမြေသို့ သယ်ဆောင်သွားမလားဆိုသည်ကို နေပြည်တော် FC (ပေါင်းလောင်း) ဘောလုံးကွင်းကြီးမှာ စောင့်မျှော်ကြည့်ရှုကြရမှာဖြစ်ပါကြောင်း။ **(ဇော်မင်းအောင်)**

❖ *ဝင်ဘယ်ဒန်ဖလားမှ*

အားပေးခဲ့ကြသည်။ ဝင်ဘယ်ဒန်ကွင်းကြီးအတွင်း၌ ကွင်းလုံးပြည့် ပရိသတ်များအားပေးခဲ့ကြသည့်အပြင် ကွင်း၏အပြင်ဘက်၌လည်း ကြီးမားသော ရုပ်မြင်သံကြားပြစက်ကြီးများဖြင့် ပြသခဲ့ရာ ပရိသတ်များ မိုးထဲရေထဲတွင် ထီးများဆောင်း၍ တစ်ခဲနက်အားပေးခဲ့ကြသည်။ နောက်ဆုံးတွင် ရော်ဂျာဖက်ဒရားသည် အင်ဒီမာရေးအား ၄-၆၊ ၇-၅၊ ၆-၃၊ ၆-၄ဖြင့် နိုင်ပြီး ဖလားဆွတ်ခူးခဲ့သည်။ ယင်းဖလားသည် ဖက်ဒရားအတွက် ခုနစ်လုံးမြောက် ဝင်ဘယ်ဒန်ဖလားဖြစ်သည်။ အင်ဒီမာရေးသည် ဝင်ဘယ်ဒန်ဖလားကို ဗြိတိန်နိုင်ငံသားတစ်ဦးအနေဖြင့် ဆွတ်ခူးရန် အကြိတ်အနယ် ကြိုးစားခဲ့သော်လည်းဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ မာရေးသည် ဒုတိယဆုနှင့်အတူ ဆုကြေးငွေပေါင် ၅၇၅၀၀၀ ဆွတ်ခူးရရှိသွားခဲ့သည်။ ပထမဆုရရှိသည့် ရော်ဂျာ ဖက်ဒရားသည် ဆုကြေးငွေ ပေါင် ၁ ဒသမ ၁၅သန်းဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

လှိုင်သာယာမြို့နယ် အမှတ်(၃)ရပ်ကွက် သာယာကုန်းချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင် ၇ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်နှင့် ပြည်သူများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (ဝ၃၃)

မြန်မာ့အလင်း မှုခင်းသတင်း

မော်တော်ဆိုင်ကယ် ဆိုက်ကားနောက်ဝင်တိုက်

ပျဉ်းမနား ဇူလိုင် ၈

ပျဉ်းမနားမြို့ အာဟာရသုခဈေးအနီး မြို့ရှောင်လမ်းမပေါ်တွင် ဆိုက်ကားကို မော်တော်ဆိုင်ကယ်က နောက်မှ ဝင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ***(အပေါ်ပုံ)***

အရေးယူထား

ဖြစ်ပွားပုံမှာ ဇူလိုင် ၈ ရက် နံနက်က နေပြည်တော်-ပျဉ်းမနားမြို့ အာဟာရသုခဈေးအနီး မြို့ရှောင်လမ်း မိုင်တိုင် အမှတ် ၁၅/၆နှင့် ၁၅/၇ ကြားတွင် စိုးမိုးအောင် ၂၃ နှစ် (ဘ) ဦးချစ်ချို နေ့စားယာဉ်မောင်း ဇေယျာသီရိမြို့နယ်နေသူ မောင်းနှင်ပြီး နေအောင် ၂၆ နှစ် (ဘ)ဦးရဲအောင် လိုက်ပါလာသော ၉/ယ. . . ဟန်စင်း အနက်ရောင် ဆိုင်ကယ်သည် အာဟာရသုခဈေးဘက်မှ ဘောဂသီရိကားဝင်းဘက်သို့ မောင်းနှင်လာရာ ရှေ့မှ ခင်မောင်မြင့် ၄၂ နှစ် (ဘ)ဦးထွန်းရီ (ဆိုက်ကားနင်း)အောင်ချမ်းသာရပ်ကွက် ပျဉ်းမနားမြို့နေသူ စီးနင်းလာသော နံပါတ်မပါဆိုက်ကားကို နောက်မှဝင်တိုက်မိပြီး ဆိုက်ကားနှင့် ဆိုင်ကယ်တိမ်းမှောက်ကာ ဆိုင်ကယ်မောင်းနှင်သူ စိုးမိုးအောင်တွင် ဦးခေါင်း ဝဲချိုစောင်း ဖူးရောင်ပေါက်ပြဲ၊ ဝဲ/ယာ ပါးပွန်းပဲ့၊ မျက်နှာဖူးရောင်၊ ဆိုက်ကားနင်းသူ ခင်မောင်မြင့်တွင် ဝဲပါးပွန်းပဲ့၊ ဝဲပခုံးနာကျင်၊ ဝဲခြေဖမိုးပွန်း ဒဏ်ရာများရရှိခဲ့သဖြင့် စိုးမိုးအောင်ကို နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံသို့ တင်ပို့ခဲ့ပြီး ခင်မောင်မြင့်ကို ပျဉ်းမနား ခုတင်(၂၀၀)ဆေးရုံတွင် ဆေးကုသလျက်ရှိကြောင်း၊ အခင်းဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ပျဉ်းမနားရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။ ***(၁၂၅)***

ယာဉ်ခြောက်စီး ဆင့်တိုက်မှုမှ စတုတ္ထကား ပျက်စီးမှုကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

မြေနီကုန်းလမ်းဆုံအနီးတွင် ကားခြောက်စီးဆင့်တိုက်မှုဖြစ်ပွား

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်းဒေသကြီးတွင် ဇူလိုင် ၈ ရက် နံနက် ၉ နာရီဝန်းကျင်ခန့်က မြေနီကုန်းမီးပွိုင့်အနီး ပြည်လမ်းပေါ်တွင် ကားခြောက်စီးဆင့်တိုက်မှုတစ်ခုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

ဖြစ်ပွားပုံမှာ အင်းစိန်ဘက်မှ ဆူးလေဘက်သို့ မောင်းနှင်လာသော မထသ(၄၈) ယာဉ်လိုင်းမှ အထူးယာဉ်သည် ဘရိတ်ပေါက်အရှိန်လွန်ကာ မီးပွိုင့်တွင် တန်းစီရပ်နေသော ရှေ့မှကားများကို ဆင့်ကဲတိုက်မိခဲ့ခြင်းဖြစ်သည်။ ထိုသို့ဖြစ်ပွားရာတွင် သေဆုံးသူမရှိခဲ့ဘဲ ဒဏ်ရာရသူများ ရှိခဲ့သည်။

ပြောကြား

"ကျွန်မက ဒီကားကို ကိုယ်တိုင်မောင်းလာတာပါ။ ၄၈ အထူးကားက အနောက်ကနေ ဝင်တိုက်တာလို့ဆိုတယ်။ ကြားထဲကကားတွေက ဘာမှလုပ်လို့မရဘဲ ကြားညှပ်သွားတယ်။ ကျွန်မကားမောင်းလာခဲ့တဲ့ သက်တမ်းနှစ် ၂၀ ကျော်အတွင်းမှာ ဒီလိုမျိုးက ပထမဆုံးကြုံတွေ့ရတာပါ။ ဖြစ်ဖြစ်ချင်းမှာ လျှော်လှုပ်ပြီး မြေပြိုသလိုပါပဲ။ အခုလောလောဆယ် ခြေထောက်နာနေပြီး တဖြည်းဖြည်း ရောင်လာတယ်။ ရန်ကုန်မှာ ကားတွေရော လူတွေရော စည်းကမ်းမရှိကြဘူး"ဟု ဆိုးရွားစွာပျက်စီးသွားသည့် Suzuki Wagon ကားကို ကိုယ်တိုင်မောင်းနှင်လာသူ အမျိုးသမီးက ပြောပြသည်။

"ဒီ (၄၈) အထူးကားက ဒီမီးပွိုင့်ကို မရောက်ခင်ကတည်းက သူ့ရှေ့က Super Custom ကားကို ဝင်ဆောင့်ခဲ့တဲ့အခါ ဒီရှေ့ကိုအရောက်မှာ ဝုန်းခနဲဝင်ဆောင့်လိုက်သလို ဖြစ်သွားတာပါ။ ဒီရှေ့ကို မရောက်ခင်ကတည်းက နောက်ကနေ တိုက်တဲ့အသံမျိုးကြားနေရပြီး ဒီရှေ့လည်းရောက်ရော ဝုန်းခနဲအသံကြီးနဲ့အတူ ဆင့်ကဲ တိုက်ကုန်ကြတာတွေ့ရတယ်။ လူတွေတော့ ဆိုးဆိုးရွားရွား ဘာမှမဖြစ်ဘဲ ဒဏ်ရာရကြတာတော့ ရှိပါတယ်" ဟု ဖြစ်ပွားရာနေရာ တည့်တည့်ရှိ မျက်မြင်ကြုံရသူတစ်ဦးက ပြောကြားသည်။ အဆိုပါ (၄၈) အထူးယာဉ်လိုင်းမှ ကားကို မောင်းနှင်လာသည့် ယာဉ်မောင်းမှာ ထွက်ပြေး တိမ်းရှောင်လျက်ရှိသည်။ **(မြန်မာ့အလင်း)**

*** ရှေ့ဖုံးမှ**

တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်တွင်းကုမ္ပဏီများမှ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ပြည်ပကုမ္ပဏီများမှ အတိုင်ပင်ခံအင်ဂျင်နီယာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် ကွန်းချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဓာတ်အားပေးစက်ရုံဆိုင်းဘုတ်ကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဓာတ်အားပေးစက်ရုံ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဓာတ်အားပေးစက်ရုံအတွင်းရှိ ဓာတ်အားပေးစက်များမှ ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားထိန်းချုပ်ခန်း (Control Room) မှ နိုင်ငံတော်ဓာတ်အားကွန်ရက်စနစ်အတွင်းသို့ ပို့လွှတ်မောင်းနှင်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ရေလှောင်တမံဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းရေလှောင်တမံကမ္ပည်းကျောက်စာတိုင်ကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ ရှုရပ်မှနေ၍ ပင်မတမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုနှင့် စီမံကိန်းလုပ်ငန်းခွင်အတွင်း ရေအားအဆောက်အအုံများ ဆောက်လုပ်ထားရှိမှု၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုကြသည်။

ယခုဖွင့်လှစ်လိုက်သည့် ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် အဓိက ရေအားအဆောက်အအုံများအနေဖြင့် ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၉၅၅၀၀၀ သိုလှောင်နိုင်မည့်အလျားပေ ၁၂၆၀ နှင့် အမြင့်ပေ ၂၄၀ ရှိ ကျောက်ဖြည့်တမံ (Rock -Fill Dam) အမျိုးအစားပင်မတမံ၊ အကျယ်ပေ ၆၀ ရှိ ရေပိုလွှဲ (Spill-way)၊ ရေထိန်းတံခါးသုံးခုပါဝင်သည့် အမြင့် ၁၈၃ ပေရှိ ရေထိန်းမျှော်စင်နှင့် အလျားပေ ၁၂၀၀၊ အကျယ်ငါးပေနှင့် အမြင့် ၁၂ ဒသမ ၅ ပေရှိပြွန်သုံးပေါက်ပါဝင်သည့် (Box Conduit Type) သံကူကွန်ကရစ် ရေလွှဲ ရေထုတ်ပြွန်၊ အလျား ၁၁၅ ပေ၊ အနံ ၅၄ ပေနှင့် အမြင့် ၁၄၄ ပေရှိ ရေယူအဆောက်အအုံ၊ အချင်း ၁၆ ဒသမ ၅ ပေနှင့် အရှည် ၂၃၅၁ ပေရှိ ဖိအားနိမ့်သံမဏိပိုက်လိုင်းနှင့် အချင်း ၁၄ ဒသမ ၇၅ ပေနှင့် အရှည် ၇၄၅ ပေရှိ ဖိအားမြင့်သံမဏိပိုက်လိုင်း၊ အချင်း ၁၈ ပေ၊ အရှည် ၆၁၂၆ ပေရှိ ရေသွယ်ဥမင်လိုဏ်နှင့် အချင်း ၅၂ ဒသမ ၅ ပေနှင့် အမြင့် ၁၈၄ ပေရှိ ရေလှိုင်းထိန်းစည်၊ အလျား ၁၅၆ ပေ၊ အနံ ၈၇ ပေနှင့် အမြင့် ၉၃ ပေရှိ ဓာတ်အားပေးစက်ရုံနှင့် ထရန်စဖော်မာယာဒ်၊ ဆွဒ်ယာဒ်စသည့် တည်ဆောက်ရေးလုပ်ငန်းကြီး (၁၀)ရပ်ကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရပြီး ရေသွယ်မှုစနစ်ကို ပုံစံသုံးမျိုးဖြင့် ဆောင်ရွက်ခဲ့ရာတွင် သံမဏိပိုက်ကို ကွန်ကရစ်သွန်းလောင်းပြီး တမံအောက်မြှုပ်၍ ဆောင်ရွက်ခဲ့ရသည့်အပိုင်း၌ ၇၅၇ ပေ သံမဏိပိုက်ကို မြေပေါ်ဖော်ပြီး သွယ်တန်းမှုသည် ၂၃၃၉ ပေနှင့် ချဉ်းကပ်ဥမင် လိုဏ်အပါအဝင် ဥမင်လိုဏ်တစ်ခုလုံးကို ၆၉၀၉ ပေခန့် ဆောင်ရွက်ခဲ့ရသည့်အတွက် ရေသွယ်မှုစနစ်တစ်ခုလုံး ပေ ၁၀၀၀၀ ခန့် ဆောင်ရွက်ခဲ့ရပြီး လျှပ်စစ်စက်တပ်ဆင်အားအနေဖြင့် စက်တစ်လုံးလျှင် ၂၀ မဂ္ဂါဝပ်ရှိ (Francis-Vertical Shaft) တာဘိုင်အမျိုးအစား စက်သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၆၀ မဂ္ဂါဝပ်မှ တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အား သန်း ၁၉၀ ကို ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။

ဖွင့်လှစ်ပေး

အဆိုပါစီမံကိန်း၏ အကြိုစူးစမ်းလေ့လာရေးလုပ်ငန်းများနှင့် ဒီဇိုင်းပုံထုတ်ခြင်းလုပ်ငန်းများကို ၂၀၀၁ ခုနှစ်တွင် ပြုလုပ်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများကို ၂၀၀၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ကာ အမှတ်(၁) ဓာတ်အားပေးစက်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် စတင်၍လည်းကောင်း၊ စက်အမှတ်(၂) နှင့် စက်အမှတ် (၃)ဓာတ်အားပေးစက်များကို ၂၀၁၂ ခုနှစ် မတ် ၃ ရက်တွင် လည်းကောင်း စီးပွားဖြစ် စက်စတင်မောင်းနှင်ခြင်း (Commercial Running) ဆောင်ရွက်၍ နိုင်ငံတော်ဓာတ်အား ကွန်ရက်စနစ်အတွင်းသို့ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အားပို့လွှတ်ပေးနိုင်ခဲ့ပြီးနောက် ဆက်လက်၍ အချောသပ်လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများ တိုးတက် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနကိုယ်တိုင်တာဝန်ယူတည်ဆောက်ခြင်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များအား B.O.Tစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း၊ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (B.O.T/ J.V)စနစ်ဖြင့် ဆောင်ရွက်စေခြင်းစသည့်နည်းလမ်းသုံးသွယ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိသော လျှပ်စစ်စီမံကိန်းများ တစ်ခုပြီးတစ်ခု ပြီးစီးလာပါက လျှပ်စစ်ဓာတ်အားများ တစ်နှစ်ပြီးတစ်နှစ် ပိုမိုတိုးတက်ရရှိလာမည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး စစ်တောင်းမြစ်ဝှမ်းဒေသတွင် တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအနက် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းတို့သည် မကြာမီကာလအတွင်း ဆက်လက်၍ ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်သည်။ ယခုအခါ ကွန်းချောင်းရေအား လျှပ်စစ်စီမံကိန်းကို အောင်မြင်စွာတည်ဆောက် ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်သကဲ့သို့ ဒေသခံပြည်သူများအတွက်လည်း လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသထွက်ကုန်ကြမ်းပစ္စည်းများကိုအခြေခံ၍ တန်ဖိုးမြင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်မည့် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ထူထောင်လာနိုင်မည့်အခွင့်အလမ်းကောင်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်သည်။

ယခုဖွင့်လှစ်ခဲ့သည့် ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မြန်မာနိုင်ငံ မဟာဓာတ်အားလိုင်းစနစ်သို့ပို့လွှတ်သော ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများအနက် (၁၉)ရုံမြောက် ဖွင့်လှစ်ခဲ့သည့် ရေအားလျှပ်စစ်စက်ရုံဖြစ်ပြီး အစိုးရသစ်ကာလတွင် တတိယအကြိမ်မြောက် ဖွင့်လှစ်ခဲ့သည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်သည်။ ယခုအခါ နိုင်ငံတော်၌ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၉ ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံတစ်ရုံ၊ သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ ၁၅ ရုံ စုစုပေါင်း လျှပ်စစ်ဓာတ်အားပေး စက်ရုံ ၃၅ ရုံ ရှိလာပြီဖြစ်ပြီး လျှပ်စစ်စက်တပ်ဆင်အား စုစုပေါင်း ၃၄၉၄ မဂ္ဂါဝပ် ရရှိလာပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ အမှတ်(၃)အခြေခံပညာဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး) ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ရန်ကုန်မြောက်ပိုင်းခရိုင် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများအား ပျိုးပင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ ရန်ကုန်မြောက်ပိုင်းခရိုင်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၈

အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ရန်ကုန်မြောက်ပိုင်းခရိုင် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အင်းစိန်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများက မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများထံ ပျိုးပင်များ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်နေရာတွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး တိုင်းဒေသကြီး ဝန်ကြီးများက သတ်မှတ်နေရာအသီးသီး၌ သစ်ပင်များစိုက်ပျိုးပေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ရန်ကုန်မြောက်ပိုင်းခရိုင် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ မဟော်ဂနီ၊ ခရေ၊ စိန်ပန်း၊ ငုရွှေဝါ၊ တည်ပင်စသည့် သစ်ပင်အမျိုးအစား ခြောက်မျိုးမှ စုစုပေါင်းပျိုးပင် ၁၃၀၀ ကို စိုက်ပျိုးပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥက္ကံမြို့ လက်ပံခုန်ကျေးရွာအနီး အုတ်ကန်ချောင်းဖြတ် ဘိုးပိုင်တံတားသစ်တည်ဆောက်

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် ယမန်နေ့ နံနက်ပိုင်းတွင် တိုက်ကြီးမြို့နယ် ဥက္ကံမြို့ လက်ပံခုန်ကျေးရွာအနီးရှိ အုတ်ကန်ချောင်းဖြတ် ဘိုးပိုင်သစ်သားတံတားသစ် တည်ဆောက်နေမှု **(အပေါ်ပုံ)**နှင့် အနော်ရထာရပ်ကွက်ရှိ အနော်ရထာချောင်းကူး ဘိုးပိုင် သစ်သားတံတားသစ် တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုက်ကြီးမြို့နယ် အဖျောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး အဖျောက်မြို့ မြစ်ကမ်းပါး မြစ်ရေတိုက်စားမှုမှ ကာကွယ်ရန် မြေကာနံရံ ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များမှာကြားကာ မြေကာနံရံ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းအတွက် ငွေကျပ် ၂၅ သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ငါးသိန်းတို့ကို မတည်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးသည် မြစ်ကမ်းပါး မြေကာနံရံ ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပန်းဝါသနာရှင်များအသင်း အဆင့်မြင့်ပန်းအလှပြင် သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်းက ကြီးမှူးဖွင့်လှစ်မည့် အဆင့်မြင့် ပန်းအလှပြုပြင်မှုသင်တန်း (၁/၂၀၁၂)ကို ဇူလိုင် ၉ ရက်မှ ၁၉ ရက်အထိ လည်းကောင်း၊ စီးပွားဖြစ် သစ်ခွစိုက်ပျိုးနည်းသင်တန်း (၁/၂၀၁၂)ကို ဩဂုတ် ၂၀ ရက်မှ ၃၀ ရက်အထိ လည်းကောင်း သင်တန်းသားသင်တန်းသူ ၅၀ စီဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံးခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားရာ ဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (၁၇၃)

ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်း သီရိမင်္ဂလာ ဥယျာဉ်အိမ်ရာ 002-C4 နေ ဦးကျော်စိုး-ဒေါ်ခင်အေးအေးသန်း(မိသားစု) က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးအုံးမြင့် လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ (မြို့မဈေး) သမဝါယမအသင်း (လီမိတက်) ၏ ၂၀၁၁-၂၀၁၂ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၂ ရက်က မြို့မဈေးဓမ္မာရုံ၌ ကျင်းပရာ မြို့မဈေးသမဝါယမအသင်းအမှုဆောင် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းက ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်စဉ်။ (၀၂၁)

မိုးရေစုဆောင်းထိန်းသိမ်းခြင်း

အောင်ထိုက်

ကမ္ဘာမြေကြီး၏ မျက်နှာပြင် ၇၀ ရာခိုင်နှုန်းသည် ရေများဖြင့် ဖုံးလွှမ်းလျက်ရှိပြီး ကမ္ဘာ့ရေထု၏ ၉၇ ဒသမ ၅ ရာခိုင်နှုန်းသည် ပင်လယ်ဆားငန်ရေများဖြစ်ကြသည်။ ကမ္ဘာ့ရေထု၏ ၂ ဒသမ ၅ ရာခိုင်နှုန်းသာ ရေချိုများဖြစ်ကြပါသည်။ ထို့အပြင် ရေချိုအများစုသည် ဝင်ရိုးစွန်းရေခဲတောင်များ၊ မြေထုတွင်းအောင်းရေ (သို့) မြေအောက်ရေကြောများအဖြစ် တည်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ခန့်မှန်းချက်အရ ကမ္ဘာ့ရေချို၏ ၁ ရာခိုင်နှုန်း ထက်နည်းသော(သို့) ကမ္ဘာ့ရေထု၏ တစ်သိန်းပုံ ခုနစ်ပုံသာ လူသားထုအတွက် သုံးစွဲနိုင်ပါသည်။

ထုတ်ယူသုံးစွဲသော ရေချို၏ ၇၀ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေးအတွက်လည်းကောင်း၊ ၈ ရာခိုင်နှုန်းသည် လူသားများ သောက်သုံးခြင်းနှင့် ဆေးကြောသန့်စင်ခြင်းအတွက်လည်းကောင်း၊ ၂၂ ရာခိုင်နှုန်းသည် စက်မှုလုပ်ငန်းများအတွက်လည်းကောင်း အသုံးပြုကြောင်း သိရှိရပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံ ၁၉၁ နိုင်ငံအနက် ၁၀ နိုင်ငံသည် ကမ္ဘာ့ရေအရင်းအမြစ်၏ ၆၅ ရာခိုင်နှုန်းကိုပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ နောင် ၂၅ နှစ်အတွင်း ယခုလက်ရှိ ရေသုံးစွဲမှုအတိုင်း သုံးစွဲပါက လူဦးရေ သန်း ငါးထောင်ခန့်သည် နေ့စဉ်ရေလိုအပ်ချက်(ဆေးကြောသန့်စင်ခြင်း၊ ချက်ပြုတ်ခြင်း၊ သောက်သုံးခြင်း) ရရှိရန် ခက်ခဲသည့် အရပ်ဒေသများတွင် နေထိုင်ကြရမည်ဟု သိရှိရပါသည်။ သာမန်လူတစ်ယောက်အတွက် နေ့စဉ်ရေလိုအပ်ချက်မှာ၁၃၅ မှ ၁၄၀ လီတာ (သို့) ဂါလန် ၃၀ ခန့်လိုအပ်ပါသည်။

ထိုအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် မိုးရေစုဆောင်းထိန်းသိမ်းခြင်း နည်းပညာ (Rainwater Harvesting Technology) ကို အသုံးပြုခြင်းဖြင့် ဆောင်ရွက်နိုင်ပါသည်။ မိုးရေစုဆောင်းထိန်းသိမ်းခြင်းဟူသည်မှာ မိုးရေကို စုဆောင်းခြင်းနှင့် သိမ်းဆည်းခြင်းဖြစ်ပါသည်။ စုဆောင်းသိမ်းဆည်းထားသော မိုးရေကို သောက်သုံးရေ၊ စိုက်ပျိုးရေ၊ မွေးမြူရေး သုံးရေတို့အပြင် မြေအောက်ရေလွှာကို ရေပြန်လည်ဖြည့်တင်းရာတွင် အသုံးပြုနိုင်ပါသည်။ မိုးရေကို အိမ်၏ ခေါင်မိုးများ၊ အဆောက်အအုံများနှင့် အထူးပြုလုပ်ထားသော မြေမျက်နှာပြင်မှ တစ်ဆင့် စုဆောင်းနိုင်မည်ဖြစ်ပြီး သောက်သုံးရေအတွက် အကောင်းဆုံး အထောက်အပံ့ပေးနိုင်ပါမည်။ တချို့နေရာများတွင် မိုးရေသည်သာ တစ်ခုတည်းသော ကုန်ကျမှုအနည်းဆုံး ရေအရင်းအမြစ်အဖြစ် တွေ့ရှိရပါသည်။ မိုးရေသိမ်းဆည်းရန်အတွက် ဒေသထွက်ပစ္စည်းများဖြင့် လွယ်ကူစွာ တည်ဆောက်နိုင်ပါသည်။ မိုးရေသည် များသောအားဖြင့် အရည်အသွေး ကောင်းမွန်သဖြင့် သောက်သုံးရန်အတွက် အထူးပြုပြင်မှုများ မလိုအပ်ပါ။

မြေအောက်ရေလှောင်ကန်ဖြင့် သိုလှောင်သိမ်းဆည်းမှုစနစ်

မိုးရေမှလွဲ၍ အခြားရေအရင်းအမြစ်မရှိသော နေရာများတွင် တစ်နှစ်မိုးရေချိန် ၈ လက်မထက်ကျော်ပါက မြေအောက်ရေလှောင်ကန် သိုလှောင်မှုစနစ် ပြုလုပ် သုံးစွဲနိုင်ပါသည်။ ယေဘုယျအားဖြင့် မိုးရေကို မြေပြင်(သို့) ခေါင်မိုးပေါ်မှ စုဆောင်းပြီး စုဆောင်းရရှိမှုသည် ခေါင်မိုးမျက်နှာပြင်ဧရိယာ အကျယ်အဝန်း၊ တစ်နှစ်မိုးရေချိန်ရရှိမှုလက်မနှင့် ခေါင်မိုးမှ မိုးရေစုဆောင်းထိန်းသိမ်းနိုင်မှုအပေါ် မူတည်ပါသည်။ ခေါင်မိုးမှ မိုးရေကို ရေတံလျှောက်နှင့် ရေဆင်းပိုက်များမှ တစ်ဆင့် မြေအောက်ရေလှောင်ကန်သို့ ထည့်သွင်းစုဆောင်းနိုင်ပါသည်။ **ခေါင်မိုးပေါ်တွင် ဖုန်မှုန့်များ၊ ငှက်တို့၏ အညစ်အကြေးများဖြင့် ညစ်ညမ်းမှုရှိတတ်သဖြင့် မိုးဦးရာသီ၏ ပထမဦးဆုံးမိုးရေကို ပြင်ပသို့ စွန့်ထုတ်ပစ်ရပါမည်။** ရေတံလျှောက်သည် သင့်လျော်သော ဆင်ခြေလျှောရှိရပါမည်။ မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် ခံနိုင်ရည်ရှိစေရန် လိုအပ်ပြီး အသင့်အတင့်ကြီးမားရန် လိုအပ်ပါသည်။ သိုလှောင်ကန်များကို သင့်လျော်သည့် အဖုံးများတပ်ဆင်ခြင်းဖြင့် ခြင်ပေါက်ဖွားခြင်း၊ ရေငွေ့ပြန်ဆုံးရှုံးခြင်း၊ အညစ်အကြေးဝင်ရောက်ခြင်းနှင့် ရေညှိပေါက်ဖွားခြင်းတို့ကို ကာကွယ်နိုင်ပါသည်။ ကောင်းမွန်သော ရေရရှိရေးအတွက် အထက်ပါ ရေသိုလှောင်မှုစနစ်တစ်ခုလုံးကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ပေးရန် လိုအပ်ပါသည်။

ရေဆည်ကန်သင်းများ ဆောက်လုပ်ခြင်း

မြေအောက်ရေကြောများတွင် ရေသိုလှောင်မှုပမာဏ မြင့်မားစေရန်အတွက် မြေမျက်နှာပြင်ပေါ်တွင် ကန်သင်းများ တည်ဆောက်ခြင်းဖြင့် မိုးရေစီးဆင်းမှုကို တားဆီးပေးနိုင်ပြီး မြေမျက်နှာပြင်မှ ရေစိမ့်ဝင်စေခြင်းဖြင့် မြေအောက်ရေကြောသို့ ရေပြန်လည်ဖြည့်တင်းပေးနိုင်မည် ဖြစ်သည်။

မြို့ပြများတွင် အကျိုးသက်ရောက်မှုများ

မြို့ပြဒေသများတွင် မိုးရေသိမ်းဆည်းသိုလှောင်နည်းများကို အသုံးပြုခြင်းအားဖြင့်-

(၁) မြို့၏ ရေလိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်ခြင်း
(၂) မြို့ပြစိမ်းလန်းသာယာရေးအတွက် မြေအစိုဓာတ်ပိုမိုရရှိစေခြင်း
(၃) မြို့ပြရေလွှမ်းမိုးမှုလျှော့ချနိုင်ခြင်း
(၄) မြေအောက်ရေကြောများသို့ ရေပြန်လည်ဖြည့်တင်းပေးနိုင်ခြင်း
(၅) မြေအောက်ရေ၏ အရည်အသွေးကောင်းမွန်တိုးတက်စေခြင်းတို့ ဖြစ်စေနိုင်ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ မြို့ပြနေရာများတွင် နေအိမ်အလိုက် သိုလှောင်သိမ်းဆည်းသည့် မိုးရေကို ရေအိမ်တွင် အသုံးပြုခြင်းနှင့် အဝတ်လျှော်ခြင်းများအတွက် အသုံးပြုနိုင်ပါသည်။ ရေစေးသာရရှိသည့် နေရာများအတွက် မိုးရေသိမ်းဆည်းသိုလှောင်ခြင်းသည် ပိုမိုအကျိုးသက်ရောက်မှုဖြစ်စေပြီး ရေချိုးခြင်းအတွက်နှင့် ပြုပြင်၍ သောက်သုံးခြင်းအတွက် အသုံးပြုနိုင်ပါသည်။ နယူးဇီလန်ရှိ မြို့ပြနှင့်ဝေးရာနေအိမ်အများစုသည် စုဆောင်းရရှိသော မိုးရေကို နေအိမ်သုံး လုပ်ငန်းအားလုံးအတွက် တစ်ခုတည်းသော အရင်းအမြစ်ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ ကျေးလက်နေအိမ်များတွင် မိုးရေသိမ်းဆည်း သိုလှောင်နိုင်မည့်နည်းလမ်းများ

အပူပိုင်းဒေသရှိ ကျေးလက်နေအိမ်များတွင် မိုးရေကို ခေါင်မိုးမှခံယူ၍ ဝါးရေတံလျှောက်များဖြင့် သွယ်တန်းကာ ရေတွင်းများသို့ ဖြည့်တင်းပေးခြင်းဖြင့် မြေအောက်ရေကြောများအတွင်း ရေထု ပြန်လည်ဖြည့်တင်းပေးနိုင်မည်ဖြစ်ပြီး နွေရာသီတွင် ရေခန်းခြောက်မှုများ ကာကွယ်နိုင်ပါသည်။ ထို့အပြင် သံဓာတ်ပါရှိသော ရေစေးများ ပါဝင်သော မြေအောက်ရေကြောကို မိုးရေဖြည့်တင်းပေးခြင်းဖြင့် သံဓာတ်လျော့ကျခြင်း၊ ရေစေးမှုလျော့ချနိုင်ခြင်းတို့ ဖြစ်စေနိုင်ပါသည်။ အဝီစိရေတွင်းများ တူးဖော်အသုံးပြုထားပါက ရေတံလျှောက်မှရေများကို ပိုက်များဖြင့်သွယ်တန်း၍ အဝီစိရေတွင်းပိုက်ထဲသို့ စီးဆင်းစေခြင်းအားဖြင့် အထက်ပါ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ မြန်မာပြည်ရှိ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများတွင် နှစ်ရာပေါင်းများစွာက ဆည်ဖို့ပြုလုပ်ထားသော မိုးရေကန်များရှိပါသည်။ အဆိုပါကန်များသည် ရေချိုရှားပါးသော ဧရာဝတီတိုင်းဒေသကြီးအတွက် နွေရာသီတွင် သောက်သုံးရေဖူလုံမှုရှိစေပြီး ကျေးရွာလူထုမှ အထူးဂရုပြု ထိန်းသိမ်းထားကြပါသည်။

ပုံ(၁) မိုးရေကို စုဆောင်း၍ အဝီစိတွင်းနှင့်ရေတွင်းများမှတစ်ဆင့် မြေအောက်ရေကြောအား ရေဖြည့်တင်းပုံ။

ပုံ(၂) မိုးဦးရာသီ၏ ပထမဦးဆုံး မိုးရေများကို စွန့်ထုတ်ပစ်ရန်အတွက် ရေဘားနှစ်ခုဖြင့် ရေထုတ်ပြွန်တပ်ဆင်ထားပုံ။

မိုးဦးစရာသီ၏ ပထမဦးဆုံးမိုးရေများသည် လေထုအတွင်းမှ အမှုန်အမွှားများ၊ အညစ်အကြေးများ၊ ပိုးသတ်ဆေးများ၊ ပင်လယ်ရေမှ သတ္တုအိုင်ရွန်များ (ကယ်လဆီယမ်၊ မဂ္ဂနီဆီယမ်၊ ဆိုဒီယမ်၊ ပိုတက်ဆီယမ်၊ ကလိုရင်း၊ ဆာလဖိတ်)၊ ပျော်ဝင်နေသော ဓာတ်ငွေ့များ (ကာဗွန်ဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်အောက်ဆိုက်၊ ဆလဖာအောက်ဆိုက်)၊ ခေါင်မိုးပေါ်မှ ကျေးငှက်တိရစ္ဆာန်တို့၏ အညစ်အကြေးများ၊ ဖုန်မှုန့်များ ပါဝင်တတ်ပါသည်။ သို့ပါ၍ ပထမဦးဆုံးမိုးရေများကို မိုးရေကြည် ရရှိသည်အထိ ပုံ(၂)တွင် ပြထားသည့်အတိုင်း ပြင်ပသို့ စွန့်ထုတ်ပစ်ရန် လိုအပ်ပါသည်။ ပုံ(၂)တွင် ဖော်ပြထားသော ရေဘား(က)ကိုပိတ်၍ ရေဘား(ခ)ကို ဖွင့်ထားခြင်းအားဖြင့် ရေဆိုး၊ ရေညစ်များ ပြင်ပသို့ စွန့်ပစ်နိုင်မည်ဖြစ်ပါသည်။ အဆိုပါ ရေများ ကြည်လင်သန့်ရှင်းသည့်အခါ ရေဘား(က)ကိုဖွင့်၍ ရေဘား(ခ)ကို ပိတ်ခြင်းအားဖြင့် သန့်စင်သောမိုးရေများ အဝီစိတွင်း(သို့)ရေတွင်းများမှတစ်ဆင့် မြေအောက်ရေကြောများသို့ ဖြည့်သွင်းပေးနိုင်မည်ဖြစ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန UNFPA

ကမ္ဘာ့လူဦးရေနေ့

မျိုးဆက်ပွားကျန်းမာရေး၊ လူတိုင်းရအောင် ဆောင်ရွက်ပေး

Universal Access to Reproductive Health Services

၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်

▲ ကျောဖုံးမှ

မျိုးစုံသောကားသစ်များအတွက် အပိုပစ္စည်းများ အလွယ်တကူ ဝယ်မရဖြစ်နေသကဲ့သို့ ထိုကားသစ်များအတွက် အမှန်တကယ် နားလည်တတ်ကျွမ်းသော စက်ပြင်ဆရာများ ရှားပါးမှုပင် ဖြစ်ပါသည်။

ယခင်က မြန်မာနိုင်ငံတွင် ဂျပန်ကားပစ္စည်းများအဖြစ် တိုယိုတာကားအပိုပစ္စည်းများသာ အများဆုံးရှိနေပြီး အလွယ်တကူဝယ်ယူတပ်ဆင်နိုင်ခဲ့သည်။ ယနေ့တင်သွင်းလာသည့် ကားအသစ်အမျိုးအစားများအတွက် အပိုပစ္စည်းများ ရှားပါးနေပြီး ရှိသည့်ပစ္စည်းများမှာလည်း ဈေးအလွန်မြင့်နေကြောင်း ကားအကျိုးတော်ဆောင်တစ်ဦးထံမှ ကြားသိခဲ့ရသည်။

ဟံသာဝတီယာဉ်ရောင်းဝယ်စခန်းမှ မိတ်ဆွေတစ်ဦးက "ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဆို ကားအသစ်တစ်စီးဝယ်ပြီး တစ်ပတ်အကြာမှာ နောက်ကကားက ဝင်တိုးလို့ နောက်မီးတစ်ခြမ်း ကွဲသွားတယ်။ အခုအထိ မလဲရသေးဘူး။ ဒီမှာရှိတဲ့ကားအရောင်းစင်တာက တစ်ဆင့် သူ့ကုမ္ပဏီကို လှမ်းမှာထားရတယ်။"

ကမ္ဘာအေး ဘုရားလမ်းပေါ်ရှိ ကားအရောင်း စင်တာကြီးတစ်ခုမှ တာဝန်ခံတစ်ဦးကလည်း "တကယ်တမ်း ကျွန်တော်တို့လို ကုမ္ပဏီအရောင်းစင်တာကြီးတွေအနေနဲ့ ကိုယ့်ကုမ္ပဏီအလိုက် ကားအပိုပစ္စည်းတွေ အသင့်ရှိသင့်တယ်။ ဒါပေမယ့် ယနေ့ကားဈေးကွက်အနေအထားရယ်၊ အချိန်အားဖြင့် စောနေသေးတာရယ်ကြောင့် မတင်သွင်းရသေးဘူး၊ လိုအပ်တဲ့သူရှိရင်တော့ လှမ်းမှာပေးပါတယ်၊ အချိန်တော့ စောင့်ရမှာပါ"ဟု ရှင်းပြပေးပါသည်။

ဘုရင့်နောင်ကားပစ္စည်း ရောင်းဝယ်ရေးဝင်းမှ ကိုဟာမတ်က "အရင်က ကားအမျိုးအစား အများကြီးမရှိဘူး၊ အခု စုံလာပြီ၊ ကားအသစ်တွေဆိုတော့ ကားအပိုပစ္စည်းက သိပ်လည်းမလိုသေးဘူးလေ၊ တစ်ခါတစ်ရံ တိုက်မိခိုက်မိတဲ့သူတွေအတွက်ပဲ လိုတာဆိုတော့ နောက်ဘာပစ္စည်း ဘယ်လိုဝယ်ရမှန်း မသိဘူးဖြစ်နေတယ်" ဟု စကားစပ်မိပြီး ပြောဖြစ်ကြသည်။

သဘောၤသား အင်ဂျင်နီယာ ကိုမင်းဇော်သိန်းက "အခုကားအသစ်တွေ အများကြီးဝင်လာပြီ၊ ကားအပိုပစ္စည်းတွေ လိုအပ်လာသလို တကယ်ပြုပြင်တတ်တဲ့ စက်ဆရာတွေ လိုလာပြီ၊ တတ်ယောင်ကားနဲ့ ပြင်လို့မရတော့ဘူး။ အခုသွင်းလာတဲ့ကားတွေ တည်ဆောက်မှုစနစ်က အဆင့်မြင့်တယ်။ ဆီပိုင်းနဲ့ မော်တာပိုင်းဆိုင်ရာ အကူးအပြောင်းက အလွန်ညင်သာတယ်၊ ကွန်ထရိုးစနစ်တွေက ပညာပါလွန်းတယ်။ လက်ရှိပြည်တွင်းက စက်ပြင်ဆရာတွေအနေနဲ့ အနည်းနဲ့အများ အခက်အခဲတွေ ရှိလာနိုင်တယ်။ ဒါကြောင့် ပြည်တွင်းကိုတင်သွင်းနေတဲ့ ကားကုမ္ပဏီကြီးတွေအနေနဲ့ စက်ပိုင်းဆိုင်ရာပြုပြင်မှုတွေကို လက်ရှိပြည်တွင်းက အရောင်းစင်တာကုမ္ပဏီများနဲ့ ပူးပေါင်းပြီး သင်တန်းတွေလာဖွင့်သင့်တယ်၊ နည်းစနစ်ပိုင်းဆိုင်ရာ အကူအညီတွေ ဖြန့်ဖြူးသင့်တယ်။ ဒါမှ ကိုယ့်ကုမ္ပဏီ Showroom က ဝယ်သွားတဲ့သူတွေအတွက် စိတ်ပူစရာမလိုဘူးပေါ့"ဟုသူ့အမြင်ကို ရှင်းပြသွားခဲ့သည်။

ကွင်းဆင်းဆောင်ရွက်

မင်္ဂလာဒုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး၏ မိုးပွင့်အဆင့် (၃) စီမံချက်အဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းလုပ်ငန်းများကို ပြန်လည်နေရာချထားရေးရပ်ကွက်တွင် ဇွန် ၂၉ ရက်က မြို့နယ်မှူး ဦးခင်မောင်ဆွေ ကြီးကြပ်၍ ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်လဝက)

ဇွန်လအတွင်း မူးယစ်ဆေးဝါးအမှု ၂၂၀၊ တရားခံ ၂၈၃ ဦးအား ဖမ်းဆီးအရေးယူခဲ့

နေပြည်တော် ဇူလိုင် ၈

ဇွန်လအတွင်း နိုင်ငံတစ်ဝန်း၌ မူးယစ်ဆေးဝါးအမှုပေါင်း ၂၂၀ ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၁၇ မှု အလေးချိန် ၈ ဒသမ ၂၀၂၀ ကီလို၊ ဘိန်းဖြူ ၇၁ မှု အလေးချိန် ၄ ဒသမ ၂၄၁၆ ကီလို၊ ဘိန်းဆီခဲ ခြောက်မှု အလေးချိန် ၉ ဒသမ ၈၆၈၀ ကီလို၊ အဆင့်နိမ့်ဘိန်း သုံးမှု အလေးချိန် ၁ ဒသမ ၆၈၀၃ ကီလို၊ ဆေးခြောက် ရှစ်မှု အလေးချိန် ၇ ဒသမ ၁၆၀၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂ မှု ၁၀၅၅၁၂၈ ပြား၊ ဘိန်းစာမှုန့် နှစ်မှု အလေးချိန် ၀ ဒသမ ၃၉၅၀ ကီလို၊ ဘိန်းရည် နှစ်မှု ၀ ဒသမ ၁၂၀၀ လစ်တာ၊ အိုက်စ် တစ်မှု ၀ ဒသမ ၆၉၂၅ ကီလို၊ ဘိန်းညိုမှုန့် ၁ ဒသမ ၃၈၈၅ ကီလို၊ ကဖင်း သုံးမှု ၃၀၃ ကီလို၊ စိတ်ကြွအကြေမှုန့် တစ်မှု ၀ ဒသမ ၁၉၄၀ ကီလို၊ အယ်ပရာဇိုလမ် ၂၁၂၀၀၂ ပြား၊ ဆူဒိုအက်ဖီဒရင်း လေးမှု ၆၅၇ ဒသမ ၀၃၅၀ ကီလို၊ ထရာမဒေါလ် ၅၀ ပြား တို့ကို သိမ်းဆည်းရမိခဲ့သည်။

အမှု ၂၂၀ ဖမ်းဆီးခဲ့ရာတွင် တရားခံကျား ၂၃၁ ဦး၊ မ ၅၂ ဦး စုစုပေါင်း တရားခံ ၂၈၃ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ငါန်းဇွန် ဇူလိုင် ၈

ငါန်းဇွန်မြို့နယ်၌ ကျောင်းဆောင်သစ်များလွှဲပြောင်းပေးအပ်

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ကုလရွာအခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက်က ကျင်းပရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင် တက်ရောက်အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်များကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အကုန်အကျခံတည်ဆောက်

အဆိုပါ ကျောင်းဆောင်သစ်များကို မန်းမြင့်မိုရ်ဟိန်းကုမ္ပဏီက တည်ဆောက်ပေးခြင်းဖြစ်ပြီး ပညာမြင့်မိုရ် ကျောင်းဆောင်သစ်မှာ ပေ (၂၀၀×၃၀×၂၄) နှစ်ထပ်အုတ်ညှပ်ဖြစ်သည်။ ပြင်ဦးလွင်ကျောင်းဆောင်သစ်မှာ ပေ (၂၀၀×၃၀×၁၅) တစ်ထပ် အုတ်ညှပ်ဖြစ်ပြီး အလှူရှင် ဦးစံတင့်-ဒေါ်တင်ငြိမ်း မိသားစုက ငွေကျပ်သိန်း ၉၀၀ ကျော် အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အလှူငွေနှင့် စာအုပ်စာစောင်လှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် နိုင်ငံတစ်ဝန်းလုံး၌ ဖွင့်လှစ်ထားရှိသော စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ စာကြည့်တိုက်များအား ထောက်ပံ့ကူညီနိုင်ရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက အလှူငွေနှင့် စာအုပ်စာစောင်လှူဒါန်းပွဲအခမ်းအနားကို ၂၀၁၂ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့ မွန်းလွဲ ၁ နာရီအချိန်တွင် အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းလိုကြသော စေတနာရှင်အလှူရှင်များသည် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဖုန်း-၀၁-၃၉၈၇၅၆ သို့လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖုန်း-၀၁-၃၇၁၃၄၂၊ ၂၀၁၉၃၆ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာသုတ ကျန်းမာသုတ ကျန်းမာသုတ ကျန်းမာသုတ

ကောင်းမြတ်သူ - စုစည်းသည်



နှလုံးရောဂါဝေဒနာရှင်အများစု ဆေးမှားယွင်းသောက်သုံးမှုများလာ

နက်ရှ်ဗီလီ(အမေရိကန်) ဇူလိုင် ၈

နှလုံးရောဂါဝေဒနာရှင် အများအပြားသည် ဆေးရုံမှဆင်းလာပြီးနောက် ဆေးဝါးများ **(အပေါ်ပုံ)** မှားသောက်လေ့ရှိကြောင်း လေ့လာမှုစစ်တမ်းတစ်ရပ်၌ ရေးသားဖော်ပြသည်။ ဆေးရုံတက်ပြီး ဆေးရုံမှဆင်းလာကြသော နှလုံးရောဂါဝေဒနာရှင် အများအပြားသည် ဆေးမှားသောက်ခြင်းကြောင့် ရောဂါအခြေအနေဆိုးရွားခြင်းဒဏ်ကိုခံစားကြရကြောင်း အင်တာနက်ဆေးဂျာနယ်၌ ရေးသားဖော်ပြထားသည်။ နှလုံးရောဂါပြင်းထန်စွာခံစားရသော ဝေဒနာရှင်များသည်ဆေးရုံတက်ပြီးနောက် နေအိမ်၌ ဆေးဝါးကုသမှုခံယူစဉ် ဆေးမှားသောက်မှုမှာ ၅၀ရာခိုင်နှုန်းရှိကြောင်း၊ ယင်းမှာ ကျန်းမာရေးအတွက် ဆိုးကျိုးများကိုဖြစ်စေနိုင်ကြောင်း အမေရိကန်နိုင်ငံ နက်ရှ်ဗီလီ ဆေးတက္ကသိုလ်မှ သုတေသနပညာရှင် ဆူနေးလ်ခရစ်ပါလာနီက ပြောကြားသည်။'

ယင်းကဲ့သို့ ဆေးမှားယွင်းသောက်သုံးခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ ရောဂါများကို ဖြစ်စေနိုင်ကြောင်း၊ အချို့ အသက်အန္တရာယ်ကို ဖြစ်စေနိုင်ကြောင်း ခရစ်ပါလာနီက ပြောကြားသည်။ အဆိုပါသုတေသနပြုလေ့လာမှုတွင် အသက်ပျမ်းမျှ ၆၀ အရွယ်လူနာ ၈၅၁ ဦး ပါဝင်သည်။ ယင်းတို့အနက်မှ ထက်ဝက်မှာ ဆေးရုံမှဆင်းပြီး ဆေးဝါးကျွမ်းကျင်သူများ၏ အကူအညီများရခဲ့သည်။ သို့သော် ကျန်တစ်ဝက်မှာ ဆေးဝါးကျွမ်းကျင် အကူအညီမရသဖြင့် ဆေးများ မှားယွင်းသောက်လေ့ရှိသည်ဟု ဆိုသည်။

ယင်းသုတေသနပြုလေ့လာတွေ့ရှိချက်အရ အမေရိကန်နိုင်ငံတစ်ဝန်း ဆေးမှားယွင်းသောက်သုံးသူအရေအတွက် နှစ်စဉ် ၁ ဒသမ ၅ သန်းအထိ ရှိနိုင်ကြောင်း အမေရိကန် ဆေးသုတေသနအဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ဖန်ပြွန်သန္ဓေနည်းဖြင့် မွေးဖွားသောကလေး ကမ္ဘာတစ်ဝန်း ငါးသန်းအထိရှိလာ

အန်ကာရာ ဇူလိုင် ၈

ကမ္ဘာတစ်ဝန်း ဖန်ပြွန်သန္ဓေသားအရေအတွက်မှာ ငါးသန်းအထိရှိလာပြီဖြစ်ကြောင်း လွန်ခဲ့သည့် သီတင်းပတ်က တူရကီနိုင်ငံ၌ ကျင်းပသော သန္ဓေသားဆိုင်ရာ ကျွမ်းကျင်သူများညီလာခံသို့ တင်ပြသော သုတေသနစာတမ်းတစ်ရပ်တွင်ဖော်ပြထားသည်။ ဖန်ပြွန်သန္ဓေသားနည်းဖြင့် ကမ္ဘာတစ်ဝန်း မွေးဖွားခဲ့ရာ သမိုင်းတင်ရမည့် ခေတ်သို့ပင် ရောက်ခဲ့ပြီဖြစ်ကြောင်း အဆိုပါညီလာခံသို့ တက်ရောက်လာသော ကိုယ်စားလှယ်များက ပြောကြားလိုက်သည်။

ပထမဆုံး ဖန်ပြွန်သန္ဓေသားမှာ လွီုက်ဆေးဘရောင်းဖြစ်ပြီး ၎င်းအား ၁၉၇၈ ခုနှစ် ဇူလိုင်လက မွေးဖွားခဲ့သည်။ ပြီးခဲ့သည့်လက ၎င်းအားမွေးဖွားပေးခဲ့သည့် မိခင် ဖြစ်သူ လက်စလီဘရောင်းသည် ကွယ်လွန်ခဲ့ပြီဖြစ်သည်။ **(ယာပုံ)**

အဆိုပါ ညီလာခံသို့တက်ရောက်လာသော ကိုယ်စားလှယ်များက စုံတွဲများ အနေဖြင့် ဖန်ပြွန်နည်းဖြင့် မွေးဖွားခြင်းသည် တရားဝင်အာမခံချက်မရှိ၍ မမွေးဖွားသင့်ကြောင်း သတိပေးထားသည်။ လူသား မျိုးပွားမှုနည်းပညာဆိုင်ရာ နိုင်ငံတကာကော်မတီက ဥရောပ လူသားမျိုးပွားရေးဆိုင်ရာ ညီလာခံသို့ တင်ပြသော နောက်ဆုံးစာရင်းအရ ဖန်ပြွန်သန္ဓေသား မွေးဖွားမှုမှာ ငါးသန်းအထိ ရှိလာပြီဖြစ်ကြောင်း ဖော်ပြထားသည်။ အဆိုပါနည်းပညာသည် မျိုးမပွားနိုင်သော မိဘများအတွက် အောင်မြင်စွာ ကလေးရရှိစေသောနည်းဖြစ်ကြောင်း၊ ယင်းနည်းပညာကြောင့် သန်းပေါင်းများစွာသော မိသားစုများနှင့် ကလေးများကိုဖန်တီးပေးရာရောက်ကြောင်း၊ မျိုးမပွားနိုင်သော ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးရာရောက်ကြောင်း လူသားမျိုးပွားမှုနည်းပညာဆိုင်ရာ နိုင်ငံတကာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေးဗစ်အဒမ်ဆင်က ပြောကြားသည်။ **(အင်တာနက်)**

ဆေးလိပ်မီးခိုး ရှူရှိုက်မိလျှင် ဆီးချိုရောဂါဖြစ်နိုင်ဟုဆို

တက္ကဆက် ဇူလိုင် ၈

ဆေးလိပ်မီးခိုးရှူရှိုက်မိခြင်းကြောင့် အဝလွန်ခြင်းနှင့်ဆီးချိုရောဂါ အဆင့်-၂ ကို ဖြစ်ပွားစေနိုင်ကြောင်း မကြာသေးမီက လေ့လာဆန်းစစ်မှုတစ်ရပ်တွင် ရေးသားဖော်ပြသည်။ **(ဝဲပုံ)**

အမေရိကန် အာဟာရနှင့် ကျန်းမာရေးလေ့လာရေး သုတေသနအဖွဲ့က အရွယ်ရောက်သူ ၆၃၀၀ ကျော်အား ဆေးလိပ်မီးခိုးများရှူရှိုက်မိခြင်းနှင့် စပ်လျဉ်း၍ သုတေသနပြုလေ့လာခဲ့ရာ ဆေးလိပ်မီးခိုးငွေ့ကိုရှူရှိုက်မိသူများသည် ဆေးလိပ်မသောက်သူများထက် အဝလွန်ပြီး ဆီးချိုရောဂါအဆင့်-၂ ဖြစ်ပွားနိုင်မှုကို လေ့လာတွေ့ရှိခဲ့သည်ဟု ဆိုသည်။ အမေရိကန် ချားစ်အာဒရူးတက္ကသိုလ်မှ သုတေသီများသည် ဆေးလိပ်လုံးဝမသောက်သူများနှင့် ဆေးလိပ်မီးခိုးရှူရှိုက်မိသူတို့ကို နှိုင်းယှဉ်လေ့လာကြည့်ရာ ဆေးလိပ်မီးခိုးရှူရှိုက်မိကြသူများမှာ ဆီးချိုရောဂါ အဆင့်-၂နှင့် အဝလွန်မှုကို ဖြစ်စေသော အင်ဆူလင်ဓာတ်မြင့်မားမှု လျော့နည်းလျက်ရှိသည်ကိုတွေ့ရသည်ဟုဆိုသည်။

ထိုစဉ်အတွင်း ဆေးလိပ်သောက်သူများနှင့် ဆေးလိပ်မီးခိုးရှူရှိုက်မိကြသူများသည် ဆီးချိုဖြစ်ပွားမှုနှုန်းမှာ အတူတူပင်ဖြစ်ကြောင်း၊ ယင်းအုပ်စုနှစ်စုတွင် ဆေးလိပ်မသောက်သူများထက် ဟေမိုဂလိုဘင်ဓာတ်မြင့်မားလျက်ရှိသည်ကို တွေ့ရကြောင်း လေ့လာတွေ့ရှိခဲ့ကြသည်။ အဆိုပါလေ့လာတွေ့ရှိချက်ကို မကြာသေးမီက တက္ကဆက်ပြည်နယ် ဟူစတန်မြို့၌ကျင်းပသော လူမှုရေးဆိုင်ရာအစည်းအဝေးတစ်ရပ်တွင် တင်ပြခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ

အာကာကျော်-စုစည်းသည်

ယခုနှစ် လူကြိုက်အများဆုံးတေးအယ်လ်ဘမ် ဂျပ်စတင်ဘီဘာရဲ့ အယ်လ်ဘမ်ဖြစ်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၈

ကနေဒါပေါ့ပ်အဆိုတော်လေးဖြစ်တဲ့ ဂျပ်စတင်ဘီဘာရဲ့နောက်ဆုံးထွက်ရှိတဲ့ Believe လို့အမည်ရတဲ့ တေးအယ်လ်ဘမ်ဟာ ဒီနှစ်ထဲမှာ အအောင်မြင်ဆုံး၊ အရောင်းရဆုံးတေးအယ်လ်ဘမ်ဖြစ်တယ်လို့ နယ်လ်ဆင်ဆောင်းဆခရင်ရဲ့စာရင်းဇယားမှာ ဖော်ပြထားပါတယ်။ **(အပေါ်ပုံ)**

ဒီတေးအယ်လ်ဘမ်ဟာ စထွက်ထွက်ချင်း ပထမဆုံးအပတ်မှာပဲ အယ်လ်ဘမ်အချပ်ရေ ၃၇၄၀၀၀ အထိ ရောင်းချခဲ့ရတဲ့တေးအယ်လ်ဘမ်ဖြစ်ပါတယ်။

Believe တေးအယ်လ်ဘမ်ဟာ အသက် ၁၈ နှစ်သာရှိသေးတဲ့ အဆိုတော် ဂျပ်စတင်ဘီဘာရဲ့ စတုတ္ထမြောက်တေးအယ်လ်ဘမ်ဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ ဘေလ်ဘုတ် ၂၀၀ အရောင်းရဆုံးတေးအယ်လ်ဘမ်စာရင်းမှာ နံပါတ်တစ် အရောင်းရဆုံးတေးအယ်လ်ဘမ်ဖြစ်ပါတယ်။ ဂျပ်စတင်ဘီဘာဟာ ၂၀၀၉ ခုနှစ်က My World လို့အမည်ရတဲ့ တေးအယ်လ်ဘမ်နဲ့ အောင်မြင်ကျော်ကြားခဲ့ပြီး ၂၀၁၁ ခုနှစ်မှာလည်း Never Say Never လို့အမည်ရတဲ့တေးအယ်လ်ဘမ်ဟာလည်း သူ့ဘဝအတွက် အောင်မြင်မှုမှတ်တိုင်ဖြစ်ခဲ့ပါတယ်။

ဒီနှစ်ထဲမှာထွက်ခဲ့တဲ့ Believe လို့အမည်ရတဲ့ ဘီဘာရဲ့တေးအယ်လ်ဘမ်ဟာ ဒီနှစ်အစောပိုင်းမှာ ရောင်းအားအကောင်းဆုံးလို့ဆိုတဲ့ မက်ဒေါနားရဲ့ MDNA ကိုကျော်ဖြတ်သွားခဲ့ပါတယ်။ MDNAတေးအယ်လ်ဘမ်ဟာ စထွက်တဲ့အပတ်မှာ တေးအယ်လ်ဘမ် အချပ်ပေါင်း ၃၅၉၀၀၀ အထိပဲရောင်းခဲ့ရပါတယ်။ ဂျပ်စတင်ဘီဘာရဲ့ တေးအယ်လ်ဘမ် Believe ကတော့ ပထမစထွက်တဲ့အပတ်မှာ အချပ်ရေ ၃၇၄၀၀၀ အထိ ရောင်းခဲ့ရလို့ ဒီနှစ်ထဲမှာတော့ သူ့ရဲ့အယ်လ်ဘမ်က လူကြိုက်အများဆုံး အယ်လ်ဘမ်ပါပဲ။ **(အင်တာနက်)**

အဆိုတော် ဘီယွန်ဆေး အကောင်းဆုံး R & B ဂီတဆုဆွတ်ခူး

လော့စ်အိန်ဂျလိစ် ဇူလိုင် ၈

ကမ္ဘာကျော်အဆိုတော် ဘီယွန်ဆေးဟာ မကြာမီ လော့စ်အိန်ဂျလိစ်မြို့မှာ ကျင်းပခဲ့တဲ့ BET ဂီတဆုပေးပွဲမှာ ထိပ်တန်းဂီတဆု ဆွတ်ခူးရရှိသွားခဲ့ပါတယ်။

အဆိုတော် ဘီယွန်ဆေး **(ယာပုံ)**ဟာ ဒီဆုပေးပွဲမှာ အကောင်းဆုံးအမျိုးသမီး R & B အဆိုတော်ဆု ဆွတ်ခူးရရှိခဲ့တာဖြစ်ပါတယ်။ အဆိုတော် ခရစ်ဘရောင်းကတော့ Turn Up the Music လို့အမည်ရတဲ့ တေးအယ်လ်ဘမ်နဲ့ အကောင်းဆုံးဆုရခဲ့တာဖြစ်ပါတယ်။

ဆွတ်ခူး

ရက်ပ်ပါများဖြစ်ကြတဲ့ ဂျေးဇက်နဲ့ ကင်ရီဝက်စ်တို့ကတော့ Watch the Throne လို့အမည်ရတဲ့ တေးအယ်လ်ဘမ်နဲ့ အဖွဲ့လိုက်ဂီတဆုများ ဆွတ်ခူးသွားခဲ့ပါတယ်။ သူတို့နှစ်ယောက်ဟာ Ofis လို့အမည်ရတဲ့ တေးအယ်လ်ဘမ်နဲ့ တစ်နှစ်တာအကောင်းဆုံး ဗီဒီယိုအခွေဆုကိုပါ ဆွတ်ခူးနိုင်ခဲ့ကြပါတယ်။

အဆိုတော် ခရစ်ဘရောင်းဟာ အကောင်းဆုံးအမျိုးသား R & B ဆုကို ဒုတိယအကြိမ် ဆွတ်ခူးရရှိခဲ့ပါတယ်။အဆိုတော် နစ်ကီမီးနားကတော့ အကောင်းဆုံးဟစ်ပေါ့ပ်အမျိုးသမီးအဆိုတော်ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒီ BET ဂီတဆုဟာ အမေရိကန်နိုင်ငံမှာ လူမည်းဂီတပညာရှင်များကို ချီးမြှင့်တဲ့ ဆုဖြစ်ပါတယ်။ **(အင်တာနက်)**

ဂင်းနက်စ်မှတ်တမ်းဝင်အောင်သီဆိုခဲ့တဲ့ဂီတအဖွဲ့

နယူးအော်လင်း ဇူလိုင် ၈

အမေရိကန်နိုင်ငံက ရော့ကာများနဲ့ ဖွဲ့စည်းထားတဲ့ The Flaming Lipsလို့ အမည်ရတဲ့ဂီတအဖွဲ့ဟာ ၂၄နာရီကြာ ကမ္ဘာ့ဂင်းနက်စ်စံချိန်တင်လောက်အောင် မြို့ကြီးများမှာ အချိန်အကြာဆုံး သီဆိုခဲ့ကြပါတယ်။ (ဝဲပုံ)

သူတို့တီးဝိုင်းအဖွဲ့ဟာ မစ္စစ္စပီမြစ်ဝှမ်းဒေသ မြို့ကြီးရှစ်မြို့မှာ သီချင်းဆိုခဲ့ကြပါတယ်။ စတင်သီဆိုဖျော်ဖြေမှုကိုတော့ တင်နက်ဆီပြည်နယ် မမ်ဖစ်မြို့က စတင်ခဲ့တာဖြစ်ပါတယ်။ သူတို့ဂီတအဖွဲ့ဟာ မြို့ကြီးများမှာ လှည့်လည်သီဆိုမှုမပြီးဆုံးမီ မိနစ် ၂၀ အလိုမှာ လူဝီစီးယားနားပြည်နယ် နယူးအော်လင်းမှာ ပြီးဆုံးခဲ့ပါတယ်။

ပါဝင်သီဆို

ယခင်ကတော့ ကမ္ဘာ့အချိန်အကြာဆုံးလိုက်ရှိုးသီဆိုမှုကို အဆိုတော် ဂျေးဇက်က ၂၀၀၆ ခုနှစ်မှာ အချိန်အကြာဆုံးခုနစ်နာရီနဲ့သီဆိုဖျော်ဖြေခဲ့ပါတယ်။ သူဟာ အဲဒီနှစ်တုန်းက အတ္တလန္တာမြို့ကနေ လော့စ်အိန်ဂျလိစ်မြို့အထိ ရှိုးပွဲခုနစ်ပွဲ သီဆိုခဲ့ပါတယ်။ ဒီတီးဝိုင်းမှာ နာမည်ကြီးအဆိုတော်တွေဖြစ်တဲ့ ဂျက်ဆင်ဘရောင်း၊ ဂရော့စ်ပေါ်တာ၊ နီယွန်ထရီးတို့ ပါဝင်သီဆိုခဲ့ပါတယ်။ တီးဝိုင်းကိုတော့ ရှေ့ထွက်အဆိုတော် ဝိန်းကော်နီက ဦးဆောင်ခဲ့တာဖြစ်ပါတယ်။ ***(အင်တာနက်)***

9-7 (10).pmd 1 7/9/2012, 2:43 AM

နိုင်ငံတကာအားကစားသတင်း

မောင်မောင်မြင့်ဆွေ – စုစည်းသည်

ပါရီဒိုင်းမွန်းလိဂ် ပြေးခုန်ပစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ အမျိုးသမီး မီတာ ၃၀၀၀ ၌ တူနီးရှားမှ ဂါရီဘီဗိုလ်စွဲ

တူးနစ် ဇူလိုင် ၈

*ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပလျက်ရှိသော နိုင်ငံတကာပြေးခုန်ပစ်အဖွဲ့ချုပ်၏ ပါရီဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်ပြိုင်ပွဲကို ဇူလိုင် ၈ ရက်ကကျင်းပရာ အမျိုးသမီးမီတာ ၃၀၀၀ အပြေးပြိုင်ပွဲ၌ တူနီးရှားအပြေးမယ် ဟာဘီဘာဂါရီဘီက ဗိုလ်စွဲခဲ့သည်။ **(အပေါ်ပုံ)***

ဟာဘီဘာဂါရီဘီသည် ယခုပွဲ၌ ၉ မိနစ် ၂၈ ဒသမ ၈၁ စက္ကန့်ဖြင့် ပန်းဝင်နိုင်ခဲ့ခြင်းဖြစ်သည်။ ကင်ညာအပြေးမယ် လူဒီယာချက်ကာရိုင်က ၉ မိနစ် ၂၉ ဒသမ ၀၂ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့ပြီး အီသီယိုးပီးယားအပြေးမယ် အက်စီဖာက ၉ မိနစ် ၂၉ ဒသမ ၅၇ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် အိုင်ဗရီကို့စ်အပြေးမယ် အဟော်ရီက ၂၂ ဒသမ ၅၅ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။ အမေရိကန်အပြေးမယ် ဘန်ကာနိုက်က ၂၂ ဒသမ ၆၄ စက္ကန့်ဖြင့် ဒုတိယရရှိပြီး နောက်ထပ်အမေရိကန်အပြေးမယ် ဝီလီယမ်က ၂၂ ဒသမ ၇၀ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။

အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ဘော့ဆွာနာအပြေးမယ် မွန်ရှိုက ၄၉ ဒသမ ၇၇ စက္ကန့်ဖြင့် ပထမရရှိခဲ့ပြီး ဂျမေကာအပြေးမယ် နော့ဗ်လိန်းဝီလီယမ်က ၄၉ ဒသမ ၉၅ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့သည်။ အမေရိကန်အပြေးမယ် မက်ကိုရိုရီက ၅၀ ဒသမ ၂၇ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ ဆက်လက်ပြီး အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် မော်ရိုကိုအပြေးမယ် ဆီဆူလီက ၃ မိနစ် ၅၆ ဒသမ ၁၅ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။ တူရကီအပြေးမယ် အယ်ပတီကင်က ၃ မိနစ် ၅၆ ဒသမ ၆၂ စက္ကန့်ဖြင့် ဒုတိယရရှိကာ အီသီယိုးပီးယားအပြေးမယ် အရီဂါဝီက ၃ မိနစ် ၅၈ ဒသမ ၅၉ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ အမျိုးသမီးအမြင့်ခုန်ပြိုင်ပွဲတွင် အမေရိကန်မှ ဟိုးဝပ်လောက ၁ ဒသမ ၉၇ မီတာဖြင့် ပထမရရှိပြီး ယူကရိန်းအမြင့်ခုန်မယ် ဟိုလိုရှာက ၁ ဒသမ ၉၅ မီတာဖြင့် ဒုတိယရရှိခဲ့သည်။ စပိန်မှ ဘီတီရာက ၁ ဒသမ ၉၂ မီတာဖြင့် တတိယရရှိခဲ့သည်။ ***(အင်တာနက်)***

ဟဲဗီးဝိတ်ချန်ပီယံခါးပတ် လက်ဝှေ့ထိုးသတ်ပွဲ ယူကရိန်းလက်ဝှေ့သမား ကလစ်ရှကို နိုင်ပွဲရရှိ

ဘင်း ဇူလိုင် ၈

ဒဗလျူဘီစီ၊ အိုင်ဘီအက်ဖ်နှင့် ဒဗလျူဘီအိုတို့၏ ဟဲဗီးဝိတ်ချန်ပီယံ လက်ဝှေ့ပွဲအဖြစ် ကလစ်ရှကိုနှင့် စိန်ခေါ်သူတိုနီသွန်ပဆင်တို့ ဆွစ်ဇာလန်နိုင်ငံ ဘင်းမြို့၌ ဇူလိုင် ၇ ရက်က ယှဉ်ပြိုင်ထိုးသတ်ရာ ကလစ်ရှကိုက ခြောက်ချီတွင် အနိုင်ထိုးသတ်နိုင်ခဲ့သည်။ **(ယာပုံ)**

ယူကရိန်းလက်ဝှေ့သမားကလစ်ရှကိုနှင့်အမေရိကန်လက်ဝှေ့သမား တိုနီသွန်ပဆင်တို့ အပြန်အလှန်ထိုးသတ်နိုင်သော်လည်းကလစ်ရှကို၏ ပြင်းထန်သော ညာဝှိုက်လက်သီးများက သွန်ပဆင်ကို ထိမှန်ခဲ့သည်။ ပွဲချီ ခြောက်ချီအရောက်တွင် ကလစ်ရှကိုက နိုင်ပွဲရရှိခဲ့ပြီး ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။

အသက် ၃၆ နှစ်အရွယ်ရှိ ကလစ်ရှကိုသည် ယခုပွဲအပါအဝင် လက်ဝှေ့ပွဲပေါင်း ၆၁ ပွဲ ထိုးသတ်ခဲ့ရာ ၅၈ ပွဲနိုင်၊ သုံးပွဲရှုံး မှတ်တမ်းတင်ထားနိုင်သူဖြစ်သည်။ နိုင်ပွဲများအနက် လက်ဝှေ့ပွဲ ၅၁ ပွဲမှာ အလဲထိုးပွဲများဖြစ်သည်။

စိန်ခေါ်သူ အမေရိကန်လက်ဝှေ့သမားတိုနီသွန်ပဆင်မှာ ယခုပွဲအပါအဝင် ပွဲပေါင်း ၃၉ ပွဲထိုးသတ်ခဲ့ရာ ၃၆ ပွဲနိုင်ပြီး သုံးပွဲရှုံးမှတ်တမ်းရှိထားသူဖြစ်သည်။ ယင်းနိုင်ပွဲများအနက် ၂၄ ပွဲမှာ အလဲထိုးပွဲများဖြစ်သည်။

ဒဗလျူဘီစီ၊ အိုင်ဘီအက်ဖ်နှင့် ဒဗလျူဘီအိုတို့၏ ဟဲဗီးဝိတ်ချန်ပီယံ ကလစ်ရှကိုသည် ယခုပွဲအနိုင်ရရှိသဖြင့် ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကို သုံးကြိမ်မြောက် ကာကွယ်နိုင်ခဲ့သည်။ **(အင်တာနက်)**

ဘာစီလိုနာအသင်းကွင်းလယ်ကစားသမား ကိုင်တာ တရုတ်နိုင်ငံကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန်စီစဉ်

မက်ဒရစ် ဇူလိုင် ၈

ဘာစီလိုနာအသင်းကွင်းလယ်ကစားသမား ကိုင်တာ **(ဝဲပုံ)**သည် ဘာစီလိုနာအသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း ဘာစီလိုနာကလပ်က ဇူလိုင် ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက် ၃၂ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ကိုင်တာသည် တရုတ်ဘောလုံးအသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန် ဆက်သွယ်မှုများ ပြုလုပ်လျက်ရှိပြီး ယင်းကလပ်မှာ တာလျံအာဘင်ဖြစ်ကြောင်း၊ ဘာစီလိုနာကလပ်ကလည်း ကိုင်တာအား အသင်းမှ ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

ကိုင်တာသည်ပြီးခဲ့သည့်နှစ် စပိန်လာလီဂါဘောလုံးပွဲစဉ်များ၌ အရန်ထိုင်ခုံ၌သာထိုင်ခဲ့ရပြီး ပွဲတိုင်းပါဝင်ကစားခွင့်မရရှိခဲ့သဖြင့် ဘာစီလိုနာအသင်းမှ ထွက်ခွာလိုခဲ့ခြင်းဖြစ်သည်။ မိမိသည် ဘာစီလိုနာအသင်း၌ လာမည့် ဘောလုံးရာသီတွင် ဆက်လက်ကစားတော့မည်မဟုတ်ကြောင်း ကိုင်တာက ပြောကြားသည်။

ကွင်းလယ်ကစားသမား ကိုင်တာသည် ၂၀၀၈ ခုနှစ်က ဆီဗီလာအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ ဘာစီလိုနာအသင်းတွင် စုစုပေါင်း ၁၈၈ ပွဲကစားပေးခဲ့ပြီး ဂိုးပေါင်း ၂၂ ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ခြေစွမ်းထက်မြက်နေဆဲဖြစ်သော ကွင်းလယ်ကစားသမားတစ်ဦးလည်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာအားကစားမြင်ကွင်း

မြင့်မောင်စိုး – စုစည်းသည်



ချယ်လ်ဆီးတိုက်စစ်မှူးကာလူး လိုင်လီကလပ်နှင့်လေးနှစ်စာချုပ်

လန်ဒန် ဇူလိုင် ၈

အိုင်ဗရီကို့စ်တိုက်စစ်မှူး ဆလိုမွန်ကာလူးသည် ချယ်လ်ဆီးအသင်းမှ ပြင်သစ်ချန်ပီယံဟောင်း လိုင်လီကလပ်သို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။

ပြောင်းရွှေ့

လိုင်လီက တိုက်စစ်မှူးဆလိုမွန်ကာလူးအား လေးနှစ်စာချုပ်ဖြင့် ခေါ်ယူစာချုပ်လိုက်ခြင်းဖြစ်သည်။ အသက် ၂၆ နှစ်ရှိ တိုက်စစ်မှူးကာလူးသည် ပြီးခဲ့သည့်လက ချယ်လ်ဆီးအသင်းနှင့် ချုပ်ဆိုထားသော စာချုပ်မှာ ကုန်ဆုံးသွားပြီဖြစ်၍ လိုင်လီသို့ အလွတ်ပြောင်းရွှေ့ခြင်းဖြစ်သည်။ ကာလူးသည် ချယ်လ်ဆီးဘောလုံးသမားဘဝတွင် ဘောလုံးလောက၌အမြင့်ဆုံးဆု တစ်ဆုဖြစ်သည့် ချန်ပီယံလိဂ်ဆုဖလားကို ချယ်လ်ဆီးအသင်းနှင့် အတူ ဆွတ်ခူးပေးနိုင်ခဲ့သည်။ ၎င်းသည် ချယ်လ်ဆီးအသင်းအား ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ရန် အဓိကအဆုံးအဖြတ်ဂိုးများကို သွင်းယူပေးခဲ့သူလည်းဖြစ်သည်။

ဆွတ်ခူးပေး

"လိုင်လီဟာ ကျွန်တော့်ဘဝထဲက ရည်မှန်းချက်တစ်ရပ်ပါပဲ"ဟု လိုင်လီနှင့်စာချုပ်အပြီး တိုက်စစ်မှူးကာလူးကပြောကြားသည်။ ၎င်းသည် ၂၀၀၆ခုနှစ်က ဖေယန်နူးကလပ်မှ ချယ်လ်ဆီးသို့ ရောက်လာပြီးနောက် ချယ်လ်ဆီးအသင်းကို ချန်ပီယံဖလား အပြင်အက်ဖ်အေဖလား၊ ပရီမီယာလိဂ်ဖလား တို့ကိုလည်း ဆွတ်ခူးပေးနိုင်ခဲ့သည်။

ကာလူးသည် ၂၀၁၁ခုနှစ်က ပြင်သစ်ကလပ်လိုင်လီ၌ ကစားခဲ့ပြီး လိုင်လီအသင်းနှင့်အတူ ပြင်သစ်လိဂ်ဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

အိုလံပစ်ပြိုင်ပွဲဝင် ဘရာဇီးအသင်း ဗိုလ်စွဲရန် ရေပန်းအစားဆုံးဖြစ်နေ

လန်ဒန် ဇူလိုင် ၈

၂၀၁၂ လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲကြီးကို ယခုလကုန်ပိုင်း၌ စတင်ကျင်းပတော့မည်ဖြစ်သည်။ အိုလံပစ်အားကစားပြိုင်ပွဲသည် ကမ္ဘာတစ်ဝန်းမှ လူမျိုးပေါင်းစုံနှင့် အားကစားနည်းမျိုးစုံ ပါဝင်ကစားနိုင်သည့် တစ်ခုတည်းသော အားကစားပြိုင်ပွဲကြီးပင်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အားကစားနည်းမျိုးစုံ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သော်လည်း ပရိသတ်များ စိတ်ဝင်စားမှုအရှိဆုံးပြိုင်ပွဲသည် ဘောလုံးပြိုင်ပွဲဖြစ်သည်။ အိုလံပစ်ပြိုင်ပွဲတွင် ဗိုလ်စွဲရန် ရေပန်းအစားဆုံးအသင်းသည် ဘရာဇီးအမျိုးသားဘောလုံးအသင်းဖြစ်သည်။ ဘရာဇီးအသင်းတွင် တိုက်စစ်မှူးများအဖြစ် ဆန်တို့စ်တိုက်စစ်မှူး နေမာ၊ အေစီမီလန်တိုက်စစ်မှူး အလက်ဇန္ဒရီပါတိုနှင့် ပေါ်တိုတိုက်စစ်မှူး ဟွတ်ခ်တို့ ပါဝင်ကစားကြမည်ဖြစ်သည်။

ဆန်တို့စ်တိုက်စစ်မှူး နေမာ

တိုက်စစ်မှူး နေမာသည် ဆန်တို့စ်အသင်းအတွက် ၁၈ ပွဲ ကစားရာတွင် ကိုးဂိုးသွင်းယူပေးထားသည်။ ထိုအတောအတွင်း အေစီမီလန်တိုက်စစ်မှူး ပါတိုနှင့် ပေါ်တိုတိုက်စစ်မှူး ဟွတ်ခ်တို့သည် အသင်းအတွက် အားထားရသော တိုက်စစ်မှူးကောင်းများဖြစ်ကြသည်။ ဘရာဇီးအသင်းတွင် အရွယ်လွန်ကစားသမားသုံးဦးပါဝင်ရာတွင် ဟွတ်ခ်သည် တစ်ဦးအပါအဝင်ဖြစ်သည်။ အိုလံပစ်ပြိုင်ပွဲဝင် ဘရာဇီးအသင်းအတွက် နည်းပြ မာနိုမီနီဂျက်က မန်ယူနောက်တန်းကစားသမား ရာဖေးလ်နှင့် စပါးကွင်းလယ်ကစားသမား ဆန်ဒရို့တို့ကိုလည်း ခေါ်ယူထားသည်။ ဘရာဇီးအသင်းသည် ပထမဆုံးအကြိမ် အိုလံပစ်ရွှေတံဆိပ်ဆွတ်ခူးရန် မျှော်မှန်းထားသည့်အသင်းဖြစ်သည်။ ဘရာဇီးတို့ အုပ်စု(C)တွင် အီဂျစ်၊ ဘီလာရုစ်၊ နယူးဇီလန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဘရာဇီးတို့ အိုလံပစ်ပြိုင်ပွဲ မကစားမီ ဇူလိုင် ၂၀ ရက်တွင် ဂရိတ်ဗြိတိန်အသင်းနှင့် ချစ်ကြည်ရေးပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

မန်ယူကွင်းလယ်ကစားသမားပတ်ဂျီဆန် ကျူပီအာအသင်းသို့ပြောင်းပြီ

လန်ဒန် ဇူလိုင် ၈

မန်ယူကွင်းလယ်ကစားသမားပတ်ဂျီဆန်အား ကျူပီအာအသင်းက ခေါ်ယူစာချုပ်ရန် သဘောတူညီလိုက်ပြီဖြစ်သည်။

*အသက် ၃၁ နှစ်ရှိ ကွင်းလယ်ကစားသမား ပတ်ဂျီဆန် **(အပေါ်ပုံ)**အား ကျူပီအာအသင်းက ပြောင်းရွှေ့ကြေးကိစ္စတရားဝင်ထုတ်ဖော်ပြောဆိုခြင်းမရှိသော်လည်း ပေါင်ငါးသန်းဖြင့် စာချုပ်ချုပ်ဆိုဖွယ်ရှိကြောင်း မီဒီယာများက ရေးသားဖော်ပြကြသည်။*

တောင်ကိုရီးယားကစားသမား ပတ်ဂျီဆန်သည် ၂၀၀၅ခုနှစ်က အိုင့်ဟိုဗင်ကလပ်မှ မန်ယူသို့ပြောင်းရွှေ့လာပြီးနောက် မန်ယူအတွက် ပွဲပေါင်း ၁၃၃ ပွဲ ပါဝင်ကစားကာ ဂိုးပေါင်း ၁၉ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ သူသည် မန်ယူအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားလေးလုံး၊ ချန်ပီယံလိဂ်ဖလားတစ်လုံး ဆွတ်ခူးပေးနိုင်ခဲ့သည်။

ပတ်ဂျီဆန်သည် သူ၏ကြေးစားဘောလုံးသမားဘဝကို ဂျပန်ကလပ် ကျိုတိုပါပလီဆန်ဂါ၌စတင်ခဲ့သည်။ သူသည် ၂၀၀၂ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တောင်ကိုရီးယားနှင့်ဂျပန်နိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပစဉ် တောင်ကိုရီးယားအသင်းကို အကြိုဗိုလ်လုပွဲအထိရောက်အောင်ပို့ပေးနိုင်ခဲ့သည်။ ပတ်ဂျီဆန်သည် ထိုအချိန်မှစပြီး နာမည်ကြီးလာကာ အိုင့်ဟိုဗင်ကလပ်က ခေါ်ယူခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် မန်ယူသို့ ပြောင်းရွှေ့ကစားခဲ့သည်။ ***(အင်တာနက်)***

"အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း နှင့် ဆုမွန်ကောင်းတောင်းခြင်း"

ပြည်တွင်းပြည်ပတွင် အလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး IT/Computer ပညာရှင်ဖြစ်လိုသူများအတွက်

HND Diploma in Computing (UK)

Admission Enquires: Gusto Institute
#332(D), Pyay Road, Sanchaung Tsp., Yangon.
Ph : 01-503715, 0986-28806.

ခြံကျယ်ကျယ်ရောင်းမည်

ပြည်-သရေခေတ္တရာမြို့ဟောင်းအနီး
ဆေးရုံ-အဝေးပြေးဂိတ်အနီးရှိ
၄ ဧကနီးပါးကျယ်ဝန်းပြီး RC နှစ်ထပ်တစ်လုံး
နှစ်ခန်းတွဲ တစ်ထပ် ခြောက်လုံးနှင့်
ပတ်ချာလည် အုတ်တံတိုင်းအပြည့်ခတ်ထားသည်။

ဖုန်း-၀၉-၄၅၂၃၃၃၃၆၃

THE COOK

ကျေးဇူးဆပ်ပါမည်

ကျွန်မ မခင်စိုးသူ ၁၂/ကတတ(နိုင်)၀၁၄၅၅၅ ၏ နိုင်ငံကူးလက်မှတ် အမှတ် ၈၁၉၃၄၇ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၁-၂၄၃၅၉၀

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်လှိုင်မင်းဦး၏ နိုင်ငံကူးလက်မှတ် ၆၁၂၀၇၀သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၉၂၇၀၈၉၀

MASTER OF FINANCIAL $ERVICES (MFS)

STI Education like no other

"၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဇူလိုင် (၃၀)ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်"

- Securities Analyst
- Real Estate Lender
- Credit Manager
- Loan Officer
- Investment Banker
- Stockbroker
- Appraiser
- Capital Budgeting Analyst/Manager
- Branch Manager
- Financial Analyst
- Mortgage Banker
- Insurance Agent

No 377, Upper Shwe Bon Thar St., Pabedan Tsp., Yangon, Myanmar.
Tel: 377988, 0103450475
Room 7, Block 4, Myanmar Info-Tech, Hlaing Tsp., Yangon, Myanmar.
Tel: 507048, 507151, 507152

အများသိစေရန်ကြော်ငြာခြင်း

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အကွက်အမှတ်(၇၁)၊ ဦးပိုင်အမှတ်(၄-ခ)၊ဧရိယာ ၀ ဒသမ ၂၅၀ ဧကရှိမြေသည် ဦးသန်းဦး အမည်ဖြင့် နှစ် ၃၀ အငှားဂရန်ကို အမှုတွဲအမှတ်(ငါး)၁၃၉၃/၁၉၉၇-၁၉၉၈ ဖြင့် ရရှိထားပါသည်။ အဆိုပါအငှားဂရန်စာချုပ်သည် ပျောက်ဆုံးသွားပါသဖြင့် ဦးသန်းဦးအား အငှားဂရန်မိတ္တူထုတ်ပေးနိုင်ရန် အဆိုပါမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးထံ ခိုင်လုံသည့် အထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ မဝါဝါနု ၁၂/တမန(နိုင်)၁၀၉၁၉၄ ကိုင်ဆောင်သူသည် မိဘစိတ်ဆင်းရဲအောင် ပြုမူဆက်ဆံပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်သက်ဆိုင်သော ကိစ္စများအား လုံး၀(လုံး၀)တာဝန်ယူမည် မဟုတ်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်တင်တင်သောင်း(ခ)ဒေါ်သန်းသန်းနု
၁၂/တမန(နိုင်)၀၉၅၉၅၄

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမက (၃၀) နှင့် အမက(၁)တို့တွင် အမှတ်(၁၀)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက်ပြည်သူများလှူဒါန်းသည့် ကျောင်းသုံးပစ္စည်းအစုံအလင်ကို လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုးက ကလေးများအား ပေးအပ်စဉ်။ (၁၂၂)

မော်ကျွန်း၌ ပညာသင်စရိတ်ထောက်ပံ့

မော်လမြိုင်ကျွန်း ဇူလိုင် ၈

မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲကို ဇွန် ၂၈ ရက်က မော်ရောခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေမောင်က ဝန်ထမ်းသားသမီး ၅၂ ဦးအား ထောက်ပံ့ငွေနှင့် ကျောင်းသုံးဗလာစာအုပ်များကို တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝဖ၅)

မိခင်အမည်မှန်

အခြေခံပညာအထက်တန်းကျောင်း ဟိုပန်၊ စတုတ္ထတန်းမှ မောင်စစ်တား(ခ) မောင်ထွန်းထွန်းထွေး၏ မိခင်အမည်မှန်မှာ ဒေါ်ကော်ပေါက်ချင်(ခ)ဒေါ်ကုန်ပေါင်ချင် ၁၃/ဟပတ(နိုင်)၀၀၃၂၃၃ ဖြစ်ပါကြောင်း။

ဥတုရာသီ တောကိုမှီ၏

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရတနာပုံတယ်လီပို့တို့နှင့်
ပြည်တွင်း/ပြည်ပရှိ ဆက်သွယ်ရေးဝန်ဆောင်မှု
လုပ်ငန်းများဆောင်ရွက်နေသည့် ကုမ္ပဏီများပူးပေါင်း၍
(Joint Venture)ဆောင်ရွက်ပြီး ဆက်သွယ်ရေး
ဝန်ဆောင်မှုလုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာ
တင်ဒါခေါ်ယူရာတွင် တင်ဒါပြင်ဆင်ခြင်း၊
တင်ဒါခေါ်ယူခြင်း၊ စိစစ်ရွေးချယ်ခြင်းစသည့်လုပ်ငန်းများပြုလုပ်နိုင်ရန်
နိုင်ငံတကာအတွေ့အကြုံရှိသော
Telecommunications Tender Consultant
ကုမ္ပဏီ/အဖွဲ့အစည်းများအား

အဆိုပြုလွှာများတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရတနာပုံတယ်လီပို့တို့အနေဖြင့် မိဘပြည်သူများ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီသုံးစွဲနိုင်ရန်ရည်ရွယ်၍ ပြည်တွင်း/ပြည်ပရှိ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီများနှင့် ပူးပေါင်း၍(Joint Venture)ဆောင်ရွက်ပြီး Mobile, PSTN,IT, Internet စသည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာတင်ဒါခေါ်ယူ၍ စိစစ်ရွေးချယ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ တင်ဒါလုပ်ထုံးလုပ်နည်းများအတိုင်းဖြစ်စေရန်၊ နိုင်ငံတကာ စံချိန်စံညွှန်းများအတိုင်းဖြစ်စေရန်နှင့်ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် တင်ဒါခေါ်ယူရန်ပြင်ဆင်ခြင်း၊ တင်ဒါခေါ်ယူခြင်း၊ စိစစ်ရွေးချယ်ခြင်း စသည့် လုပ်ငန်းအဆင့်ဆင့်တို့တွင် Telecommunications Tender Consultant အဖြစ် ဆောင်ရွက်ပေးနိုင်မည့် နိုင်ငံတကာ အတွေ့အကြုံရှိသော Telecommunications Tender Consultant ကုမ္ပဏီ/အဖွဲ့အစည်းများ၏ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများ၊ အတွေ့အကြုံနှင့် အကြံဉာဏ်များကို ရယူဆောင်ရွက်သွားလိုပါသည်။ သို့ပါ၍ အထက်ပါ Consultancy လုပ်ငန်းအားဆောင်ရွက်လိုသည့် Telecommunications Tender Consultant ကုမ္ပဏီ/အဖွဲ့အစည်းများအား အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ဆောင်ရွက်လိုသည့် Telecommunications Tender Consultant ကုမ္ပဏီ/အဖွဲ့အစည်းများအနေဖြင့် အောက်ပါလိပ်စာအတိုင်း ၁-၈-၂၀၁၂ ရက် မွန်းလွဲ ၂:၀၀ နာရီမတိုင်မီ အဆိုပြုလွှာများ တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန
ရုံးအမှတ်(၂)၊ နေပြည်တော်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တယ်လီဖုန်းအမှတ် ၀၀-၉၅-၆၇-၄၀၇၀၅၆
E-mail:myanmarmptjv@mpt.net.mm

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန

နှစ်(၄၀)ပြည့် မင်္ဂလာဆုတောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်းသွယ်(၇)၊ အမှတ် ၅၇၃ နေ ဖေဖေ ဦးမျိုးညွန့် [ညွန်ကြားရေးမှူး(ငြိမ်း)ဆည်မြောင်းဦးစီးဌာန]နှင့် မေမေ ဒေါ်နုနုဝင်းတို့၏ ၉-၇-၂၀၁၂ရက်တွင်ကျရောက်သော နှစ်(၄၀)ပြည့် မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင်အောင် သားသမီး၊ မြေးများနှင့်အတူ ကိုယ်စိတ်နှလုံးကျန်းမာခြင်းတို့နှင့် ပြည့်စုံစွာဖြင့် ပရဟိတလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ပြီး ဝိပဿနာအလုပ်ကျင့်စဉ်များကို ခန္ဓာဉာဏ်ရောက် ကျင့်ကြံပွားများ အားထုတ်နိုင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

သမီးကြီး - ဦးရဲမင်းဇော် [ဒု-အင်ဂျင်နီယာမှူးကြီး (ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး)]-ဒေါ်ဝင်းမျိုးထက်
မြေးများ - မဝင်းရူပါမင်း (သတ္တမတန်း၊ အထက-၁၊ လှိုင်)
မောင်မင်းခန့်ဇော် (စတုတ္ထတန်း၊ အထက-၁၊ လှိုင်)
သားကြီး - ဦးထက်ဝင်း (Biorad Diagnostics Group, U.S.A)
သားငယ် - ဦးငြိမ်းချမ်းထက် -ဒေါ်ဆုမျိုးအောင်ခိုင်
(Bauer Technologies Far Fast Pte ., Ltd, Singapore)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၁၊မြေကွက်အမှတ် ၉၂၇၊ မြေကွက်တည်နေရာ အမှတ် ၉၂၇၊ သဇင်မြိုင်လမ်း၊ ၄၁ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဦးလှမိုး အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးလှမိုးကွယ်လွန်သဖြင့် ဒေါ်သန်း ၁၂/ဗဟန(နိုင်)၀၃၀၆၉၅ က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့် အသက်ကယ်ပါ

Nandar Thein Zan
Arimaddana
Inspirations
The Footstep and Thoughts
Inspired by Bagan
Translated by
Daw Kyi Kyi Hla

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

သမဝါယမဘဏ်လီမိတက်(အများပိုင်ဘဏ်) CB Bank (ဖျာပုံဘဏ်ခွဲ)ကို ၂-၇-၂၀၁၂ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့သော အခွန်ထမ်း(၂၀)ဦး၌ သမဝါယမဘဏ်လီမိတက်(အများပိုင်ဘဏ်) CB Bank သည် ဝင်ငွေခွန်အများဆုံးထမ်းဆောင်မှု Top Ten စာရင်း၌ ပါဝင်ခဲ့ပြီး နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာ အခွန်ထမ်းဆောင်နိုင်ခဲ့သည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဆတက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Tun Foundation Bank Ltd	**Myanmar Golden Star Co.,Ltd**
MGS Beverage Co.,Ltd	**MGS Food Co.,Ltd**
Pioneer Venture Ltd	**Nan Htike Co.,Ltd**
Tun Nyunt Co.,Ltd	**Star Exploration Co.,Ltd**
Rice Trader Co.,Ltd	

Travels & Tours

Fully Package Tour

July 25 (7 Days 6 Nights Trip)

Price - 1,100,000 Kyats

Hot Line: 09 73003772

1550 USD

PEARL LAND TRAVELS & TOURS CO., LTD.

VICTORIA UNIVERSITY COLLEGE

Victoria University College

ကျေးဇူးဆပ်ပါမည်

ဓာတ်ပုံရှင် မောင်ဝေယံထွဋ် (၁၃)နှစ်၊ သတ္တမတန်း(က)၊ အလက(၁)၊တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသည် ပျောက်နေသည်မှာ (၇)လရှိပြီ ဖြစ်ပါသည်။ ယခုဇူလိုင်လကုန်အတွင်း တွေ့ရှိခေါ်ဆောင်ပေးသူအား ငွေကျပ်သုံးသိန်း ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်

ဖုန်း-၀၁-၅၅၃၆၉၂၊၀၉-၅၀၃၀၁၉၃

DSA/DSTA/DSMA

Tel:01 504910/09 8634324

အမည်ပြောင်း

သံတွဲမြို့နယ်၊ အထက(ခွဲ)ကျောက်ကြီး၊ နဝမတန်းမှ မစောရတနာအား ယနေ့မှစ၍ မနှင်းရတီဟု ပြောင်းလဲခေါ်ပါရန်။

မနှင်းရတီ

(LL.B.)

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ် ၆၇နေ ဦးအောင်ကျော်သိန်း ၁၂/မဂတ(နိုင်)၀၉၁၉၈၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းသိစေအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် မြေပိုင်ရှင်/အိမ်ပိုင်ရှင်ဟုဆိုသူ ဒေါ်လှလှဝင်းနှင့် ဦးကြည်ဝင်းတို့သည် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ ရူပလမ်း၊ အမှတ်(၉/၂၅)နှင့်(၉/၂၆) ဟု ခေါ်တွင်သည့် မြေကွက်အမှတ် ၅၁၊ ဦးပိုင်အမှတ် ၂၊ ဧရိယာ ၁၁၀၈ ၀၂၇ ဧကရှိမြေကို နှစ်ခန်းတွဲ RC ကန်ထရိုက်တိုက် ၃½ထပ် တိုက်သစ်ဆောက်လုပ်ရန် ၂၃-၆-၂၀၁၂ ရက်က သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။

ဖော်ပြပါနေရာတွင် ကန်ထရိုက်တိုက်သစ် ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ယာ/အုံ)တွင် အဆောက်အအုံ ဆောက်လုပ်ခွင့်ပုံစံခွင့်ပြုမိန့်လျှောက်ထားရန်အတွက် ကန့်ကွက်လိုသူရှိပါက စာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြေညာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက တိုက်သစ်ဆောက်လုပ်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်ဇံ	**ဒေါ်မာမာသိန်း**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
LL.B, DBL, DML, DIL, DA, Psy, DIR	**LL.B**

အမှတ် ၅၅၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၆၄၈၁၊ Yangon Bar Association,
၀၉-၅၀၈၈၆၀၅၊ ၀၉-၇၃၁၃၀၉၈၉

Reg No - 0513 YR 005459

01-510617, 510367

The UNIVERSITY of GREENWICH (UK)

B.Sc (Hons) Business IT



University Campus

Hostel University Campus Life Style

Native Speaker English Speaking Campus

On-the-Job Training (OJT)

Work & Learn Environment

Extra curriculum activities

Vibrant Campus

MCC Yatanarpon Special Campus

02-5178112, 02-5178132

02-5178113, 09-43104966

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၄)၊ ရေကန်လမ်းနေ (ဦးထွန်းနိုင်)-ဒေါ်နန်းမွေးတို့၏သားထွေး

မောင်ကျော်မင်းနိုင် (B.A, English MUFL) နှင့်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ဦးအောင်ဖုန်း(ညွှန်ကြားရေးမှူး)-ဒေါ်မြင့်မြင့်ရီ(လက်ထောက်ညွှန်ကြားရေးမှူး)နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့၏ တစ်ဦးတည်းသောသမီး

မဝင့်ဝါအောင်ဖုန်း (B.A, French MUFL)

တို့သည်၈-၇-၂၀၁၂ရက်က ကောင်းကင်နန်းတော်(Sky Palace)ဟံသာဝတီခန်းမ၌ နှစ်ဖက်မိဘများရှေ့တွင် အောင်မြင်စွာစေ့စပ်ပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်ကျော်မင်းနိုင်-မဝင့်ဝါအောင်ဖုန်း

* IELTS * TOEFL

* 4 Skills

Tel: 01 504910 / 09 8634324

ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့်အကြောင်းကြားစာ
ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်
၂၀၁၂-ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၈၈/၁၁၆

ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်ညွှန်ကြားမှုဦးစီးဌာန (၎င်း၏ကိုယ်စား ဦးဖေသန်းဝင်း)	**နှင့်**	၁။ ဦးဇော်လင်းထွန်း အမှတ်-၉၇၂-ဘီ၊ ရွှေနှင်းဆီလမ်း၊(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ၂။ ရတနာကျော်ကုမ္ပဏီ လီမိတက် (၎င်းကိုယ်စား အုပ်ချုပ်မှု ဒါရိုက်တာဦးလှိုင်စိုး)
ရတနာကျော်ကုမ္ပဏီလီမိတက် (၎င်းကိုယ်စားအုပ်ချုပ်မှု- ဒါရိုက်တာ ဦးလှိုင်စိုး)	**နှင့်**	၁။ ဦးဇော်လင်းထွန်း အမှတ်၊၉၇၂/ဘီ၊ ရွှေနှင်းဆီလမ်း၊၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ၂။ ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စာရေးကိရိယာနှင့်ဓာတ်ပုံ ပစ္စည်း ရောင်းဝယ်ရေး (ဖျက်သိမ်းဆဲ) နေပြည်တော်။
လျှောက်ထားသူများ		**လျှောက်ထားခံရသူများ**

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၏တရားမကြီးမှုအမှတ်(-၉၈၂/၂၀၁၁)၏အမိန့်ကို ပြင်ဆင်မှု။

အထက်အမည်ပါ အမှုမှ အမှတ်(၁) လျှောက်ထားခံရသူ ဦးဇော်လင်းထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့် အမိန့်ကို လျှောက်ထားသူက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤပြင်ဆင်မှုများကို ၂၀၁၂ခုနှစ် ဇူလိုင် ၂၇ ရက် (၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလဆန်း ၉ ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ပြင်ဆင်မှုတွင် သင့်အတွက် ရွက်ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုများကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၂ ခုနှစ် ဇွန် ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ-

ဖြူဖြူသွယ်
လက်ထောက်ညွှန်ကြားရေးမှူး
တရားမဌာန
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေထည့်ဝင်လှူဒါန်းခဲ့ခြင်းအား ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုခြင်း

ရခိုင်ပြည်နယ်ရှိဒေသခံပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် သမဝါယမဘဏ်လီမိတက်(အများပိုင်ဘဏ်) CB Bank မှ အလှူငွေကျပ် ၁၀၀,၀၀၀,၀၀၀/ (ကျပ်သိန်းတစ်ထောင်တိတိ) လှူဒါန်းခဲ့ခြင်းအတွက် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုပါကြောင်းနှင့် CB Bank ကြီး ဆတက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Tun Foundation Bank Ltd.	**Ruby Dragon Co.,Ltd.**
New Star Gems & Jewellery	**Capital Hyper Mart**
Naing Group Construction Co.,Ltd.	**Eazy Zero Trading Co.,Ltd.**
Ikon Trading Co.,Ltd.	**Swan Myat Trading Co.,Ltd.**
Yeo Brother Agritrade Co.,Ltd.	**The Rich Gems Co.,Ltd.**
Special Style Photo & Electronics	**Breeze Resort Hotel Chaungtha**
Amazing Hotels &Resort	**May & Mark Gems Co.,Ltd.**
Myanmar Pu Min Co.,Ltd.	**Moe Yan Lottery Enterprises**
Shwe Me Co.,Ltd.	**Asia Myint Co.,Ltd.**
Su Htoo Pan Co.,Ltd.	**Paing Family International Co.,Ltd.**
Saint San Yee Co.,Ltd.	

မွေးနေ့ဆုတောင်း

ဘိုးဘိုး-ဘွားဘွား၊ ဖေဖေ-မေမေတို့ရဲ့ တစ်ဦးတည်းသော ချစ်သားလေး **ခွန်ကောင်းခန့်ကို** အထက(၅)၊ သူငယ်တန်း(A)၏ ၉-၇-၂၀၁၂ ရက်တွင် ကျရောက်သော (၅)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျန်းမာရွှင်လန်း၍ ထူးချွန်ထက်မြက်လိမ္မာသော သားကောင်းရတနာလေးဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ချစ်ဘိုးဘိုး - ဒုရဲမှူးမြင့်ဝင်း (လူကုန်ကူးအထူးအဖွဲ့၊ တောင်ကြီးမြို့)
ချစ်ဘွားဘွား - ဒေါ်ကေသီဝင်း
ချစ်ဖေဖေ - ဦးမျိုးကိုကို (လူကုန်ကူးအထူးအဖွဲ့၊ တောင်ကြီးမြို့)
ချစ်မေမေ - ဒေါ်နန်းလှရီ
ချစ်မမ - ဝင်းလဲ့ရွှေရည် (အထက-၁)

ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၂၊ မြေကွက်အမှတ် ၅၃၊ မြေကွက်တည်နေရာအမှတ် ၅၃၊ ဝေဇယန္တာလမ်း၊ ၁၆/၂ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ ... [illegible]

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဓမ္မာ့ဝတီလမ်း၊ တိုက်အမှတ် ... [illegible]

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်နိုင် LL.B,Advocateship တရားလွှတ်တော်ရှေ့နေ
ဒေါ်မြင့်မြင့်အေး B.A(Law), LL.B တရားလွှတ်တော်ရှေ့နေ
၈၃/၁၁၊ ယမ်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၃၇၇၂၇၆

ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၇၈၀/က၊ မြေကွက်တည်နေရာအမှတ် ၂၅/ခ၊ ကမာကြည်လမ်း၊ ရန်ကုန်သစ် ... [illegible]

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ အကွက်အမှတ် ၁၆-က၊ ဆန်ဆိုင်းလုံ N၊ ဦးပိုင်အမှတ် ၂၈/၄၊ ဦးရှုံခမ်းလျှန်း ၁၃/တခလ(နိုင်) ၀၀၉၁၆၁ အမည်ပေါက် ပိုင်ဆိုင်သည့် ဧရိယာ အကျယ်အဝန်း ၀ ဒသမ ၀၈၄၈ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်ရပ်ရပ်တို့ကို ... [illegible]

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းထွန်း LL.B အထက်တန်းရှေ့နေ(စဉ်-၂၁၉၅၆)
အမှတ် ၄၂၄၊ မယ်ခေါင်ရပ်ကွက်၊ တာချီလိတ်မြို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ... H/RGN-... [illegible]

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ... [illegible]

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂-၇-၂၀၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ... ပြန်လည်ရုပ်သိမ်းကြေညာခြင်း

[illegible]

ဦးထွန်းအောင်ရှိန်၏လွှဲအပ်ညွှန်ကြားချက်အရ-

မိခင်ဒေါ်အေးရီနှင့် အများသိစေရန် ကြေညာချက်

ကျွန်တော် ဦးစိုးညွန့်ထွန်းက တရားလိုပြုလုပ်၍ မိခင် ဒေါ်အေးရီအပေါ် စွဲဆိုထားသော ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ် ၁၁၆၁/၂၀၁၁အမှုအား ကျွန်တော်ကိုယ်တိုင် ခြွင်းချက်မရှိ ရုပ်သိမ်းပြီးဖြစ်ပါကြောင်း မိခင် ဒေါ်အေးရီနှင့် အများသိစေရန် ကြေညာပါသည်။

ဦးစိုးညွန့်ထွန်း HZA -၂၁၆၈၇၅
အမှတ် ၂၅၁၊ ၂၈လမ်း၊ ၁၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ... [illegible]

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဦး LL.B, D.B.L,D.I.L,Dip. CA, WIPO အထက်တန်းရှေ့နေ(စဉ်-၂၄၅၂၅)
ဦးထိန်လင်းသန့် LL.B,D.B.L,D.I.L,D,M.L,WIPO အထက်တန်းရှေ့နေ(စဉ်-၂၅၆၉၃)
Hein Htet San Law Firm

ဝန်ခံချတောင်းပန်ခြင်း နှင့် ဝန်ခံကတိပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အဆင့်မြင့်မင်္ဂလာဈေး မြေညီထပ် အမှတ် - ၂၅၈ တွင် ဖွင့်လှစ်ထားသော "ကိုကျော်အထွေထွေနှင့်မရီမိုးအေး (ကျောက်တော်) အထည်ဆိုင်" မှ I-MAX မဝတ်အကျီနှင့် GIORENZO မဝတ်အကျီများ၏ ဒီဇိုင်းများအား တုပပြုလုပ်ထားသော Beautiful Woman မဝတ်အကျီများအား ရောင်းချမိခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်တို့မှ ထိုရောင်းချမိခြင်းအတွက် I-MAX အဝတ်အထည်နှင့် GIORENZO အဝတ်အထည်များ၏ ပိုင်ရှင်ဖြစ်သူ ဦးမြတ်ကို (ဒေါ်ဝင်းအထည်ဆိုင် - ယုဇနပလာဇာဈေး)အား အနူးအညွတ် ဝန်ချတောင်းပန်အပ်ပါသည်။

သို့ဖြစ်ပါ၍ နောက်နောင်တွင်လည်း ထိုကဲ့သို့ I-MAX အဝတ်အထည် နှင့် GIORENZO အဝတ်အထည်များ၏ ဒီဇိုင်းများအား တုပပြုလုပ်ထားသော အဝတ်အထည်များကို ဖြန့်ဖြူး ရောင်းချခြင်း မပြုလုပ်တော့ပါဟု ဝန်ခံကတိပြုပါသည်။

ကိုကျော်အထွေထွေနှင့်မရီမိုးအေး (ကျောက်တော်) အထည်ဆိုင်
ဆိုင်အမှတ် - ၂၅၈၊ မြေညီထပ်၊ အဆင့်မြင့်မင်္ဂလာဈေး
မင်္ဂလာတောင်ညွန့်မြို့နယ်။

ဒေါ်ခိုင်ခိုင်မြင့်နှင့် အများသိသာရန်သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီးတောင်ဥက္ကလာပမြို့နယ် ... [illegible]

ကွယ်လွန်သူ မိခင်ကြီး ဒေါ်မြမေ၏ အမွေခံသားသမီးများ ဖြစ်ကြသော ဦးထွန်းထွန်းဦး၊ ဒေါ်နုနုရီ၊ ဒေါ်အေးအေးမြတ်နှင့် ဦးအောင်သန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးဟန် ဦးလှမင်း ဒေါ်ခင်မာလာကြည်
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၁၉၆၊ ပထမထပ်၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ ... [illegible]

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြမြဇော်(စဉ်-၁၀၉၃၈)LL.B,D.I.L, WIPO(Switzerland)
အထက်တန်းရှေ့နေ
အမှတ် ၁၆၈၊ ပထမထပ်(ယာ)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၂၂၈၆၆၆၊ ၀၉-၇၃၂၀၀၆၄၆၊ ၀၁-၂၈၈၆၉၃

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ... [illegible]

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

အမည်ပြောင်း

မြိတ်မြို့၊ မြိတ်တောင်ကျေးရွာအုပ်စု၊ အင်းလေးမြိုင်(၂)ရပ်၊ကြာနီလမ်းနေ ဦးမဲခဲ၏သား ဦးအောင်ဝင်းကြည်အား နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးဝင်းကြည်ဟု ပြောင်းလဲခေါ်ပါရန်။

ဦးဝင်းကြည် ၆/မမန(နိုင်)၁၂၃၂၄၉

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၂)၊ နဝမတန်း(I)မှ မနော်စေးလို၏ဖခင်အမည်မှန်မှာ ဦးတင်အောင်မိုးဖြစ်ပါကြောင်း။

ဦးတင်အောင်မိုး ၆/ကစန(နိုင်)၀၄၂၇၆၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	12 M Concrete Pole	119 Nos

ပိတ်ရက်နှင့်အချိန် - ၂၀-၇-၂၀၁၂ ရက် ၁၆:၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန (ရုံးချုပ်)
ထုတ်လုပ်ရေးနှင့် ဖြည့်တင်းရေးဌာနခွဲ
ရုံးအမှတ် (၅၀)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၃၁၃၀၈၊ ၀၆၇-၄၃၁၂၉၅

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Tyre	1 Lot
2.	Battery	1 Lot
3.	Lubricant	1 Lot

၂။ ပစ္စည်းများ၏ (Specification, Manufacture, Country of Origin)တို့အား ၂၆-၇-၂၀၁၂ရက် မွန်းတည့် ၁၂:၀၀နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၂ ခုနှစ် ဩဂုတ် ၉ရက် မွန်းတည့် ၁၂နာရီ ဖြစ်ပြီး ၁၃:၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ် ၃၈၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၂၃၁၊ ဖက်စ်-၄၁၁၀၈၁

REPUBLIC OF THE UNION OF MYANMAR MINISTRY OF TRANSPORT DEPARTMENT OF CIVIL AVIATION INVIATION TO PREQUALIFICATION

Date of Issue:9th July, 2012

Name of Project:Hanthawaddy International Airport Project

The Department of Civil Aviation, Ministry of Transport, will accept submissions for pre-qualification from Prime Contractors interested in bidding on the Hanthawaddy International Airport Project (hereinafter referred to as the "Project") at a location 48 miles north-east of Yangon City in Bago Region, Myanmar. The Prime Contractors may form consortia of related engineering disciplines in which case the executed consortium agreement is to be included in the prequalification documents. The prequalification procedure will be as follows:

1. The Department of Civil Aviation, Ministry of Transport, intends to prequalify international firms or consortia in collaboration with local contractors for construction of the Hanthawaddy International Airport and its related airport facilities in accordance with international standards and best practices.
2. The main scope of works for the Project will include:
   - (i) Master planning including design criteria;
   - (ii) Preliminary and detailed design;
   - (iii) Construction of Control Tower and Operation Building, Terminal Building(s), Runway, Taxiway, Apron and Drainage System;
   - (iv) Installation of Communication, Navigation and Surveillance (CNS) System, Airfield Lighting System;
   - (v) Fire Fighting Building & Facilities;
   - (vi) Water Supply and Sewage Treatment System;
   - (vii) Electrical Power Supply and Distribution System;
   - (viii) Fuel Storage and Distribution System including fuel hydrant system;
   - (ix) Security System;
   - (x) Environmental Impact Study (EIS);
   - (xi) Social and Cultural Impact Study (SIS, CIS);
   - (xii) Construction of road and rail access and car parking;
   - (xiii) Construction of cargo facilities, hotel and other ancillary infrastructure;
   - (xiv) Management, Operation and Maintenance of the Airport;
3. It is expected that the prequalified firms/ consortia will be invited to submit bids for the Project in October, 2012.
4. The Project will be implemented through Public Private Partnership (ppp), Joint Ventrue or Build Operate Transfer (BOT), in accordance with the Myanmar Foreign Investment Law.
5. The Prequalification Documents in the English language may be purchased by interested firms on the submission of written application and evidence of payment of a non-refundable fee of US$ 1,000 by means of band transfer to:
   Current Account No.MD 010019, MEB through Myanmar Foreign Trade Bank.
6. To obtain further information, applicants should contact the address indicated below:
   Deputy Director General,
   Department of Civil Aviation, Myanmar
   Telephone:951-533001, 951-533013, Fax.951-533016
   Email :dydg@dca.gov.mm, ddassd@dca.gov.mm
7. Deadline and address for submission of Prequalification documents;
   Deadoine for application submission: 9th September,2012 at 15:00hrs
   Myanmar Standard Time.

Addressed to:
Director General
Department of Civil Aviation
Yangon International Airport, Yangon, Myanmar
Telephone:951-533015 Fax.951-533016
email:dgdca@dca.gov.mm

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
အိတ်ဖွင့်တင်ဒါအမှတ် (၁/၂၀၁၂-၂၀၁၃)

၁။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၁။	Fiber Tank 400 gallon (4' × 4' × 4') Super Line	20-Nos
၂။	Compressor With Engine (3"with 5-6HP China)	10-Nos
၃။	Power Tiller (Engine 22HP, Body 3' × 6'8")	10-Nos
၄။	Inverter (1000w) with Battery (N-150) Complete Sets	30-Nos
၅။	Electric Generator (5KW)(ဒီဇယ်)	8-Nos
၆။	Fax (Plain Paper Laser Facsimile) (Canon L-140)	10-Nos
၇။	Brush Cutter (Japan)	17-Nos
၈။	Color Printer (Canon LBP 5050)	2-Nos
၉။	ပလတ်စတစ်စေ့ (LDPE) (၅၀-ပေါင်)	၂၀၀-အိတ်
၁၀။	Fiber Tank 200 gallon (4' × 4' × 2') Single	4-Nos
၁၁။	Fiber Tank 800 gallon (8'× 4' × 4') Super Line	2-Nos
၁၂။	တာယာဆိုဒ်မျိုးစုံ	၁၁၉-လုံး

၂။ ပစ္စည်းများ၏ (Specification, Manufacture, Country of Origin) နှင့် တင်ဒါလျှောက်လွှာတို့အား ၃-၈-၂၀၁၂ရက် ညနေ ၃:၃၀နာရီတွင် နောက်ဆုံးထား၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနသို့ လာရောက်ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါကို ၂၀၁၂ခုနှစ် ဩဂုတ် ၇ရက် နံနက် ၁၀နာရီတွင် ဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း စီမံခန့်ခွဲရေးဌာန၊ ဖုန်း-၀၂-၅၇၀၃၈သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူမှု စိစစ်ရေးကော်မတီ
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန(ရုံးချုပ်)
မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့

ခေတ္တရာအသင်း (ရန်ကုန်မြို့) ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ

ခေတ္တရာအသင်း(ရန်ကုန်မြို့)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲဇော်ပွဲကို ၂၉-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော် အရှေ့ဘက်ဓာတ်လှေကားအနီးရှိ ခေတ္တရာအသင်း၊ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ပြည်ခရိုင်အသင်းသူ အသင်းသားများ မိသားစုနှင့်တကွ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်မှာ ဦးသန်းထွန်း ဖုန်း-၃၇၄၅၃၁၊ ဦးဌေးအောင် ဖုန်း-၅၃၀၆၇၄၊ ဦးဘိုနီ ဖုန်း-၇၀၉၀၄၅၊ ဒုဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း) ဖုန်း-၅၂၇၈၁၁-(ခွဲ)-၁၁၈၈၊ ဦးဝင်းမော် ဖုန်း-၂၄၂၁၃၈နှင့် ဒေါ်ဥမ္မာသန်း ဖုန်း-၂၄၉၀၉၂ ဖြစ်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၁ နှင့် ၅)

ညောင်ရွှေမြို့နယ်တရားရုံးတော်၌ ၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၀

ဦးကျော်ဇင် **နှင့်** ၁။ ဦးခင်မောင်ထွေး၊ ၂။ ဒေါ်နီနီဝင်း
၃။ ဒေါ်ခင်ပြုံးကြည်၊ ၄။ ဦးအေးမောင်
၅။ မငွေဆင့်

တရားလို **တရားပြိုင်များ**

ညောင်ရွှေမြို့၊ မင်္ဂလာရပ်၊ ယခင်နေရပ်လိပ်စာ (ယခုနေရပ်လိပ်စာမသိ)နေ ဦးအေးမောင်၊ မငွေဆင့် သိစေရမည်။

သင်တို့အပေါ်၌ ဦးကျော်ဇင်က ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဇူလိုင် ၁၃ရက် (၁၃၇၄ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇူလိုင် ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **စန်းမြကြူ၊ မြို့နယ်တရားသူကြီး**
ညောင်ရွှေမြို့နယ်တရားရုံး

အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၂)၊ သတ္တမတန်းမှ နန်းအေးရင်၏ဖခင်အမည်မှန်မှာ ဦးရှဲမင့် ၁၃/ကတန(နိုင်)၀၈၄၁၇၆ ဖြစ်ပါကြောင်း။ **ဦးရှဲမင့်**

အမည်ပြောင်း

ဦးအောင်ကိုကိုမြတ်၏ သားမန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ငါန်းမြာကြီး အထက အဌမတန်း(ခ)မှ မောင်ချစ်မဝကိုကိုသန့်အား မောင်ကိုကိုသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကိုကိုသန့်**

ဖခင်အမည်မှန်

မိုးကောင်းမြို့၊ အထက(၁)၊ တတိယတန်းမှ မောင်ဟိန်းမင်းကျော်၏မိဘအမည်မှန်မှာ ဦးကျော်အေး၊ဒေါ်ဆွေဆွေသီ ဖြစ်ပါကြောင်း။



ဝမ်းနည်းကြေကွဲခြင်း
ဦးစိန်ဝင်း
ကေရာဇ်ကုန်းကျေးရွာ၊ ပျော်ဘွယ်မြို့
အသက် (၉၂)နှစ်

ဦးမောင်မောင်မြင့် (MD ကောင်းမြတ်ကုမ္ပဏီ)- ဒေါ်နန်းအေးတင့် (Director ကောင်းမြတ်ကုမ္ပဏီ)တို့၏ မွေးသဖခင် ဦးစိန်ဝင်းအသက်(၉၂)နှစ်သည် ၁-၇-၂၀၁၂ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းကို-ဒေါ်မာလာလှိုင် (မိသားစု)
ဝင်းမာလာအောင် ကုမ္ပဏီ

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးဝင်းသန်း(ငြိမ်း)
O.T.S(63)

၆-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားသော ဒုတိယဗိုလ်မှူးကြီးဝင်းသန်း(ငြိမ်း)၏ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

O.T.S(63) မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

သဃ်္ဃန်းကျွန်း၊ စံပြဆေးရုံကြီး၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုဌာနမှ အငြိမ်းစား ပါမောက္ခဒေါက်တာဦးခင်ထွန်း (University Malaysia Sarawak)၏မိခင် ဒေါ်အမာသည် ၃-၇-၂၀၁၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ ဦးဘုန်းမြင့်၊ ဒေါက်တာဦးထွန်းညွန့်၊
ဒေါက်တာဦးကျော်စိုးကျော်နှင့်
ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ဆောင်မိသားစု
စံပြဆေးရုံကြီး၊ သဃ်္ဃန်းကျွန်း

ချောင်းသာ
ဧည့်ရိပ်သာရောင်းမည်။
ဖုန်း-၀၄၂-၄၂၂၃၃

ဖခင်အမည်မှန်	ဟိုပင်အထက၊ဆဋ္ဌမတန်း(B) မှ မသဲစုဝတီလှိုင်၏ ဖခင်အမည်မှန်မှာ ဦးနှင်းမောင် ဖြစ်ပါသည်။

အမည်ပြောင်း
ဦးကျော်မိုး၏သား မြစ်ကြီးနားမြို့၊ အမက(၁၅)၊ စတုတ္ထတန်းမှ မောင်ခန့်စည်သူအား မောင်စည်သူနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်
မြစ်ကြီးနားမြို့၊ အလက(၁)၊ သတ္တမတန်း(A)မှ မောင်ဂျေ့ရှုဝါး ရာ့ချ်ဒါန်း၏ ဖခင်အမည်မှန်မှာ ဦးပီတာဖြစ်ပါသည်။

အမည်မှန်
ဦးပီတာ၏သမီး မြစ်ကြီးနားမြို့၊ အလက(၁)၊ ပဥ္စမတန်း(A) မှ မရာဒေလဂျိုသီး၏ အမည်မှန်မှာ မရာခေလဂျိုသီး ဖြစ်ပါသည်။
မရာခေလဂျိုသီး



မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(၁/၂၀၁၂)ကြိမ်မြောက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် အသုံးမလိုတော့သည့် အောက်ဖော်ပြပါပစ္စည်းအဟောင်းများအား သာကေတကမ်းလွန်အခြေစိုက်စခန်းတွင်ပစ္စည်းအစုအပုံ(LOT)အလိုက် ခွဲခြားသတ်မှတ်ထားရှိပြီး မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချပါမည်။

ပစ္စည်းအစုအပုံ (LOT)	ပစ္စည်းအမျိုးအမည်
(၁)	လျှပ်စစ်/အီလက်ထရွန်နစ်ပစ္စည်း ၅၈ မျိုး
(၂)	လျှပ်စစ်/အီလက်ထရွန်နစ်ပစ္စည်း ၂၂ မျိုး
(၃)	လျှပ်စစ်/အီလက်ထရွန်နစ်ပစ္စည်း ၂၁ မျိုး
(၄)	ဘက်ထရီအိုးအဟောင်း ၃၉၈၄ လုံး
(၅)	၈ ဒသမ ၂၅အထက် တာယာများ ၃၆၉၉ လုံး
(၆)	၈ ဒသမ ၂၅ အထက် တာယာများ ၂၂၈၄ လုံး

၂။	**အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် ဈေးနှုန်းတင်သွင်းလွှာပုံစံ ရောင်းချမည့်ရက်နှင့် ပစ္စည်းများကြည့်ရှုခွင့်ပြုမည့်ရက်**	- ၁၂-၇-၂၀၁၂ ရက်မှ ၂၃-၇-၂၀၁၂ ရက် အထိ - (ရုံးချိန်အတွင်း)
၃။	**အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းလွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်**	- ၂၄-၇-၂၀၁၂ ရက် - နံနက် ၁၁ နာရီ
၄။	**အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်**	- ၂၄-၇-၂၀၁၂ ရက် မွန်းတည့် ၁၂ နာရီ
၅။	**အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် ဈေးနှုန်းတင်သွင်းလွှာပုံစံ ရောင်းချမည့်နေရာ**	- (၁) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ရုံးအမှတ်(၄၄)၊ နေပြည်တော်။ (၂) ဘဏ္ဍာရေးဌာန၊မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အမှတ်(၄၇)၊ကမ္ဘာအေးဘုရားလမ်း၊ စိမ်းလဲ့မေရိပ်သာလမ်းသွယ်၊ ရန်ကုန်မြို့။ (တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၃၀၀၀ိ/-နှုန်းဖြင့်ရောင်းချပါမည်)
၆။	**တင်ဒါတင်သွင်းရမည့်နေရာ**	- မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ရုံးအမှတ်၄၄၊နေပြည်တော်။
၇။	**ပစ္စည်းဟောင်းများ ကြည့်ရှုရမည့်နေရာ**	- ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သာကေတကမ်းလွန်အခြေစိုက်စခန်း

၈။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဖုန်း-၀၆၇-၄၁၁၃၄၄၊ ၀၆၇-၄၁၀၂၀၄၊ ၄၁၁၂၇၅၊၀၁-၅၄၂၇၃၂၊ ၀၁-၆၅၇၆၇၀
ပစ္စည်းဟောင်းများ လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

ဝမ်းနည်းကြေကွဲခြင်း
ဦးစိန်ဝင်း
ကေရာဇ်ကုန်းကျေးရွာ၊ ပျော်ဘွယ်မြို့
အသက် (၉၂)နှစ်

ဦးမောင်မောင်မြင့် (MD ကောင်းမြတ်ကုမ္ပဏီ)- ဒေါ်နန်းအေးတင့် (Director ကောင်းမြတ်ကုမ္ပဏီ) တို့၏ မွေးသဖခင် ဦးစိန်ဝင်း အသက်(၉၂)နှစ်သည် ၁-၇-၂၀၁၂ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမိုးသော်-ဒေါ်သီတာ (မိသားစု)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်လှိုင်
အသက် (၈၂)နှစ်

ဒေါက်တာလှလှသန်း ပါမောက္ခ၊ ရူပဗေဒဌာန၊ မိတ္ထီလာတက္ကသိုလ်၏ ကျေးဇူးရှင် မွေးမိခင် ဒေါ်တင်လှိုင် အသက်(၈၂)နှစ်သည် ၅-၇-၂၀၁၂ ရက် (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ဒေါက်တာမေရီသိမ်း (ဒုတိယပါမောက္ခချုပ်၊ ကျိုင်းတုံတက္ကသိုလ်)
ဒေါက်တာတင်တင်အေး (ပါမောက္ခ၊ ရူပဗေဒဌာန၊ ဗန်းမော်တက္ကသိုလ်)
ဒေါက်တာတင်ထွန်း၊ ဒေါက်တာခင်ဆွေဦး၊
ဒေါက်တာနွဲ့နွဲ့စန်း၊ ဒေါက်တာနွယ်နီအောင်
(ရူပဗေဒဌာန၊ တောင်ကြီးတက္ကသိုလ်)

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးခင်ဦး (လေးနီ၊ ဂီတစာဆို)
(အသင်းဝင်အမှတ် ၂၈၂၆)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၉ရပ်ကွက်၊ ဇာနည် ၁၀လမ်း၊ အမှတ် ၅၄၇(ခ)နေ အမှုဆောင် ဒေါ်ခင်ဝင်း၏ ခင်ပွန်းသည် ၅-၇-၂၀၁၂ရက် ညနေ ၅နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၂ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **အမှုဆောင်အဖွဲ့**

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်လှိုင်
အသက် (၈၂)နှစ်

ဒေါက်တာလှလှသန်း ပါမောက္ခ၊ ရူပဗေဒဌာန၊ မိတ္ထီလာတက္ကသိုလ်၏ကျေးဇူးရှင် မွေးမိခင်ဒေါ်တင်လှိုင် အသက်(၈၂)နှစ်သည် ၅-၇-၂၀၁၂ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရူပဗေဒဌာန၊ ပင်လုံတက္ကသိုလ်

တစ်နှစ်ပြည့်ဝမ်းနည်းနှမြောတသခြင်း
ဒေါ်ဖြူဖြူစိုး
(အလပြ ဆရာမ၊ မရမ်းကုန်းမြို့နယ်)
၉-၇-၂၀၁၂

သမီးလေးဖြူ မေမေတို့မိသားစုနဲ့ခွဲခွာသွားတာ တစ်နှစ်ပြည့်ခဲ့ပြီး မမေ့နိုင်ကြပါ။ ပြုခဲ့သော ဆွမ်းကျွေးအလှူဒါနကုသိုလ်အတွက် သမီးလေးရောက်ရှိရာသုဂတိဘုံမှ ဝမ်းမြောက်စွာ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ…

ဖေဖေ	-	ဦးစိုးမြင့်-မေမေ-ဒေါ်ခင်သီ မိသားတစ်စု
ခင်ပွန်း	-	ဦးသက်နိုင် (Captain Marine)
သားကြီး	-	မောင်ကျော်သူရနိုင်
သားငယ်	-	မောင်ထက်ထူးနိုင်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဒါးရာ
အသက် (၈၀)

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြိုင်သာယာလမ်း၊ တောင်သူကုန်းရပ်ကွက်နေ ဦးစောဝင်းဗိုလ် (မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း)- D နူးမိုင်တို့၏ချစ်လှစွာသောမိခင် ဒေါ်ဒါးရာသည် ၅-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရ၍ ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းရုံးချုပ်
ရုံးခွဲများ၊ လုပ်ကွင်းများမှ ဝန်ထမ်းများ

ကန့်ကွက်နိုင်ပါကြောင်း
ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၉၊ မြေကွက်အမှတ် ၁၇၁၊မြေကွက်တည်နေရာအမှတ်၁၇၁၊ ကုံကော်မြိုင် ၂လမ်း၊ ၄၉ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးထွန်းဦး(ခ)ဦးထွန်းမောင် အမည်ပေါက် နှစ်၆၀ဂရန်မြေအားအမည်ပေါက်ဦးထွန်းဦး(ခ)ဦးထွန်းမောင်ကွယ်လွန်သဖြင့် ဒေါ်နှင်းဆီမြင့် ၁၂/ဥကမ(နိုင်)၀၆၆၅၁၃က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၆-၇-၂၀၁၂ ရက်တွင် ထုတ်လွှင့်ပြသခဲ့သော
ရသစုံလင် အင်တာနက်ဥယျာဉ်
အပိုင်း ၁၂၂၊ ဉာဏ်စမ်းမေးခွန်းအဖြေမှန်မှာ အရက်ပြန်ဖြစ်ပါသည်။

အဖြေမှန်သူများစာရင်း-(၁) မနှင်းအေးဝေ ၁၂/ဥကမ(နိုင်)၂၀၇၀၁၂၊ (၂) ထက်ထက်ယု ၁၀/မလမ(နိုင်)၂၃၃၇၂၁၊ (၃) နေလင်း ၁၂/သကတ(နိုင်)၁၂၉၄၂၁၊ (၄) ဒေါ်အေးအေးခိုင် ၁၂/လမန(နိုင်)၀၄၈၃၆၈၊ (၅) ဒေါ်ခင်ခင်ဝေ ၁၂/ဗတထ(နိုင်)၀၁၂၄၈၅၊ (၆) ဒေါ်နန်းမြအောင် ၁၂/တမလ(နိုင်)၀၄၉၇၇၃၊ (၇) ကိုစန်းမြင့် ၁၂/တကတ(နိုင်)၀၀၂၁၆၀၊ (၈)သူရိန်မင်းနိုင် ၁၂/ဒဂမ(နိုင်)၀၂၈၇၂၁၊ (၉)ထွန်းလင်းဦး ၁/မကန(နိုင်)၁၀၄၈၂၈၊ (၁၀)တင်မိုးအေး ၈/မဘန(နိုင်)၀၀၀၂၁၁၊ (၁၁)မြဟိန်းစိုး ၅/စလက(နိုင်)၀၉၂၈၃၀၊ (၁၂)ဒေါ်ခင်အေးမြင့် ၉/မရမ(နိုင်)၀၅၅၃၀၆၊ (၁၃)စုမြတ်အောင် ၆/ကလန(နိုင်)၀၉၁၀၂၆၊ (၁၄)မေဇွန်အိဇံ ၉/ခအဇ(နိုင်)၀၁၃၅၁၁၊ (၁၅)ရဲလေး ၇/နတလ(နိုင်)၀၃၇၃၂၅၊ (၁၆)ဒေါ်ခင်ဆွေငြိမ်း ၁၂/ကတတ(နိုင်)၀၂၀၆၄၃၊ (၁၇)စိုင်းခမ်းစိ ၁၃/ကမန(နိုင်)၀၆၄၀၈၉၊ (၁၈)ကိုသန်းအေး ၁၁/မပတ(နိုင်)၀၀၃၉၆၈၊ (၁၉)မင်းလင်းထက်အောင် ၁၀/မလမ(နိုင်)၂၂၉၉၄၆၊ (၂၀)ပြည့်စုံထူး ၁၂/ရပတ(ပြု) ၀၀၀၀၆၀၊ (၂၁)ထက်ဆုခိုင် (လျှောက်ထားဆဲ)၊ (၂၂)စိုးမင်းဇော် ၆/မမန(နိုင်)၁၆၁၁၅၅၊ (၂၃)မြမြသန်း ၁၂/လမန(နိုင်)၀၈၂၉၄၉၊ (၂၄) ဒေါ်ငွေငွေဝင်း ၃/ဘအန(နိုင်) ၀၁၄၃၃၈၊ (၂၅)လူမော်မြင့် ၉/ခအဇ(နိုင်)၀၃၅၉၉၈၊ (၂၆)ကေသီဦး ၁၀/ပမန(နိုင်) ၀၀၀၈၄၃၊ (၂၇)မညိုလေးဆွေ ၁၂/သဃက(နိုင်)၁၆၆၉၂၇၊ (၂၈) မြင့်သိန်းဝင်း ၁၃/တကန(နိုင်)၁၇၁၂၂၆၊ (၂၉) ဒေါ်အေးအေးဝင်း ၃/ကဆက(နိုင်)၀၀၃၄၁၄၊ (၃၀)ကိုမြင့်ဆွေ TKA-၀၅၀၂၇၁၊ (၃၁) စည်သူလှိုင် ၁၂/အစန(နိုင်)၁၉၅၇၁၇၊ (၃၂) မခင်စန္ဒာထွေး ၁၂/ပဘတ(နိုင်)၀၃၂၇၉၉၊ (၃၃)အာကာကျော် ၁၂/ဒဂန(နိုင်) ၀၃၂၁၅၇၊ (၃၄)ကိုကျော်မင်း ၁၂/ကမတ(နိုင်)၀၃၅၇၅၀၊ (၃၅) ကျော်စိုးမျိုး ၁၂/ဥကတ(နိုင်)၁၂၇၄၈၅၊ (၃၆)ဒေါ်လှလှဝင်း ၁၂/ကမတ(နိုင်)၀၁၃၀၁၈၊ (၃၇) ဒေါ်သီဂီ ၁၀/ပမန(နိုင်)၀၂၁၀၃၀၊ (၃၈) နီလာတင်ဖေ ၉/စကတ(နိုင်)၀၇၃၂၉၇၊ (၃၉) ဦးမျိုးဝင်း ၁၂/စခန(နိုင်)၀၅၈၉၀၁၊ (၄၀) ကိုသန်းထိုက် ၁၀/ကထန(နိုင်)၀၅၀၃၃၄၊ (၄၁) ထူးကိုကို ၁၂/အစန(နိုင်)၁၇၄၀၅၇၊ (၄၂)လှထက်ထက်နိုင် (လျှောက်ထားဆဲ)၊ (၄၃) ဦးဝင်းမောင် ၂/လကန(နိုင်)၀၂၁၉၉၈၊ (၄၄) ကြည်သိန်း ၁၂/ရကန(နိုင်) ၀၆၅၈၁၉။

အဖြေမှန်သူများအား ဆုငွေကိုခွဲဝေပေးမည်ဖြစ်သောကြောင့် ၉-၇-၂၀၁၂ ရက်မှ ၁၆-၇-၂၀၁၂ရက်အတွင်း နောက်ဆုံးထားပြီး အမှတ် ၅၂၊ ၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် မှတ်ပုံတင်နှင့်တကွ လာရောက်ထုတ်ယူပါရန်နှင့် ၄င်းရက်ကျော်လွန်ပါက ဆုငွေထုတ်ပေးမည်မဟုတ်ပါ။

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးဇော်မင်းသက်
B.E (Mechanical) 1991
General Manager
Ywar Taw International Trading Co.,Ltd.
အသက်(၅၀)

ဒေါ်ဝိုင်းဝိုင်းမွန်(AFM SEED Co.,Ltd.)၏ ခင်ပွန်း ဦးဇော်မင်းသက်သည် ၅-၇-၂၀၁၂ ရက်တွင် ကွယ်လွန်သွားပါကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်လင်း-ဒေါ်မြတ်မြတ်ထွေးနှင့်
Ywar Taw International Trading Co.,Ltd.
ဝန်ထမ်းမိသားစုများ

ကျေးဇူးအထူးတင်ရှိခြင်း
၃၀-၆-၂၀၁၂ရက် (စနေနေ့) နံနက် ၉:၅၀နာရီတွင် တာမွေမြို့နယ် ကျောက်မြောင်းနေအိမ်၌ ကွယ်လွန်သွားသော ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း ဒါယိကာမကြီး ဒေါ်ရီရီနု (ပခုက္ကူ) အသက် (၇၈)နှစ်၏ နာရေးကိစ္စအဝဝကို ကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် နာရေးကို လိုက်ပါပို့ဆောင်ပေးကြသော ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ ဝိုင်းဝန်းနှစ်သိမ့်အားပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ကိုဇော်မင်းသက်(ခ)ဂါလီ
B.E (MECH) 1987(1991)

သူငယ်ချင်း ၅-၇-၂၀၁၂ ရက်တွင် မမျှော်လင့်ဘဲ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၇ နှင့် ၁၉၉၁ ဘွဲ့ရ ဗိသုကာအင်ဂျင်နီယာများ
ရန်ကုန်စက်မှုတက္ကသိုလ်

ကန့်ကွက်နိုင်ပါကြောင်း
ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းအမှတ်၁၄၈၊ မြေကွက်အမှတ်၁၀၂၈၊ မြေအမည်ပေါက် ဒေါ်သန်းသန်းငွေး အယ်လ်/အာဂျီအန် ၀၁၆၈၁၅ထံမှ ဝယ်ယူထားသူ ဒေါ်ဂျယ်စီကာ ၁၂/မဂတ(နိုင်)၀၉၈၁၁၇၊ အမှတ်၁၀၂၈၊ (၁၄၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းက ဂရန်သစ်ထုတ်ပေးရန် လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုပါက သတင်းစာကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



သစ်တောသစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

ဝမ်းနည်းကြေကွဲခြင်း
ဦးဇော်မင်းသက်
B.E (Mechanical) 1991
Service Engineer
(Daikin Air Conditioner)
အသက်(၅၀)

ဦးဇော်မင်းသက်သည် ၅-၇-၂၀၁၂ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလှသောင်းဦး
RACE Engineering Group

ဝမ်းနည်းကြေကွဲခြင်း
ဦးကြည်ခင်(မြိတ်) အသက်(၉၃)နှစ်
ဒုတိယအင်ဂျင်နီယာချုပ် (မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ငြိမ်း)
ကန်တော့ခံသက်ကြီးစာပေပညာရှင် (ကြည်ခင်-လျှပ်စစ်ဓာတ်အား)

ဒေါက်တာမျိုးခင်(ခေတ္တညွှန်ကြားရေးမှူးချုပ် DMR, LM)-ဒေါက်တာခင်မေဦး(ညွှန်ကြားရေးမှူး၊ ကျွမ်းကျင်၊ DMR,LM)တို့၏ဖခင် ဦးကြည်ခင် အသက်(၉၃)နှစ်သည် ၂-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာခင်ဖြူဖြူ(ညွှန်ကြားရေးမှူး)
ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)၊ ပြင်ဦးလွင်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်အမာ
အသက်(၈၈)နှစ်

ပါမောက္ခ ဒေါက်တာဦးညွန့်ဝင်း-ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်အမာ အသက်(၈၈)နှစ်သည် ၅-၇-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၁၀း၁၅နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်း(နေအောင်ကုမ္ပဏီ)-
အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း
(ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး)

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းအောင် (မုံရွာ)
အသက်(၈၁)နှစ်

မုံရွာမြို့နေ ဒေါ်သန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးတိုက်အောင်-ဒေါ်ခင်စန်းဝင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်မိုးဆက်တိုက်အောင်၏ ချစ်လှစွာသောဘိုးဘိုး ဦးသိန်းအောင် အသက်(၈၁)နှစ်သည် ၆-၇-၂၀၁၂ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်း(နေအောင်ကုမ္ပဏီ)
အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း
(ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဆီး(ခ)ဒေါ်ကျင်စွမ်
(လွင်နှင့်စွမ်း၏မိခင်ကြီး)
အသက်(၈၁)နှစ်

မိဘသဖွယ် ကျေးဇူးကြီးမား လေးစားရပါသော အန်ကယ် ဦးကြောင်စုံ(ခ)ဦးတင့်လွင်၏ချစ်လှစွာသောဇနီး ဒေါ်ဆီး(ခ)ဒေါ်ကျင်စွမ်သည် ၂၉-၆-၂၀၁၂ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်မြတ်ထွဋ်နှင့်ဇနီး ဒေါ်ဆွေဆွေအေး မိသားစု

ဒေါ်ကြည်ကြည်စံ (ဆရာမကြီး၊ ငြိမ်း)
"စံ" အဆင့်မြင့်ဆီစက်၊ မြစ်သားမြို့
အသက်(၆၃)နှစ်

မြစ်သားမြို့၊ ဝေဇယန္တာလမ်း၊ အမှတ် ရပ/၁၅၇နေ ဦးစံ-ဒေါ်စိမ်းတို့၏ သမီးကြီး၊ ဦးအေးကြူ(တရားလွှတ်တော်ရှေ့နေကြီး)၏ဇနီး၊ ဦးခင်ထွန်း-ဒေါ်အေးအေး၊ ဦးကျော်လွင်-ဒေါ်ခင်အုန်းရီ၊ ဦးအေးနိုင်-ဒေါ်တင်တင်စိန်တို့၏အစ်မ၊ ဦးထက်အောင်(လ/ထညွှန်ကြားမှူး၊ ဘဏ္ဍာ/အခွန်)-ဒေါ်ငြိမ်းငြိမ်းအိ၊ ဦးသိန်းထွန်းအောင်-ဒေါ်မွန်မွန်ကြူ(လွင်ဆန်စက်)၊ ဦးဘိုဘိုဟန်ကြူ(အထက်တန်းရှေ့နေ)တို့၏မိခင်၊ မောင်လင်းသူရ၊ မောင်ထူးဒီပါ၊ မောင်ဇဝနထွန်း၊ မောင်သုတစံ၊ မနှင်းခေမာလွင်တို့၏အဘွားသည် ၇-၇-၂၀၁၂ရက် (စနေနေ့) ည ၁၁နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၂ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် မြစ်သားမြို့ တရုတ်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကြည်ကြည်စံ (ဆရာမကြီး၊ ငြိမ်း)
"စံ" အဆင့်မြင့်ဆီစက်၊ မြစ်သားမြို့
အသက်(၆၃)နှစ်

သူငယ်ချင်း ဦးထက်အောင်(လ/ထညွှန်မှူး၊ ဘဏ္ဍာ/အခွန်)-ဒေါ်ငြိမ်းငြိမ်းအိတို့၏မိခင် ဒေါ်ကြည်ကြည်စံ အသက်(၆၃)နှစ်သည် ၇-၇-၂၀၁၂ရက်(စနေနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ်(၃၇)မှ
သူငယ်ချင်းများနှင့် မိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးဝေဇာထွန်း (ကြည်း-၃၃၄၁၂)သည် ၂၈-၆-၂၀၁၂ရက် ညနေ ၄နာရီတွင် ကျိုင်းတုံမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

D.S.A (43) သံချပ်ကာမှ
သူငယ်ချင်းများ

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဒေါ်ကျင်မှန်
အသက်(၉၆)နှစ်

အမှတ် ၆၃၊ ဂုဏ္ဍာသာယလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့နေ (ဦးကုဆိုင်-ဒေါ်ပန်းလှိုင်)တို့၏သမီး၊ (ဦးမောင်စိန်)၏ဇနီး၊ ဦးကြည်ညွန့်-ဒေါ်ရီရီလွင်၊ ဒေါ်စမ်းတင့်(လယ်/ပြ-ငြိမ်း၊ အထက-၁၀၊ တာမွေ)၊ ဦးမျိုးမြင့်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ငြိမ်း)-ဒေါ်သန်းရီ(အစိုးရအဖွဲ့ရုံး၊ငြိမ်း)၊ ဦးကျော်ညွန့်(R/O)-ဒေါ်ဝင်းဝင်း(ထွေ/အုပ်၊ငြိမ်း)တို့၏မိခင်၊ ဒေါ်အေးအေးသွယ်၊ ဦးရဲထွဋ်လွင်(E/O PIL Shipping Co., Ltd.)-ဒေါ်နီနီအောင်၊ ဒေါ်ဆွေဇင်လတ်၊ ဒေါ်ယုယုမွန်(ခေတ္တ-စင်ကာပူ)၊ ဒေါက်တာမင်းဗညားစိုင်းမွန်-ဒေါ်နုနုအေး(MIP)၊ ဒေါ်ဝင့်သီရိကျော်၊ ဗိုလ်ကြီးမျိုးဝင့်ကျော်(တပ်မတော်ဆေးတက္ကသိုလ်)၊ ဒေါ်အိအိခိုင်(MIP)တို့၏အဘွားသည် ၇-၇-၂၀၁၂ရက်(စနေနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၂ရက်(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ငြိမ်း (ဖွားငြိမ်း)
အသက်(၉၂)နှစ်

ရန်ကုန်မြို့နေ (ဦးဖိုးတုံ-ဒေါ်ငွေကိုင်)တို့၏သမီး၊ တိုက် ၅၊ အခန်း ၁၄၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ်နေ(ဦးစိန်မောင်၊ ဒု-အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ အထွေထွေမန်နေဂျာ၊ မြန်မာ့ရှေ့ဆောင်ဘဏ်)-ဒေါ်မြစိန်တို့၏မိခင်၊ ဦးအောင်ကျော်စိုး(ဒု-အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)-ဒေါ်ခင်ချိုဦး(ဒု-အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)၊ ဦးဖေမော်သင်း (Myanmar Payment Union)-ဒေါ်သင်းသင်းဆွေ၊ (ဒေါ်ခင်ခင်အောင်)၊ ဒေါ်သန်းသန်းဆွေ(ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဦးသန့်ဇင်ထူး(မြန်မာ့ရှေ့ဆောင်ဘဏ်)-ဒေါ်စန်းစန်းမြင့်တို့၏အဘွား၊ မစိုးစန္ဒီဦး 3rd MB ဆေး(၁)၊ မောင်ခန့်ဗညားမော် 1st MB ဆေး(၁)၊ မစိုးသိမ့်သိမ့်ဦး၊ မချမ်းမြေ့ခင်၊ မောင်ဇာနည်သန့်ဇင်၊ မောင်မြင့်မြတ်သန့်ဇင်တို့၏ဘွားဘွားကြီးသည် ၇-၇-၂၀၁၂ရက်(စနေနေ့)ည ၈း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၉-၇-၂၀၁၂ရက်(တနင်္လာနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရွှေဂုံရိပ်မွန်နေအိမ်နှင့် စမ်းချောင်းမြို့နယ်၊ ကံ့ကော်လမ်းထိပ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်မိသားစု

ဒေါ်တင်လေး
အသက်(၇၁)နှစ်

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၄)၊ ရတနာလမ်း၊ အမှတ် ၈နေ (ဦးစိန်ထွန်းရီ)၏ဇနီး၊ (ဒုရဲအုပ်ဒေါ်ခင်ဝင်းကြည်၊ ပြင်ဦးလွင်မြို့)၊ ဒုရဲမှူးရီထွန်းသန်း(စစ်တွေမှူးယစ်အဖွဲ့)၊ (ကိုကြည်ထွန်းသန်း)၊ ကိုအောင်အောင်-မစန်းဝင်းကြည်၊ မတင်ဝင်းကြည်တို့၏မိခင်၊မသက်သက်ခင်ဦး၊ မောင်ကောင်းမြတ်သော်၊ မဇွန်ဝတီ၊ မောင်သီဟအောင်၊ မောင်ဟိန်းထက်အောင်တို့၏အဘွားသည် ၆-၇-၂၀၁၂ရက် (သောကြာနေ့)နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၂နာရီတွင် ကြာကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးလှသိန်း (ကျိုက်လတ်၊ ညောင်ချောင်း)
နည်းပြ(ငြိမ်း)၊ စက်မှုလက်မှုသိပ္ပံ (ပြည်၊ အင်းစိန်)
Senior Licensed Building Engineer & Structural Engineer (Y.C.D.C)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် ၁၃၂၊ မြေညီ(ဝဲ)နေ (ဦးကြင်-ဒေါ်မြညွန့်)တို့၏သား၊ (ဦးသိန်း-ဒေါ်သန်းတင်)တို့၏သားသမက်၊ ဒေါ်အုံးပိုင်၏ခင်ပွန်း၊ ဒေါ်နွယ်နွယ်ဦး(အထက-၁၊ လှိုင်သာယာ)၊ ဦးစောဆန်းထွဋ်အောင်(Senior Licensed Engineer Y.C.D.C)-ဒေါ်အေးအေးသိန်း(Asia World Co., Ltd.)၊ ဦးသိန်းဇော်-ဒေါ်မူမူသိန်း(ယွန်းသီရိလှဝတ်စုံ)၊ ဒေါက်တာရွှေသန်းထွဋ်(ကင်ဆာရောဂါအထူးကု၊ စစ်တွေပြည်သူ့ဆေးရုံကြီး)-ဒေါက်တာယုယုသိန်း(အဖွဲ့ခေါင်းဆောင်၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်တိုက်ဖျက်ရေးစီမံကိန်း၊တောင်ငူမြို့)၊ ဦးဇော်မင်းသိန်း(E/O Monsoon Maritime)-ဒေါ်ခင်ဆွေအေး(K & K Baby Wear)တို့၏ဖခင်၊ မောင်ကောင်းမြတ်သျှန်(Grade-IV, F၊ အလက-၁၊ ဒဂုံ)၊ မဆုရတီထွဋ်(Grade-I, A၊ အထက-၁၊ ဒဂုံ)၊ မောင်ဇေမြတ်ပိုင်တို့၏အဘိုးသည် ၇-၇-၂၀၁၂ရက်(စနေနေ့) ည ၁၁း၂၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၂ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း
ဒါယကာကြီး
ဦးတင်အောင်ကြည်(ခ) ဦးထိန်ဟို
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
စက်မှု(၁)
အသက်(၇၆)နှစ်

ထားဝယ်မြို့နေ(ဦးကြည်ရွှေ-ဒေါ်သန်းမာ)တို့၏သား၊ မုဒုံမြို့နေ (ဦးပါ-ဒေါ်ကျင်တီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ F.M.I City ၊ ရွှေစပါယ် ၃လမ်း၊ အမှတ် F-35 နေ ဒေါ်သန်းသန်းငွေ၏ခင်ပွန်း၊ ကိုဟိန်းထက်အောင်၊ မအိကေခိုင်-ကိုဆန်းဝင်း၊ မယမင်းကေခိုင်-ကိုအောင်ချိုထွန်းတို့၏ဖခင်၊ မမေအိန္ဒြေစိုး၊ မောင်သိဒ္ဓိစိုးတို့၏အဘိုးသည် ၈-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့) နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၂ရက်(စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးအောင်ခင်
မြန်မာ့လက်ရွေးစင်ဘော်လီဘော
အားကစားသမားဟောင်း
အတွင်းရေးမှူး၊ဘော်လီဘောမိသားစု
လူမှုရေးအသင်း
အသက်(၅၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့၊ မြွေပွေးကုန်းကျေးရွာနေ (ဦးသိန်းလှိုင်-ဒေါ်သောင်းလှ)တို့၏သား၊ (ဦးမောင်မောင်)-ဒေါ်ခင်ခင်တို့၏သားသမက်၊ ဦးမြင့်သန်း-ဒေါ်ခင်မူ၊ ဦးမြင့်ဝေ-ဒေါ်ခင်သန်းချိုတို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၂ရပ်ကွက်၊ အမှတ် ၁၆၉နေ ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊ မစောလှနွယ်၊ မမေသူခိုင်(အထက-၂၊ သဃ်္ဃန်းကျွန်း)တို့၏ဖခင်၊ တူ၊ တူမ ၁၅ ယောက်တို့၏ဘကြီးသည် ၈-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၂ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၂ရက်(စနေနေ့)နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကျောက်ဖြူအသင်း
ဒေါ်ရွှေဘုံ
ရမ်းဗြဲမြို့၊ ကျောက်နီမော်)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊လက်ဝဲမင်းဒင်လမ်း၊အမှတ် ၈၇၇နေ (ဦးသာဝင်း-ဒေါ်စိန်နု)တို့၏သမီး၊ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နေ (ဦးဘိုးဦး၊ ဦးဘိုးလွင်၊ ဦးရွှေထီး၊ ဒေါ်ရွှေအုံ)တို့၏ညီမ၊ [ဦးရွှေပြည့်၊ ဦးရွှေတိုက်(ခ)ဦးစန္ဒိမာ]တို့၏အစ်မ၊ ဦးဝိုကြွင်းအောင်-ဒေါ်ရွှေယဉ်ဦး၊ (ဦးမြင့်အောင်)၊ ဦးညီလှ-ဒေါ်မညို၊ ဦးဝိနယ၊ ဒေါ်အေးအေးခိုင်၊ (မောင်စိုးလွင်)တို့၏မိခင်၊ မြေး ၁၀ယောက်၊မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၈-၇-၂၀၁၂ရက် နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၂ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[နေအိမ်နှင့်အသင်းမှကားများ(ရွှေဗဟိုရပ်ရှင်ရုံထိပ်မှ) မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဒေါ်မြမေ
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
မိုး/ဇလ
အသက်(၈၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ဇင်ယော်လမ်းနေ (ဦးမောင်မောင်-ဒေါ်သိန်း)တို့၏သမီး၊ (ဦးလှမြင့်၊ ဒု/ညွှန်မှူး၊ မိုး/ဇလ၊ ငြိမ်း)၏ဇနီး၊ ဦးကျော်လှမြင့်-ဒေါ်သန်းသန်းငွေ၊ ဦးဇော်လှမြင့်-ဒေါ်သီသီဆွေ၊ ဦးအောင်ကျော်မြ-ဒေါ်ချိုလှမြင့်၊ ဒေါက်တာတင်မောင်အေး - ဒေါက်တာခိုင်လှမြင့်၊ ဦးသိန်းမိုးအောင်-ဒေါက်တာနွယ်လှမြင့်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၈-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၂ရက် မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးအေးကြူ
ကုန်သွယ်/လယ်ယာ(ငြိမ်း)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် ၄၈/ခြောက်လွှာ(ခြေရင်း)နေ(ဦးအောင်သန်း-ဒေါ်မသောင်း)တို့၏သား၊ ဦးအောင်မြတ်-(ဒေါ်လေးကြည်)တို့၏ညီ/မောင်၊ ဒေါ်မြညွန့်-(ဦးချစ်ငွေ)၊ ဦးရှိန်-ဒေါ်ခင်တီ၊ ဦးငွေဝင်း-ဒေါ်သန်းငွေ၊ဦးမြင့်ကြိုင်-ဒေါ်သိန်းသိန်း၊ကိုကျော်ဝင်းတို့၏အကို၊ဒေါ်စမ်းစမ်းအေး၊ကိုကျော်မင်းဦး(Uniteam Co.,)-မနီလာလွင်တို့၏ဖခင်၊ ရှင်ဝတီလွင်၊ ခန့်မင်းထည်တို့၏အဘိုးသည် ၇-၇-၂၀၁၂ရက်(စနေနေ့)ည ၉း၂၀နာရီတွင် မဟာမြိုင်အထူးကုဆေးရုံ၌ကွယ်လွန်သွားပါ၍ ၉-၇-၂၀၁၂ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၂ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်နှင်းမြင့်
(တ/ဒဂုံ၊ အောင်ဇေယျအိမ်ရာ)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ ရတနာသိင်္ခလမ်း၊ တိုက်အမှတ် ၄၄၊ အခန်းအမှတ် ၀၀၆၊ အောင်ဇေယျအိမ်ရာနေ(ဦးသန်း-ဒေါ်ရီ)တို့၏သမီး၊ (ဦးငွေဝင်း)၏ဇနီး၊ [ကိုသဲမောင်မောင်ဝင်း(ခ)ကိုသဲ]-မတင့်ဦးဝေတို့၏မိခင်၊ မသဒ္ဒါစိမ်းစမ်း၏အဘွားသည် ၅-၇-၂၀၁၂ရက်(ကြာသပတေးနေ့)နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၂ရက်(စနေနေ့)ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော်ဘဒ္ဒန္တဓမ္မိက
(သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ရွှေနားပန်ဘုရားဂေါပကအဖွဲ့ ဩဝါဒါစရိယ)
သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဓ/တောင်ရပ်ကွက်၊ ဓမ္မိကာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မိက အရှင်သူမြတ်သည် (၁၃၇၄ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၄ရက်) ၇-၇-၂၀၁၂ရက်(စနေနေ့)ည ၁၁း၄၅နာရီ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၄ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၆ရက်) ၉-၇-၂၀၁၂ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌အန္တိမအဂ္ဂိစျာပနပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့်တကွ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။ (ကျောင်းမှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

တပည့်သံဃာတော်များနှင့်ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးသန်းရွှေ (မြို့သစ်/နတ်မောက်)(ခ) ဦးကေတုသာရ (ဖားအောက်တောရ)
သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၅)ဝါ

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်နေ(ဦးဘညွန့်-ဒေါ်တင်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၂-ခ)ရပ်ကွက်၊ ဆရာစံလမ်းနေ ဒေါ်တာတာ၏ခင်ပွန်း၊ ဗိုလ်မှူးကျော်ကျော်(ငြိမ်း)(CEO, Air-Mandalay)-ဒေါ်ချိုချိုခိုင်(MD. Hlaine Tet Group Ltd.)၊ ဦးဖေဇော်(Director, Hlaine Tet Group Ltd.)-ဒေါ်သန်းသန်းအေး၊ ဗိုလ်ကြီးအုန်းငွေ(ငြိမ်း) (စက်ရုံမှူး၊ ကြွေ/မြေ)-ဒေါ်နီနီလှိုင်၊ ဦးသန့်ဇင်(Director, P.F Travels)-ဒေါ်အေးသီတာတို့၏ဖခင်၊ မြေး၁၂ယောက်တို့၏အဘိုးသည် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၁-က)ရပ်ကွက်၊ ကံသုံးဆင့်ပဋ္ဌိယတ္တိစာသင်တိုက်တွင် ခေတ္တသီတင်းသုံးတော်မူစဉ် ၈-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့) နံနက် ၂နာရီ၌ ပန်းလှိုင်ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၀-၇-၂၀၁၂ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနသဘင် ပြုလုပ်မည်ဖြစ်ပါကြောင်း အကြောင်းကြားပါသည်။ [မင်္ဂလာဒုံမြို့နယ်၊ ဆရာစံလမ်း၊ (၁-က)ရပ်ကွက်၊ ချစ်တီးကုန်းရပ်၊ ကံသုံးဆင့်ပဋ္ဌိယတ္တိစာသင်တိုက်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးမောင်တုတ်
အသက်(၇၀)

မကွေးတိုင်းဒေသကြီး၊ရေနံချောင်းမြို့၊ ဆားတိုင်းကျေးရွာနေ (ဦးအောင်ကြီး-ဒေါ်မြစိန်)တို့၏သား၊ (ဦးကျော်သိန်း)-ဒေါ်ခင်ကြည်တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ပတ္တမြား ၃လမ်း၊ အမှတ် ၁၁၀၂ နေ ဒေါ်သန်းသန်း၏ခင်ပွန်း၊ ဦးအေးလွင်-ဒေါ်ခင်မီ၊ ဒုတိယဗိုလ်မှူးကြီး စိုးတင့်-ဒေါ်မြတ်သီတာအေး၊ ဦးကျော်စိုး-ဒေါ်အေးအေးပွင့်၊ ဦးမြတ်ဘုန်းမြင့်-ဒေါ်စပယ်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဦးမြတ်သွင်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၇-၇-၂၀၁၂ရက်(စနေနေ့) နံနက် ၁း၁၅နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါ၍ ၉-၇-၂၀၁၂ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မာမာသန်း (ရေကြည်မြို့)
(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)
အသက်(၅၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ရေကြည်မြို့၊ ဗထူးရပ်ကွက်၊ ၂လမ်းနေ (ဦးသန်းရွှေ-ဒေါ်သန်းရီ)တို့၏သမီး၊ (ဦးသိန်းဟန်-ဒေါ်ခင်ရီ)တို့၏သမီးချွေးမ၊ ဦးအောင်ဇော်ဇော်၏ဇနီး၊ ဦးလှမြင့်-ဒေါ်ချိုချို၊ ဦးအောင်ကျော်ကျော် - ဒေါ်မြင့်မြင့်စိန်တို့၏ညီမ၊ ဦးဇော်သန်း-ဒေါ်သန်းသန်းဝင်း တို့၏အစ်မ၊ မထက်ဝင့်ရည်၊ မောင်ထူးခိုင် - မဇွန်လဲ့သော်တို့၏မိခင်သည် ၂-၇-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၉း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေကြည်မြို့ တောင်လယ်သုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါက်တာမြင့်အောင်ကို(မြိတ်)
အသက်(၅၅)နှစ်

မြိတ်မြို့နေ (ဦးစွန်ဟွပ်-ဒေါ်ပို့)တို့၏သားကြီး၊ ရန်ကုန်မြို့နေ ဦးသိန်းအောင်-(ဒေါ်ဂင်စီ)တို့၏သားသမက်၊ အမှတ် ၂၇၈၊သိမ်ဖြူလမ်း၊ဗိုလ်တထောင်မြို့နယ်နေ ဒေါက်တာယုယုဝေ၏ခင်ပွန်း၊ မောင်ကျော်ပြည့်စုံ[ပနစ်၊ ဆေးတက္ကသိုလ်(၁)]၊ မမေပွင့်ဖြူ၊ မောင်ဟိန်းဝေယံတို့၏ဖခင်၊ ကိုဖိုးတုတ်၊ မစန်းစန်းရီ၊ မရီရီစန်း၊ မစန်းစန်းယု၊ မစန်းစန်းနွဲ့၊ မကြူကြူဝေတို့၏အစ်ကိုကြီး၊ ဒေါ်ယုယုဆွေ-ဦးတင်ကိုကို၊ မယုယုခိုင်တို့၏အစ်ကိုသည် ၇-၇-၂၀၁၂ရက်(စနေနေ့)ည ၆း၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၉-၇-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ် ဒါယကာကြီး
ဦးချစ်ထွန်း (ထန်းတပင်)
(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)
အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ထန်းတပင်မြို့၊ အမှတ်(၂)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် ၁၂၈နေ (ဦးသူတော်-ဒေါ်သိန်းဥ)တို့၏သား၊ (ဦးမောင်ကျော်-ဒေါ်အေးကြိုင်)တို့၏သားသမက်၊ ကိုသန်းဝင်းဦး-မကလျာစော (အထက၊ ထန်းတပင်)၊ ကိုအောင်နိုင်ထွန်း [အုပ်ချုပ်ရေးမှူး၊ (၂)ရပ်ကွက်]-မတင်မိုးနွယ်၊ကိုတင်နိုင်ထွန်း-မစန်းစန်းလှ၊ကိုကျော်ဇင်ထွန်း(Gunkul Engineering Co., Ltd)- မနှင်းနုနုဝေ၊ ကိုအောင်ကြည်သာ - မဇာခြည်ထွန်း (အမက-၄၊ ထန်းတပင်)တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုး၊ ဒေါ်ခင်သန်းညို၏ခင်ပွန်းသည် ၇-၇-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၁း၃၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၉-၇-၂၀၁၂ရက်(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ထန်းတပင် မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစိုင်းခမ်းလိတ် (လားရှိုး)
အသက်(၆၈)နှစ်

လားရှိုးမြို့၊ ခ/၇(၁၈၀)၊ ဗိုလ်ချုပ်လမ်း၊ (၂)ရပ်ကွက်နေ (ဦးခမ်းကြာ-ဒေါ်စမ်ရင်)တို့၏သား၊ ဒေါ်လီလီကြာ၊ (ဦးစိုင်းခမ်းယီ)-ဒေါ်ကြာယုံတို့၏မောင်၊ ဦးစောဂေးဘရယ်လ် - ဒေါ်နန်းရွှေယဉ်၊ ဦးဝင်းအောင်(ဒုညွှန်ချုပ်၊ ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန) - ဒေါ်နန်းဆိုင်ယဉ်၊ ဦးဇော်ထွန်း-ဒေါ်နန်းအုံးယဉ်တို့၏အစ်ကို၊ တူ၊ တူမ ၁၇ယောက်တို့၏ဦးလေးသည် ၇-၇-၂၀၁၂ရက်(စနေနေ့) ည ၇း၃၅နာရီတွင် အမှတ် ၃၃၊ ပန်းဝါလမ်းသွယ်၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၇-၂၀၁၂ရက်(တနင်္လာနေ့)နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကိုကျော်စွာဝင်း
CDC-63239
အသက်(၂၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်၊ တံတားမြို့နယ်ခွဲ၊ ကဒပွန စံပြကျေးရွာနေ ဦးစိန်လှ-ဒေါ်တင်မူတို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နေ ဦးသန်းငွေ-ဒေါ်စန်းတို့၏သားသမက်၊ မအေးအေးမွန်(မ/ဥက္ကလာပ ဆေးရုံ)၏ခင်ပွန်းသည် ဂျပန်နိုင်ငံ Kurosaki ဆိပ်ကမ်း၊M.T Chemhana သင်္ဘောပေါ်တွင်တာဝန်ထမ်းဆောင်ရင်း ၂-၇-၂၀၁၂ရက်(တနင်္လာနေ့) ဒေသစံတော်ချိန် ညနေ ၁၇း၂၂နာရီတွင် ဂျပန်နိုင်ငံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ဂျပန်နိုင်ငံတွင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ R. 488

ကျောင်းသား ကျောင်းသူများ ပညာကိုကြိုးစားပြီး ကျောင်းပျော်၍ စာတော်အောင်သင်ယူ
ဝန်ထမ်းများ နိုင်ငံအပေါ်၊ ဌာနအပေါ် တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် တာဝန်ထမ်းရွက်

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၅၁၇ ဦးအား ထူးချွန်ဆုချီးမြှင့်ပွဲနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၈

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ကြီးရုံးနှင့် ဝန်ကြီးရုံးအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူ ၅၁၇ ဦးအား ထူးချွန်ဆုချီးမြှင့်ပွဲနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများ၊ ပညာသင်ထောက်ပံ့ကြေးများနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ချီးမြှင့်ခြင်းသည် ကျောင်းသားမိဘများ၏ ကျောင်းသား ကျောင်းသူများအတွက် ကုန်ကျမည့်စရိတ်များ သက်သာစေရန် ဝန်ကြီးဌာနအနေဖြင့် တတ်စွမ်းသမျှ ထောက်ပံ့ကူညီပေးခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာကိုကြိုးစားသင်ယူကြပြီး ကျောင်းနေပျော်၍ ကျောင်းစာတော်သောသူများဖြစ်အောင် ကြိုးစားသင်ယူကြရန်နှင့် ဝန်ထမ်းများအနေဖြင့်လည်း ဝန်ကြီးဌာန၏ မိမိတို့အပေါ်ထားရှိသည့် စေတနာကို သိရှိနားလည်ပြီး နိုင်ငံအပေါ်၊ ဌာနအပေါ် တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် တာဝန်ထမ်းရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၁-၂၀၁၂ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၅၁၇ ဦးအား ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးများနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယနေ့အခမ်းအနားတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူ ခုနစ်ဦး၊ ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ၃၁ ဦး၊ လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ၆၈ ဦး၊ သုံးဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူ ၆၆ ဦး၊ နှစ်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူ ၈၁ ဦးနှင့် တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ၂၆၄ ဦး စုစုပေါင်းဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူ ၅၁၇ ဦး ရှိသည်။ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ထူးချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းတို့အတွက် စုစုပေါင်း ငွေကျပ် ၅၆၂၈၃၀၀၀ ပေးအပ်ချီးမြှင့်ခဲ့ပြီး ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၁၀၀၀ ကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့် အဝတ်အထည်များ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၈

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သန်လျင်မြို့ တောကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တအာဒိစ္စ မဟာကျော်ကျောင်းက ငွေကျပ် ၃၀၀၀၀၀ နှင့် သင်္ကန်း အစုံ ၄၀၊ ကွယ်လွန်သူ ဒေါ်မြမြဝင်းအား ရည်စူး၍ ဦးမျိုးအောင် မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးကျော်ဇော-ဒေါ်ဖြူဖြူသိန်း မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးအောင်မွန်သိန်း-ဒေါ်သက်သက်သိန်း မိသားစုက ငွေကျပ် နှစ်သိန်း၊ ဦးကျော်ကျော်-ဒေါ်ခင်စိုးဝင်း မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးဒယ်နီဘွင့်၊ ဒေါ်နီနီသိန်းဘွင့်တို့က ငွေကျပ်တစ်သိန်း၊ ဦးခင်မောင်မြင့်၊ သမီး မအိအိခင် (UA ကျောက်ဖြူ) က ငွေကျပ် သုံးသောင်းနှင့် ထမင်းဘူး တစ်ဘူး၊ ဂဠုန်ဝင်နှလုံးသား ပရဟိတအဖွဲ့က အဝတ်အထည် ရှစ်ထုပ်၊ ဦးမျိုးမြင့်-ဒေါ်လှမြင့် မိသားစုက ငွေကျပ် ငါးသောင်းနှင့် အဝတ်အထည် တစ်ထုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့အထိ အလှူငွေရရှိမှုမှာ ငွေ ၂၃၉၇၈၇၈၁၆ ကျပ် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ရုပ်ရှင်မင်းသမီး နာအိုမီဝပ်စ် ဒိုင်ယာနာအကြောင်း ရုပ်ရှင်ရိုက်ကူး

➤ ကိုသစ္စာ - ရေးသားသည် ➤

လန်ဒန် ဇူလိုင် ၈

သေဆုံးသွားပြီဖြစ်တဲ့ ဝေလမင်းသမီး ဒိုင်ယာနာအကြောင်း ရုပ်ရှင်ကားကို ရုပ်ရှင်မင်းသမီး နာအိုမီဝပ်စ်နဲ့ ရိုက်ကူးကာ ၂၀၁၃ ခုနစ်မှာ ရုံတင်ပြသနိုင်အောင် ကြိုးစားနေပြီဖြစ်တယ်လို့ ဇူလိုင် ၈ ရက်က သက်ဆိုင်ရာက သတင်းထုတ်ပြန်ပါတယ်။ ဒီရုပ်ရှင်ကားမှာ ဒိုင်ယာနာအဖြစ် အင်္ဂလန်ရုပ်ရှင်မင်းသမီး နာအိုမီဝပ်စ်က ပါဝင်သရုပ်ဆောင်ထားပြီး အဲဒီရုပ်ရှင်ရဲ့ ဇာတ်ဝင်ခန်းအချို့မှာ ဒိုင်ယာနာအဖြစ် သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်မင်းသမီးနာအိုမီဝပ်စ် **(အပေါ်ပုံ)**ရဲ့ ဓာတ်ပုံတွေကိုလည်း အင်တာနက်မှာ ဖော်ပြလိုက်ပြီ ဖြစ်ပါတယ်။ ဒီဇာတ်ကားကို အီကိုဆီရုပ်ရှင်ကုမ္ပဏီက ရိုက်ကူးထုတ်လုပ်တာဖြစ်ပြီး ဝေလမင်းသမီး ဒိုင်ယာနာရဲ့ ဘဝအကြောင်းတွေကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားတာဖြစ်ပါတယ်။ ကမ္ဘာမှာ အထင်ကရဖြစ်စေခဲ့တဲ့ ဒိုင်ယာနာနေရာ ပါဝင်သရုပ်ဆောင်ရတာဟာ ဂုဏ်ယူဝမ်းမြောက်စရာကောင်းပါတယ်လို့ ရုပ်ရှင်မင်းသမီး နာအိုမီဝပ်စ်က ပြောကြားနေပါတယ်။

စာမျက်နှာ ၇ ကော်လံ ၄ ✳

နာဆာမှ စေလွှတ်ထားသည့် ကာရို့စ်စီတီယာဉ် အင်္ဂါဂြိုဟ်မျက်နှာပြင်သို့ ဆင်းသက်မည်

အာကာဟိန်း - ရေးသားသည်

နယူးယောက် ဇူလိုင် ၈

နာဆာမှ စေလွှတ်ထားသည့် ကာရို့စ်စီတီအမည်ရှိ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်သို့ လာမည့် ဩဂုတ် ၅ ရက်၌ ဆင်းသက်ရန် စီစဉ်ထားကြောင်း၊ ဩဂုတ် ၅ ရက်တွင် မဆင်းသက်နိုင်ပါက ဩဂုတ် ၆ ရက် နံနက်၌ ဆင်းသက်နိုင်မည်ဖြစ်ကြောင်း နာဆာမှ ဇူလိုင် ၈ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)** အဆိုပါ အင်္ဂါဂြိုဟ်မျက်နှာပြင်ဆင်းယာဉ်ကို နာဆာက ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင်

စာမျက်နှာ ၇ ကော်လံ ၃ ●

တင်သွင်းလာသည့်ကားအသစ်များနှင့် အပိုပစ္စည်း

သတင်းနှင့်ဓာတ်ပုံ ဇင်ကိုကိုထက်

ရန်ကုန် ဇူလိုင် ၈

ပြည်တွင်းသို့ ယာဉ်အသစ်များ တင်သွင်းခွင့်ပြုပြီးနောက်ပိုင်း ရန်ကုန်မြို့နှင့် အခြားသော မြို့ကြီးများတွင် ကားအသစ်များကို ဥဒဟို တွေ့မြင်လာရပြီဖြစ်သည်။ ***(အပေါ်ပုံ)***

တစ်ချိန်တစ်ခါကမျှ မကြားဖူးခဲ့ရသည့် စျေးနှုန်းများဖြင့် ကားအမျိုးအစားအဖုံဖုံ၊ ကားပုံစံအစုံစုံဖြင့် စီးနေကြသည်မှာ ရှုမြင့်၍ကြာတင့်သည့်ပမာ အားကျကျေနပ်စရာကောင်းလှသည့် မြင်ကွင်းတစ်ရပ်ပင်ဖြစ်ပါသည်။ "ဩော်-ကောင်းလေစွ" ဟု ကားစီးနိုင်သူများအပေါ် မုဒိတာပွားမိပါသည်။

သို့သော်. . . . မရှိခင်တုန်းက တောင့်တခဲ့ကြသလို ယခုရှိပြန်တော့လည်း ကြောင့်ကြရပြန်ပါသည်။

စာမျက်နှာ ၉ ကော်လံ ၅ ▲

ကမ္ဘာ့ကျော်တင်းနစ်မောင် ရော်ဂျာဖက်ဒရား ဝင်ဘယ်ဒန်ဖလားကို (၇)ကြိမ်မြောက်ဆွတ်ခူး

မြင့်မောင်စိုး - ရေးသားသည်

လန်ဒန် ဇူလိုင် ၈



အမျိုးသား တစ်ဦးချင်း ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင် ၈ ရက် ညပိုင်းက လန်ဒန်မြို့၌ ကျင်းပရာ ကမ္ဘာ့ကျော်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒရားက ဗြိတိန်နိုင်ငံသား အင်ဒီမာရေးကို အနိုင်ရပြီး ချန်ပီယံဆုဖလားကြီးကို ထိုက်တန်စွာ ဆွတ်ခူးသွားခဲ့သည်။ **(ယာပုံ)**

ဗြိတိန်နိုင်ငံသား အင်ဒီမာရေးကို အိမ်ရှင်ပရိသတ်များက တစ်ခဲနက်

စာမျက်နှာ ၇ ကော်လံ ၅ ❖

မှတ်သားဖွယ်ရာ မိုးရေချိန် ၈-၇-၂၀၁၂

ပူတာအိုမြို့	၅ ဒသမ ၀၄ လက်မ
အမ်းမြို့	၅ ဒသမ ၁၀ လက်မ
သိမ်ဖြူမြို့	၄ ဒသမ ၄၅ လက်မ
တောင်ကုတ်မြို့	၄ ဒသမ ၃၇ လက်မ
မောင်တောမြို့	၃ ဒသမ ၉၃ လက်မ
သံတွဲမြို့	၃ ဒသမ ၇၈ လက်မ

9-7 (20).pmd 1 7/9/2012, 2:43 AM